# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအား ဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက် | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၀၉၉)

## ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ် လာရောက်မည်

နေပြည်တော် ဇန်နဝါရီ ၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင်သည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်မှ ၈ ရက်အထိ မြန်မာနိုင်ငံသို့ အလုပ်သဘော ခရီးစဉ်လာရောက်မည် ဖြစ်သည်။

ခရီးစဉ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များအကြား နှစ်နိုင်ငံဆွေးနွေးပွဲတစ်ရပ် ကျင်းပပြုလုပ်မည်ဖြစ်ပြီး နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များအပြင် အာဆီယံအပါအဝင် ဒေသဆိုင်ရာအကျိုးတူကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်သွားမည်ဖြစ်သည်။ သတင်းစဉ်



ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်
ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တပ်မတော်ဆေးရုံ၊ ဆေးတပ်ရင်းများအနေဖြင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်အထိ ဒေသခံတိုင်းရင်းသားပြည်သူ သုံးသိန်း နှစ်သောင်းကျော်အား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးကဏ္ဍမြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့

နေပြည်တော် ဇန်နဝါရီ ၆

အာရောဂျံ ပရမံ လာဘံ ဟူသည့်စကားနှင့်အညီ ကျန်းမာရေးကောင်းမွန်ခြင်းသည် လူတိုင်းအတွက် လာဘ်ကြီးတစ်ပါးဖြစ်ပြီး ကျန်းမာရေးကောင်းမွန်မှသာ လူမှုရေး၊ စီးပွားရေး၊ စားဝတ်နေရေး၊ ပညာရေး စသည်တို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ “ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည် ဟူသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မူဝါဒလမ်းညွှန်ချက်နှင့်အညီ တပ်မတော်အနေဖြင့် အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေသည့်အပြင် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များဖြစ်သည့် ကျန်းမာရေး၊ သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း ခေတ်အဆက်ဆက်တွင် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ➡



**ယနေ့ ဖတ်စရာ**

၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း — ဥပဒေပြဋ္ဌာန်း | စာ - ၃

နှစ်နှစ်ကြာမြင့်လာပြီဖြစ်သည့် ကိုဗစ် -၁၉ ကပ်ရောဂါ — နိုင်ငံတကာရေးရာ | စာ - ၁၄

ဒီပဲယင်းမြို့နယ်၌ နွေစပါးစိုက်မည့် တောင်သူများအား ယူရီးယားဓာတ်မြေဩဇာများ ဖြန့်ဖြူးရောင်းချ — ပြည်တွင်းသတင်း | စာ - ၂၁

မြန်မာ့အလင်း

# ညီညာမှ ပြည်သာမည်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် စီးပွားရေးသည် အရေးပါသော်လည်း နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုကသာ အရင်းခံကျသည်ဟု ပညာရှင်တို့က မိန့်ဆိုသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် လိုအပ်သော နိုင်ငံရေးအခြေအနေများ ဖွံ့စည်းဖြစ်ပေါ်လာခြင်းက နိုင်ငံရေးဖွံ့ဖြိုးတိုးတက်ခြင်းပင်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သော ကမ္ဘာ့နိုင်ငံကြီးများနှင့်မတူသောအချက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အားအနည်းဆုံးနယ်ပယ်သည် အရေးအကြီးဆုံးဖြစ်သော နိုင်ငံရေးနယ်ပယ်ပင်ဖြစ်နေကြောင်းဖြင့်လည်း ပညာရှင်များက ပြောကြသည်။

ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်စေသည့် အကြောင်းတရားများတွင် အမျိုးသားစုစည်းမှု (national integration) နှင့် ပြည်သူတို့၏ လူမှုရေးစည်းကမ်း (social discipline) ထိန်းသိမ်းမှုတို့က အရေးပါသည်။ အမျိုးသားစုစည်းမှုဟုဆိုရာတွင် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ခြင်း၊ နိုင်ငံတော်အတွင်း နိုင်ငံတော်အာဏာရပ် ထိရောက်ပျံ့နှံ့ခြင်း၊ ခေါင်းဆောင်နှင့်ပြည်သူ တစ်သားတည်းရှိခြင်း၊ နိုင်ငံ၏အရေးအရာတွင် ပြည်သူများက စိတ်ရောကိုယ်ပါပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူများ လူမှုရေးစည်းကမ်းထိန်းသိမ်းလိုက်နာခြင်းတို့ အားလုံးပါဝင်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပြည်သူကို ဦးဆောင်စည်းရုံးခြင်း၊ ပြည်သူများအား အစွမ်းအစထုတ်၍ ကြိုးပမ်းနိုင်ရန်အတွက် အခြေအနေနှင့် အခွင့်အလမ်းများကို ဖန်တီးပေးခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်သူများ တစ်ခဲနက် ပါဝင်လာစေနိုင်မည့် ထိရောက်သော အဆောက်အအုံများ ဖွဲ့စည်းပေးခြင်းနှင့် မှန်ကန်သောမူဝါဒများ ချမှတ်ပေးခြင်းတို့ကို နိုင်ငံ၏ခေါင်းဆောင်များက ဆောင်ရွက်ပေးကြရမည်ဖြစ်ပြီး ခေါင်းဆောင်ကိုယ်တိုင်ကမူ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြင်းပြသော စိတ်အားထက်သန်မှု ရှိနေရမည်ဖြစ်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့လုပ်ဆောင်ရမည့် နိုင်ငံရေးလုပ်ငန်း၏ ဗဟိုချက်အဖြစ် သတ်မှတ်ထားရမည်ဖြစ်သည်ဟုလည်း နိုင်ငံဖွံ့ဖြိုးရေးတို့ကို အထူးပြုလေ့လာသည့် သုတေသီတို့က ဆိုသည်။

"တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားတဲ့ တာဝန်ဝတ္တရားများနဲ့အညီ နိုင်ငံတော်ရဲ့အကျိုး၊ တိုင်းရင်းသားပြည်သူလူထုရဲ့အကျိုးကိုသာ အစဉ်ရှေးရှုဆောင်ရွက်ပေးနေတာပဲဖြစ်ပါတယ်။ နိုင်ငံတော်ကြီး ပိုမိုတည်ငြိမ်အေးချမ်းပြီး သာယာဝပြောဖို့နဲ့ စားရေရိက္ခာဖူလုံစေဖို့တို့အတွက် ကျွန်တော်တို့အစိုးရအနေနဲ့ တိုင်းရင်းသားပြည်သူတို့နဲ့အတူ တစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားပါ့မယ်။ "ညီညာမှ ပြည်သာမည်"ဖြစ်လို့ ကျွန်တော်တို့ရဲ့ စုစည်းအားနဲ့ တိုင်းပြည်သာယာဝပြောရေး ဝိုင်းဝန်းတည်ဆောက်ကြပါစို့လို့ မေတ္တာရပ်ခံတိုက်တွန်းလိုပါတယ်"ဟူ၍ ၂၀၂၂ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ရပ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအကျဆုံး လိုအပ်ချက်တစ်ရပ်မှာ ယင်းနိုင်ငံ၊ ယင်းအဖွဲ့အစည်းအတွင်း ဖွံ့ဖြိုးတိုးတက်ရေးစိတ်ဓာတ်များ ပျံ့နှံ့နေရန်နှင့် ခေါင်းဆောင်များက ပြည်သူလူထုကို စည်းရုံးခြင်း၊ စိတ်ဓာတ်တက်ကြွလာရေး လှုံ့ဆော်ပေးခြင်းတို့ လိုအပ်သည်။ ခေါင်းဆောင်လုပ်သူက အဖျက်လှုံ့ဆော်ခြင်းနှင့် ပျက်စီးရေးစိတ်ဓာတ်များ ပျံ့နှံ့နေမည်ဆိုပါကလည်း ထိုနိုင်ငံ၊ ထိုလူ့အဖွဲ့အစည်း ပြိုကွဲပျက်စီးသွားမည်သာဖြစ်သည်။ မိမိတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်ခြင်း၊ တည်ငြိမ်အေးချမ်းခြင်း၊ သာယာဝပြောခြင်းဟူသော ဝိသေသလက္ခဏာများနှင့် ပြည့်စုံသည့်နိုင်ငံဖြစ်ရေး လှည်းနေလှေအောင်းမြင်းဇောင်းမကျန် နိုင်ငံတစ်ဝန်းလုံးနေ ပြည်သူတစ်ဦးချင်းစီတိုင်းက လိုလားကြဖို့လိုသည်။

အပြုစိတ်ကသာ နိုင်ငံကို တည်ဆောက်နိုင်မည်ဖြစ်ရာ အပြုသဘောတို့ အားကောင်းလာရေးအတွက် အဖျက်စိတ်ဓာတ်၊ အဖျက်သဘောထားတို့ ပါးလျားပျောက်ကွယ်သွားဖို့လိုသည်။ အပြုသဘောထား ညီညွတ်သော အမျိုးသားစုစည်းအားဖြင့် တိုင်းနိုင်ငံသာယာဝပြောရေး အားထုတ်ကြိုးပမ်း ဝိုင်းဝန်းတည်ဆောက်နိုင်ကြပါစေကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဦးကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၆**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

## ရွှေပြည်သာမြို့နယ်ရှိ ဈေးများ၌ ရောင်းဝယ်နေမှုအခြေအနေတည်ငြိမ်အေးချမ်းလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်ရှိ သီရိမာလာဈေး၊ အခွန်လွတ်ဈေးနှင့် လားရှိုးဈေးတို့၌ ဈေးရောင်းဝယ်နေမှုအခြေအနေနှင့် မြေလွတ်လပ်မှုအခြေအနေတို့ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဒေါက်တာငွေစန်းသည် ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန ဌာနမှူး ဦးသန်းထိုက်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တာဝန်ရှိသူများနှင့် အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။



ထို့နောက် ကော်မတီဝင်နှင့်အဖွဲ့သည် ဝါးတရာလှော်ကားလမ်းမကြီးနှင့် စက်မှုလမ်းထောင့်ရှိ မြို့ပြအိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အလျား ၁၀၀ x အနံပေ ၆၀ ရှိ ဈေးရုံဆောက်လုပ်ထားမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်သန့်ရှင်းသာယာမှုကို မထိခိုက်စေရေးနှင့် လမ်းဘေးကျူးကျော်များ မရှိစေရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **အာကာစိုး**

## တရုတ်နိုင်ငံဆိုင်ရာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဖောင်ဒေးရှင်းမှ အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်း



**ရန်ကုန် ဇန်နဝါရီ ၆**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် စားသောက်ရေးအခက်အခဲရှိသောပြည်သူများထံ အခြေခံစားသောက်ကုန်များ ဝေငှလှူဒါန်းခြင်းအစီအစဉ်ကို တရုတ်နိုင်ငံဆိုင်ရာ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဖောင်ဒေးရှင်းမှ ထောက်ပံ့လှူဒါန်းလျက်ရှိရာ အမေ့မေတ္တာသက်ကြွယ်ရိပ်မွန်၊ မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်းနှင့် မျိုးဆက်သစ်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ စသည့်ကျောင်းနှင့် ဂေဟာတို့အား ဆန်၊ ဆီနှင့် ပဲတို့ကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ လှူဒါန်းရာတွင် Bank of China(Hong Kong) လီမိတက် ရန်ကုန်ဘဏ်မှ ကူညီထောက်ပံ့မှုဖြင့် နိုဝင်ဘာ ၂၂ ရက်က အမေ့မေတ္တာ သက်ကြွယ်ရိပ်မွန်ရှိ အဘွား ၂၀၊ ဒီဇင်ဘာ ၁၄ ရက်တွင် မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်းရှိ ကလေးငယ် ၆၀၊ ဒီဇင်ဘာ ၂၉ ရက်တွင် မျိုးဆက်သစ်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာရှိလူငယ် ၆၀ စုစုပေါင်း ၁၄၀ တို့အား တစ်ဦးလျှင် ဆန် ၁၀ ကီလိုဂရမ်၊ ဆီတစ်လီတာနှင့် ပဲ တစ်ကီလိုဂရမ်တို့ကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာကျောင်း၊ ဂေဟာမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ နိုဝင်ဘာလအတွင်း စားသောက်ရေးအခက်အခဲရှိသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒလမြို့နယ်မှ အိမ်ထောင်စု ၁၀၀၀ နှင့် လှိုင်သာယာမြို့နယ်မှ အိမ်ထောင်စု ၁၀၀၀ စုစုပေါင်း အိမ်ထောင်စု ၂၀၀၀ တို့အား ဆန်၊ ဆီနှင့် ပဲတို့ကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း တရုတ်နိုင်ငံဆိုင်ရာ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဖောင်ဒေးရှင်း(CFPA) (ရန်ကုန်ရုံးခွဲ) တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **သုတ**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၆**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်းအသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဇန်နဝါရီ ၆ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီတစ်ခုမှ Xeparin 60 mg Injection အခု ၅၉၉၆၀၊ XEN-C 50 mg အခု ၁၀၀၂၀၊ ရန်ကုန်ဆိပ်ကမ်းများမှ Electronic Blood Pressure Monitor အခု ၅၉၈၀၀၊ ဆေးဝါးမျိုးစုံ ၂၇ မျိုး စုစုပေါင်း ၇၁၀၅၄ ဒသမ ၄၀ kg အား ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၁ / ၂၀၂၂**
**၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်**
**(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

၃။ ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ(င)ကို အောက်ပါအတိုင်း အစားထိုးရမည်-

“( င ) ပုဒ်မခွဲ(ဃ)နှင့် ပုဒ်မခွဲ(င-၁)ပါ ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ပါး ပြည်တွင်း၌ ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။”

၄။ ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ(င)၏ နောက်တွင် ပုဒ်မခွဲ(င-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“( င-၁) (၁) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ဆင်းကတ် (SIM card) ရောင်းချမှုနှင့် ဆင်းကတ်ကို စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသည့်ဝန်ဆောင်မှု (SIM card Activation) အပေါ် ဆင်းကတ်တစ်ကတ်လျှင် ကျပ်နှစ်သောင်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် တစ်ကြိမ်တည်း ကျသင့်စေရမည်။

(၂) အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းမှ ရငွေအပေါ် တစ်ဆယ့်ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။”

၅။ ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မခွဲ(က)ပါ ဇယားကို အောက်ပါအတိုင်း အစားထိုးရမည်-

| စဉ် | ဝင်ငွေ(ကျပ်) | | ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| ၁ | ၁ | ၃၀၀,၀၀၀,၀၀၀ | ၃ ရာခိုင်နှုန်း |
| ၂ | ၃၀၀,၀၀၀,၀၀၁ | ၆၀၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၆၀၀,၀၀၀,၀၀၁ | ၁,၀၀၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၁,၀၀၀,၀၀၀,၀၀၁ | ၃,၀၀၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၃,၀၀၀,၀၀၀,၀၀၁ နှင့်အထက် | | ၃၀ ရာခိုင်နှုန်း |

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်-

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အင်တာနက်ဝန်ဆောင်မှုများအပေါ် ကုန်သွယ်လုပ်ငန်းခွန်တိုးမြှင့်ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

ဖွံ့ဖြိုးဆဲနိုင်ငံအများစု၏ ဆက်သွယ်ရေးဝန်ဆောင်မှုသုံးစွဲခြင်းအပေါ် အခွန်ကောက်ခံမှုကို လေ့လာရာတွင် ပုံမှန်ကုန်သွယ်လုပ်ငန်းခွန်အပြင် ကဏ္ဍအလိုက်သီးခြားအခွန် (Sector specific tax)ကိုပါ ကောက်ခံလျက်ရှိကြောင်း တွေ့ရှိရသော်လည်း ယင်းကဏ္ဍအလိုက် သီးခြားအခွန်ကို မြန်မာနိုင်ငံတွင် ယနေ့အထိ ကောက်ခံခြင်း မရှိသေးကြောင်း တွေ့ရှိရပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ကျဆင်းလျက်ရှိသော စီးပွားရေးလုပ်ငန်းများကို ကုစားနိုင်ရန်အတွက် အခြားသော အခွန်ကောက်ခံမှုများကို လျှော့ပေါ့ခြင်း၊ ဆိုင်းငံ့ခြင်းများအား နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့ရာတွင် မြန်မာနိုင်ငံတွင် အင်တာနက် ဝန်ဆောင်မှုသုံးစွဲခြင်းမှာ များပြားလျက်ရှိသည့်အတွက် အင်တာနက်ဝန်ဆောင်မှုများသုံးစွဲမှုအပေါ် ကုန်သွယ်လုပ်ငန်းခွန် တိုးမြှင့်ကောက်ခံခြင်းဖြင့် နိုင်ငံ့ဝင်ငွေ တိုးတက်ရရှိနိုင်သည့်အပြင် အင်တာနက်ကို အလွန်အကျွံအလွဲသုံးမှုများကြောင့် ပြည်သူများ၏ အလုပ်အကိုင်များကို ထိခိုက်မှုများ၊ မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများကို လျှော့ချပေးနိုင်မည်ဖြစ်ပါသည်။

ဖုန်းခေါ်ဆိုမှုနှင့် SMS သုံးစွဲမှုများအတွက် ကုန်သွယ်လုပ်ငန်းခွန် တိုးမြှင့်ကောက်ခံမည်မဟုတ်ပါ။ အင်တာနက်ဝန်ဆောင်မှုများအပေါ် ကုန်သွယ်လုပ်ငန်းခွန် တိုးမြှင့်ကောက်ခံရာတွင်လည်း လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများရရှိရေးအတွက် သုံးစွဲသည့်အခွန်ထမ်းများအတွက် လိုအပ်သလို ဖြေလျှော့ပေးနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အင်တာနက် ဝန်ဆောင်မှုများအပေါ် ကုန်သွယ်လုပ်ငန်းခွန် တိုးမြှင့်ကောက်ခံသည့် အားလျော်စွာ ဝန်ဆောင်မှု အရည်အသွေးနှင့် ကွန်ရက်လွှမ်းခြုံနိုင်မှုတို့ကို ပိုမိုကောင်းမွန်အောင် စီမံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

အင်တာနက်ဝန်ဆောင်မှုများအပေါ် ကုန်သွယ်လုပ်ငန်းခွန် တိုးမြှင့်ကောက်ခံနိုင်ရန်အတွက် ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေတွင် ထည့်သွင်းပြင်ဆင်ပြဋ္ဌာန်းခဲ့ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

## မိုင်းရယ်မြို့နယ်၌ ပြည်သူ့ဆေးရုံနှင့် ဟိုယ၊ မန်ဖျက်တို့တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**မိုင်းရယ် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ် မြောက်ပိုင်း မိုင်းရယ်မြို့နယ်၌ ဦးတည်အုပ်စုများအလိုက် အသက် ၁၈ နှစ်အထက် ရှိသူများအား ကာကွယ်ဆေးများကို ဆက်လက်ထိုးနှံပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းမှစ၍ မိုင်းရယ်မြို့ ပြည်သူ့ဆေးရုံ ဟိုယကျေးလက်ကျန်းမာရေးဌာနခွဲနှင့် မန်ဖျက်ကျေးလက် ကျန်းမာရေးဌာနခွဲတို့တွင် ၂၇၅ ဦးအား ဆက်လက်ထိုးနှံပေးခဲ့ကြောင်း သိရသည်။



အဆိုပါ ကာကွယ်ဆေးထိုးနှံရာတွင် ဦးတည်အုပ်စုများအလိုက် အသက် ၁၈ နှစ်အထက် တတိယအသုတ် ဒုတိယအကြိမ် လာရောက်ထိုးနှံသူ ၂၅ ဦးနှင့် စတုတ္ထအသုတ် ဒုတိယအကြိမ် ၂၅၀ စုစုပေါင်း ၂၇၅ ဦးကို ထိုးနှံပေးနိုင်ခဲ့ကြောင်းနှင့် ဆေးထိုးနှံရန် ကျန်ရှိသူများအား ဆက်လက်ထိုးနှံပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ပရဟိတအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ဇင်ထိုက်**

## မိုင်းပျဉ်းမြို့အဝင် စစ်ဆေးရေးဂိတ်၌ စာရင်းများကောက်ယူခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်

**မိုင်းပျဉ်း ဇန်နဝါရီ ၆**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းပျဉ်းမြို့၌ မြို့အဝင် ကျန်းမာရေးစစ်ဆေးရေးဂိတ်တွင် ခရီးသွားရာဇဝင်စာရင်းများ ကောက်ယူခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ခြင်းကို ဌာနဆိုင်ရာဝန်ထမ်းများက ပူးပေါင်း၍ နံနက် ၆ နာရီမှ ည ၈ နာရီအထိ အလှည့်ကျစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

မြို့အဝင် ကျန်းမာရေးစစ်ဆေးရေးဂိတ်တွင် ခရီးသွားမိဘပြည်သူများအတွက် နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်စေခြင်း၊ လက်သန့်ဆေးရည်ကိုအသုံးပြု၍ လက်ဆေးစေခြင်း၊(RDT Test Kit)ဖြင့် ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ စစ်ဆေးပေးခြင်း စသည်တို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးနည်းလမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ပေးသည်။ အိုမီခရွန်ရောဂါပိုး ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝင်း၏ ညွှန်ကြားမှုဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာဝန်ထမ်းများက တတ်အားသရွေ့ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခင်သန္တာအောင်(ပြန်/ဆက်)**

# (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၆

**(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၂) ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ ဦးမောင်မောင်ဝင်း၊ ဦးထွန်းအုံ၊ ဦးဇော်ဝင်း၊ ဒေါက်တာအေးထွန်း၊ ဦးမင်းထိန်၊ ဦးဇော်အေးမောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**အခမ်းအနားတစ်ခုဖြစ်**

ရှေးဦးစွာ ဂုဏ်ပြုအခမ်းအနားကျင်းပရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဗိုလ်ရှုခံရင်ပြင်၌ ကျင်းပမည့် အခမ်းအနားသည်တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်မည့် အခမ်းအနားတစ်ခုဖြစ်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် အရေးကြီးပါကြောင်း၊ သို့ဖြစ်၍ ယနေ့အစည်းအဝေးတွင် မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဂုဏ်ပြုအခမ်းအနားကျင်းပရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်တို့က အမှာစကား ပြောကြားကြသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်က အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွား မည့် အစီအမံများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေး တင်ပြကြသည်။

ဆွေးနွေး တင်ပြချက်များအပေါ် ဂုဏ်ပြုအခမ်းအနား ကျင်းပရေး ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

**ညှိနှိုင်းဆွေးနွေး**

ဆက်လက်၍ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးများသည် တိုင်းဒေသကြီး/ပြည်နယ်များမှ ပါဝင်ပြသမည့် အလှပြယာဉ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။




## ကျုံးကူးတံတားဖွင့်ပွဲနှင့် စစ်တောင်းတူးမြောင်းဖြတ် သနပ်ပင်မြို့တွင်းတံတား ပန္နက်တော်တင်အခမ်းအနား တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**ပဲခူး ဇန်နဝါရီ ၆**

ပဲခူးမြို့ အရှေ့ဘက် မြို့ရှောင်လမ်း-သမိန်ဗရမ်း-ဆံတော်တွင်း လမ်းပိုင်းမှ မဂ္ဂတစ်လမ်းသို့ တိုက်ရိုက် ချိတ်ဆက်ထားသည့် လမ်းပေါ်ရှိ ကျုံးကူးတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတားအနီး၌ကျင်းပသည်။

တံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ကျုံးကူးတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးများက တံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းကြကာ တံတားပေါ်သို့ ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါ တံတားသည် အရှည်ပေ ၂၁၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း အကျယ် တစ်ဖက်လျှင် သုံးပေ ခြောက်လက်မစီရှိပြီး ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးတို့သည် သနပ်ပင်မြို့ မြို့တွင်းတံတား ပန္နက်တော်တင်မည့်နေရာသို့ရောက်ရှိပြီး အမှာစကား ပြောကြားကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပန္နက်တော်များရိုက်သွင်းကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က Vibro Hammer ဖြင့် စက်ခလုတ်နှိပ်ကာ မဏ္ဍလာပိုင်တိုင်အား ရိုက်သွင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သနပ်ပင်မြို့တွင်းတံတားသည် ပဲခူး - သနပ်ပင်-ခရမ်း-သန်လျင် လမ်းပေါ်ရှိ ကုန်စည်စီးဆင်းမှုအတွက် အဓိကအရေးပါသည့် လမ်းဖြစ်ကာ အရှည်ပေ ၂၄၀၊ အကျယ် ပေ ၄၀ ရှိ စစ်တောင်းတူးမြောင်းကို ဖြတ်သန်းတည်ဆောက်မည့် သံကူကွန်ကရစ် တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**နိုင်ငံတော် ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်လျက်ရှိသော စက်ရုံကြီးများ၏ ဓာတ်အားထုတ်လုပ်နိုင်မှု လျော့နည်းလာသည့် အခြေအနေနှင့်စပ်လျဉ်း၍ အများပြည်သူသို့ ပန်ကြားချက်အပေါ် ပြင်ဆင်အသိပေးပန်ကြားချက်**

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၊ ၆ ရက်

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၊ ၅ ရက်နေ့တွင် လျော့နည်းသွားသော လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများအတွက် ဝန်အားထိန်းညှိမှုအရ အချို့သောနေရာများတွင် ဝန်အားလျှော့ချရခြင်းများအပေါ် ပြည်သူလူထုအနေဖြင့် အဆင်မပြေမှုများရှိပါက နားလည်ပေးနိုင်ပါရန်နှင့် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို အမြန်ဖြည့်ဆည်းပေးနိုင်ရေးအတွက် စီမံကိန်းသစ်များကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းကို "နိုင်ငံတော် ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်လျက်ရှိသော စက်ရုံကြီးများ၏ ဓာတ်အားထုတ်လုပ်နိုင်မှု လျော့နည်းလာသည့် အခြေအနေနှင့် စပ်လျဉ်း၍ အများပြည်သူသို့ ပန်ကြားချက်" ဖြင့် အသိပေးပန်ကြားခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ၎င်းပန်ကြားချက်ပါ ဝန်အားထိန်းညှိဆောင်ရွက်ရသည့် အချိန်များဖြစ်သည့် ဓာတ်အားသုံးစွဲမှု များပြားသော နံနက် (၀၇:၀၀)နာရီမှ ည(၁၁:၀၀)နာရီအတွင်းနှင့် ညအချိန် (၁၇:၀၀) နာရီမှ (၁၉:၀၀) နာရီအတွင်း ဖော်ပြချက်အစား **"နံနက် (၀၇:၀၀) နာရီမှ နေ့လယ် (၁၁:၀၀) နာရီအတွင်းနှင့် ညအချိန် (၁၇:၀၀) နာရီမှ (၁၉:၀၀) နာရီအချိန်အတွင်း"** ဟု ပြင်ဆင်အသိပေးအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## မောက်မယ်မြို့နယ်၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

**မောက်မယ် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ် တောင်ပိုင်း မောက်မယ် မြို့နယ်အတွင်းရှိ တောင်သူများအား ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၂၀၂၁ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ် ချေးငွေကို မြို့နယ်သီရိမင်္ဂလာ ခမ္မာရုံ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက စတင်ထုတ်ချေးပေးသည်။

၂၀၂၁ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေကို တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိပြီး မောက်မယ် မြို့နယ်အတွင်းရှိ လယ်ယာဧက ၄၀၅ ဧကအတွက် စုစုပေါင်း ငွေကျပ် ၄၀၅ သိန်းကို ယနေ့အထိ တောင်သူများအား ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ထုတ်ချေးပေးခဲ့ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဝန်ထမ်းများမှတစ်ဆင့် သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

# သက်ဆိုင်သူ အဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ဖိတ်ခေါ်

၂၀၂၂ ခုနှစ်ဟာ အရေးပါတဲ့နှစ် ဖြစ်ပါတယ်။ လာမယ့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတု လွတ်လပ်ရေးနေ့ဖြစ်တဲ့အတွက် ယခုနှစ်ဟာ စိန်ရတုအကြိုကာလ ဖြစ်ပါတယ်။ ဒါကြောင့် ၇၅ နှစ်တာ ကြာခဲ့ပြီဖြစ်တဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေဖို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်များနဲ့ ပြည့်စုံဖို့ အရေးကြီးပါတယ်။

ဒါ့ကြောင့် ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များစရပါမယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ်ရဲ့ စတုတ္ထအချက်ထဲမှာလည်း ဖော်ပြထားပြီးဖြစ်လို့ သက်ဆိုင်သူအဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁-၁-၂၀၂၂ ရက်နေ့တွင် ပြောကြားသည့် ၂၀၂၂ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားမှ ကောက်နုတ်ချက်)**

## ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်လိုပါက ယခင် Penal Code အား အင်္ဂလိပ်လို ပြင်ဆင်ရန်မလိုတော့ဘဲ မြန်မာဘာသာဖြင့် ပြင်ဆင်နိုင်ပြီဖြစ် နိုင်ငံသားများ၏ ဥပဒေပါရပိုင်ခွင့်များ မှန်မှန်ကန်ကန်ရရှိရေးကိုလည်း အလေးထားရန်လို

**နေပြည်တော် ဇန်နဝါရီ ၆**

ဥပဒေရေးရာ ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်များ ဆောင်ရွက်ဆဲအမှုလိုက်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)




### ပူးပေါင်းဆောင်ရွက်နိုင်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦးက ပြည်ထောင်စု ရှေ့နေချုပ်ရုံးအား ဥပဒေရေးရာဝန်ကြီးဌာန (Ministry of Legal Affairs) အဖြစ် ၂၀၂၁ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ ထိုကဲ့သို့ ဝန်ကြီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းလိုက်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ ပေါင်းစပ် ညှိနှိုင်းရေးအတွက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် အခြားဝန်ကြီးဌာနများအကြား ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာန၏ ဝန်ကြီးရုံးဖွဲ့စည်းပုံအဖြစ် အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ၊ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့် လုပ်ငန်းများ စစ်ဆေးရေးဌာနခွဲ၊ စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ၊ ဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ၊ ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ၊ ဦးစီးရုံးတို့ကို ထားရှိပြီး E-Government ဌာနခွဲ၊ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုဌာနစိတ်၊ စောင့်ကြည့်လေ့လာအကဲဖြတ်ရေး ဌာနစိတ်နှင့် ပုဂ္ဂလိကတိုင်ကြားစာများ စိစစ်ဆောင်ရွက်ရေး ဌာနစိတ်တို့ကို အသစ်ဖွဲ့စည်းခဲ့ပြီး ဝန်ကြီးဌာနတစ်ခုအဖြစ် လုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း။

### သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိ

ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မဟာဗျူဟာစီမံကိန်း ၂၀၁၅-၂၀၁၉ ကို ဆောင်ရွက်ပြီးစီးခဲ့ပြီး မဟာဗျူဟာစီမံကိန်း ၂၀၂၀-၂၀၂၄ ကိုလည်း ဥပဒေရေးရာ ဝန်ကြီးဌာနအနေဖြင့် မိမိတို့ ဆောင်ရွက်နိုင်သည့် ကဏ္ဍများကို မိမိတို့၏ နည်းလမ်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့်အညီ ဥပဒေအသိပညာပြန့်ပွားရေးအတွက် အခြားသော ဝန်ကြီးဌာနများမှ သက်ဆိုင်ရာ တာဝန်ရှိသူများကို ဥပဒေအသိပညာများ ရရှိစေရေးအတွက် သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ဌာနဆိုင်ရာ အသီးသီးအနေဖြင့် စီးပွားရေး စာချုပ်စာတမ်းများ ချုပ်ဆိုခြင်း၊ ဥပဒေ(မူကြမ်း)များ စိစစ်ပေးရေးတို့တွင် အသုံးပြုကိုးကားနိုင်ရေးအတွက် စီးပွားရေး စာချုပ်စာတမ်းများ ချုပ်ဆိုခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်နှင့် ဥပဒေ(မူကြမ်း) ရေးဆွဲရေးလမ်းညွှန်စာအုပ်များကိုလည်း ထုတ်ဝေဖြန့်ဖြူးပေးခဲ့ကြောင်း။

### မြန်မာဘာသာဖြင့် ပြင်ဆင်

မိမိအနေဖြင့် ဥပဒေဘာသာပြန် ကော်မရှင်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ် စာအုပ်အမှတ် ၉ အဖြစ် ရာဇသတ်ကြီးစာအုပ်ကို ထုတ်ဝေနိုင်ခဲ့ကြောင်း၊ ရာဇသတ်ကြီးကို ယခင်က အလွတ်သဘောဘာသာပြန်ဆိုသုံးစွဲလျက်ရှိရာမှ ယခု တရားဝင် (Authentic) အဖြစ် ဥပဒေအရ အမိန့်ကြော်ငြာစာဖြင့် ထုတ်ဝေခဲ့ကြောင်း၊ ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်လိုပါက ယခင် Penal Code အား အင်္ဂလိပ်လို ပြင်ဆင်ရန်မလိုတော့ဘဲ မြန်မာဘာသာဖြင့် ပြင်ဆင်နိုင်ပြီဖြစ်ကြောင်း၊ အမှုကိစ္စများ ဆောင်ရွက်ရာတွင် အကြံပေးကိစ္စများ၌ သတိထား၍ ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံသားများ၏ ဥပဒေပါရပိုင်ခွင့်များ မှန်မှန်ကန်ကန်ရရှိရေးကိုလည်း အလေးထားရန်လိုကြောင်း၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်သည် တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေး အထောက်အကူပြုအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်ရသည့်အတွက် တရားရုံး စစ်ဆေးဆဲအမှုများကို သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် သက်ဆိုင်ရာ တရားရုံး၊ ဆက်စပ်ဌာနများ ဖြစ်ကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနများနှင့် ညှိနှိုင်းပြီး ပေါင်းစပ် ဆောင်ရွက်သွားရန် တိုက်တွန်းကြောင်း ပြောကြားသည်။

### ပြန်လည်မေးမြန်းဆွေးနွေး

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ဥပဒေချုပ်များက လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများ၊ အခက်အခဲများ၊ အမှုများ ကြန့်ကြာရခြင်းအပေါ် ကျော်လွှားနိုင်ရန်ကိစ္စများ၊ စီမံရေးရာနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ရန် အချက်များအား ပြန်လည်မေးမြန်းဆွေးနွေးခြင်း၊ ရှင်းလင်းတင်ပြခြင်းများ ပြုလုပ်သည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဦးစန်းလွင်၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေအောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဥပဒေချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၆**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်း အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ကျောက်မဲမြို့၊ နမ့်စန်မြို့၊ ဟဲဟိုးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# နိုင်ငံတော်အစိုးရ တာဝန်ယူမှု ဆယ်လပြောင်းလဲမှု၏ မှတ်တိုင်များ

ကနောင်

*(ယမန်နေ့မှ အဆက်)*

(၂၇)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် ဦးဆောင်၍ နိုဝင်ဘာ ၁၁ ရက်က ကျင်းပရာ အာဆီယံ- တရုတ် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် US-ASEAN Business Council (US-ABC)ဆွေးနွေးပွဲတို့ကိုလည်း တစ်ဆက်တည်း ကျင်းပသည်။ ထို့အတူ နိုဝင်ဘာ ၁၂ ရက်က အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံများနှင့် ကျင်းပသော (၁၉) ကြိမ်မြောက် အာဆီယံ- ဂျပန် ပို့ဆောင်ရေးဝန်ကြီးအစည်းအဝေး၊ (၁၂) ကြိမ်မြောက် အာဆီယံ- ကိုရီးယား ပို့ဆောင်ရေးဝန်ကြီးအစည်းအဝေးနှင့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အထူးအစည်းအဝေးများသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

နိုဝင်ဘာလအတွင်း စတုတ္ထအကြိမ်မြောက် ကမ္ဘာ့မီဒီယာထိပ်သီးဆွေးနွေးပွဲ (4th World Media Summit)၊ အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းကိုင်များအဖွဲ့ချုပ်၏ (၂၂) ကြိမ်မြောက် ညီလာခံ၊ ၂၀၂၁ ခုနှစ် တရုတ်-အာဆီယံ အသက်မွေးဝမ်းကျောင်းပညာရေးပြပွဲနှင့်ဖိုရမ်၊ PATA Destination Marketing Forum-2021၊ အာရှပစိဖိတ် အင်ဂျင်နီယာအသင်းများ၏အသင်းချုပ်၊ Federation of Engineering Institutions of Asia and Pacific (FEIAP)၏ (၁၃)ကြိမ်မြောက် အလုပ်အမှုဆောင် အဖွဲ့အစည်းအဝေးများသို့လည်း သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ခြင်းဖြင့် နိုင်ငံတကာနှင့် ပူးပေါင်းဆက်ဆံမှုများ ဆောင်ရွက်ခဲ့သည်။

ဂျပန်အစိုးရ၏ မြန်မာနိုင်ငံ အမျိုးသား ပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ ဆာဆာကာဝါနှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၅ ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့သို့ တပ်မတော်လေယာဉ်ဖြင့် ရောက်ရှိခဲ့ကြသည်။ ဂျပန်နိုင်ငံ၏ အထူးကိုယ်စားလှယ်နှင့်အဖွဲ့ဝင်များသည် အောင်မြေဗောဓိမဏ္ဍိုရ်သာ အလိုတော်ပြည့်ကျောင်းတိုက်ရှိ တိုက်ပွဲရှောင်စခန်းနှင့် ဥဿလင်း ဘုန်းတော်ကြီးကျောင်းတိုက်ရှိ တိုက်ပွဲရှောင်စခန်းတို့၌ ယာယီနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများနှင့် သက္ကယ်ပြင်ကျေးရွာရှိ ကယ်ဆယ်ရေးစခန်း၌ နေထိုင်လျက်ရှိသည့် ဘင်္ဂါလီများအား သွားရောက်တွေ့ဆုံ၍ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံခဲ့ပြီး အထူးကိုယ်စားလှယ်က သတင်းမီဒီယာများသို့လည်း မြန်မာနိုင်ငံခရီးစဉ်အကြောင်း ဖြေကြားခဲ့သည်ကိုလည်း မြင်တွေ့ရသည်။



၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၆ ရက်က ပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၁၀/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ။

**❍ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအစည်းအဝေးများ တက်ရောက်ရေးကိစ္စအပါအဝင် ကိုယ်စားပြုမှုဆိုင်ရာနှင့်ပတ်သက်၍ အာဆီယံအဖွဲ့ဝင် အချို့နိုင်ငံများသည် အာဆီယံ၏ ပဋိညာဉ်စာတမ်းနှင့် အခြေခံမူများတွင် ပြဋ္ဌာန်းထားမှုမရှိခြင်းနှင့် အာဆီယံ၏ ရည်ရွယ်ချက်တို့နှင့်လည်း ဆန့်ကျင်နေသည့်အတွက် မြန်မာနိုင်ငံဘက်မှ ကန့်ကွက်ကြောင်း သတင်းထုတ်ပြန်**

**အခြေအမြစ်မရှိသည့် စွပ်စွဲမှုများအပေါ် ပြန်လည်တုံ့ပြန်**

(၇၆) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ တတိယကော်မတီ (လူမှုရေး၊ လူသားချင်း စာနာထောက်ထားမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ)၏ နိုဝင်ဘာ ၁၇ ရက် အစည်းအဝေးတွင် မြန်မာနိုင်ငံဆိုင်ရာ အဆိုမူကြမ်း (Situation of Human Rights of Rohingya Muslims and other minorities in Myanmar) ကို မဲမခွဲဘဲ အတည်ပြုခဲ့ခြင်းအပေါ် ပြန်လည်တုံ့ပြန်သည့် ကြေညာချက်တစ်စောင် ကို နိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ထို့အတူ နိုင်ငံခြားရေးဝန်ကြီးဌာနသည် နိုဝင်ဘာ ၂၇ရက် သတင်းထုတ်ပြန်ချက်တွင် အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံအချို့က နိုဝင်ဘာ ၂၆ ရက်တွင် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ပူးတွဲကြေညာချက်ကို ထုတ်ပြန်ရာတွင် တပ်မတော်က အစိုးရဆန့်ကျင်သူများကို အင်အားအလွန်အကျွံ သုံးစွဲချေမှုန်းနေကြောင်းနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်နေကြောင်း ဖော်ပြထားကြောင်း တွေ့ရှိရသည်ဟု ပါရှိထားပါကြောင်းနှင့် ယင်းဖော်ပြချက်များသည် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များနှင့် အစိုးရဆန့်ကျင်နေသူများ၊ အကြမ်းဖက်အဖွဲ့များထံမှ ရရှိသည့် အချက်များကို အခြေခံထားသောကြောင့် မှန်ကန်မှုမရှိကြောင်း ဖော်ပြထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၁၀/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၂၆ ရက်က ကျင်းပခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် အာဆီယံအစည်းအဝေးများ တက်ရောက်ရေးကိစ္စအပါအဝင် ကိုယ်စားပြုမှုဆိုင်ရာနှင့် ပတ်သက်၍ အာဆီယံအဖွဲ့ဝင် အချို့နိုင်ငံများသည် အာဆီယံ၏ ပဋိညာဉ်စာတမ်းနှင့် အခြေခံမူများတွင် ပြဋ္ဌာန်းထားမှုမရှိခြင်းနှင့် အာဆီယံ၏ ရည်ရွယ်ချက်တို့နှင့်လည်း ဆန့်ကျင်နေသည့်အတွက် မြန်မာနိုင်ငံဘက်မှကန့်ကွက်ကြောင်း သတင်းထုတ်ပြန်မှု၊ အာဆီယံနှင့်ဆက်ဆံမှုသမိုင်းကြောင်း၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ခြင်းကိစ္စနှင့် NUG ၊ CRPH အမည်ခံ အကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်အဖွဲ့အစည်းများ ဖွဲ့စည်းမှု၊ ဖမ်းဆီးရမိတရားခံ NLD ပါတီဝင် ဖြိုးဇေယျာသော်၏ ရန်ကုန်မြို့တွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် အခြေအနေများနှင့် ၎င်းနှင့် ဆက်စပ်တရားခံများကို လက်နက်ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုများကို သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင်က ရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက တည်ဆဲနိုင်ငံရေးပါတီများ၏ စာရင်းများကို စစ်ဆေးဆောင်ရွက်မှုအခြေအနေများ၊ အချိုးကျကိုယ်စားပြုစနစ် (PR) နှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲပြုလုပ်ခဲ့မှု အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှု ဖြစ်စဉ်များတွင် ပါဝင်ပတ်သက် ဆောင်ရွက်ခဲ့ကြသူများအပေါ် အရေးယူဆောင်ရွက်မှုအခြေအနေများနှင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ဥပဒေ၊ နည်းဥပဒေများ သုံးသပ်ပြင်ဆင်ခြင်း အပါအဝင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို PowerPoint Presentation များဖြင့် ရှင်းလင်းပြောကြားသည်။

**ရွေးကောက်ပွဲစနစ်အတွက် စတင်ဆွေးနွေး**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ စိတ်ပါဝင်စားသူများပါဝင်သော ရွေးကောက်ပွဲစနစ် ဆွေးနွေးပွဲကို နိုဝင်ဘာ ၅ ရက်က ကျင်းပသည်။ PR စနစ်သည် မဲဆန္ဒနယ်ကို ဧရိယာကျယ်ပြန့်စွာ သတ်မှတ်၍ ယင်းမဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်ဦးရေကိုပါ သတ်မှတ်ပေးပြီး ပါတီအဖွဲ့အစည်းအလိုက် ယှဉ်ပြိုင်စေခြင်းဖြစ်ပြီး ရွေးကောက်ပွဲတွင် ပါတီအဖွဲ့အစည်းအလိုက် ရရှိသည့် ထောက်ခံဆန္ဒမဲအပေါ်မူတည်၍ ရွေးကောက်ခံရသည့် ကိုယ်စားလှယ်ဦးရေကို သတ်မှတ်ပေးသည့် စနစ်လည်းဖြစ်သည်။ ယင်းစနစ်အရ တစ်သီးပုဂ္ဂလများလည်း ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ယင်းတို့ရရှိသော ထောက်ခံဆန္ဒမဲအပေါ်မူတည်၍ ရွေးကောက်တင်မြှောက်ခံနိုင်ပါကြောင်း သိရှိရသည်။ ထို့အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ (National Development and Peace Party) မှ နိုင်ငံရေးပါတီကို ဖျက်သိမ်းကြောင်း တင်ပြချက်နှင့်စပ်လျဉ်း၍ ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခဲ့ကြောင်း သိရှိရသည်။

**ဝန်ကြီးဌာနများ၏ ကြိုးပမ်းမှု**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် နိုဝင်ဘာ ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်စွန့်ပစ္စည်းများ သိမ်းဆည်းစုဆောင်းစွန့်ပစ်သည့် ဝန်ဆောင်မှုလုပ်ငန်းနှင့် TYTC Services Co., Ltd. သို့ သွားရောက်ကြည့်ရှု၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရရှိပြီး နောက်ပိုင်းလုပ်ငန်းစတင်ဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှု၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို အကြံပြုဆွေးနွေးပေးခဲ့သည်။ ထို့အတူ Colgate-Palmolive (Myanmar) Limited စက်ရုံ၏ လုပ်ငန်းလည်ပတ်မှု၊ ကုန်ပစ္စည်းထုတ်လုပ်မှု၊ ခရီးသည်တင်ယာဉ်များအား CKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်ရောင်းချခြင်း၊ ပြုပြင်ခြင်းနှင့် ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် SC Auto (Myanmar) Co., Ltd. တို့ကို သွားရောက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းအခြေအနေများအပေါ် ဆွေးနွေးမှာကြားခဲ့သည်။

ဘူမိဥယျာဉ်ဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး (၂/၂၀၂၁) ကို နိုဝင်ဘာ ၂၄ ရက်က ကျင်းပရာ မြန်မာနိုင်ငံအနေဖြင့် ပုပ္ပါးဒေသအမျိုးသားအဆင့် ဘူမိဥယျာဉ်ကို မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ဘူမိနယ်မြေ

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

(Geosite) (၁၅) နေရာ အဆိုပြုသွားမည် ဖြစ်ကြောင်း၊ ဘူမိနယ်မြေ (Geosite) များသည် မြန်မာနိုင်ငံ ဘူမိသိပ္ပံ အသင်း၏ ပညာရှင်များ စနစ်တကျ ကွင်းဆင်းလေ့လာ ဖော်ထုတ်ပြီး ရွေးချယ်ထားသော နေရာများဖြစ်ပြီး စိန်ခေါ်မှုများလည်း ရှိနေသည့်အတွက် Geosite များ၏ ဧရိယာ၊ မြေ အသုံးချမှု၊ မြေစီမံခန့်ခွဲမှုများကို သေချာလေ့လာပြီး သက်ဆိုင်သော ဒေသခံများ၊ ဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးမှု များပြုလုပ်ရမည်ဖြစ်ကြောင်းနှင့် အမျိုး သားအဆင့်နှင့် ကမ္ဘာ့အဆင့်ဘူမိဥယျာဉ် များ သတ်မှတ်ခြင်းမှတစ်ဆင့် ခရီးသွား လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင် ပြီး ဒေသခံများ၏ လူမှုစီးပွားရေးဖွံ့ဖြိုး မှုကို အထောက်အကူပြုလာနိုင်မည်ဖြစ် ကြောင်းကိုလည်း သိရှိရသည်။



၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကျင်းပသည့် ရှောက်၊ လိမ္မော်၊ သံပရာမျိုးများ ပြပွဲ၊ ပြိုင်ပွဲနှင့် ဆွေးနွေးပွဲ (Citrus Fair, 2021) ဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြိုင်ပွဲဝင် သစ်သီးများကို တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစဉ်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် တာဝန်ရှိသူများ နှင့်အတူ နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက် အထိ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သင်တန်းကျောင်းများအား ကြည့်ရှု စစ်ဆေးသည်။ နယ်စပ်ရေးရာဝန်ကြီး ဌာနသည် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း အပြီးတွင် ဘိုကလေးမြို့နှင့် မအူပင်မြို့ တို့တွင် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း တစ်ကျောင်းစီ၊ ပုသိမ်မြို့နှင့် လပွတ္တာမြို့ တို့တွင် အမျိုးသမီးအိမ်တွင်းမှု သက်မွေး လုပ်ငန်းပညာ သင်တန်းကျောင်း တစ်ကျောင်းစီနှင့် လပွတ္တာမြို့တွင် စက်မှုလက်မှုပညာ သင်တန်းကျောင်း တစ်ကျောင်း စုစုပေါင်း ငါးကျောင်း တည်ထောင်ဖွင့်လှစ်ကာ ဒေသခံလူငယ် လူရွယ် အမျိုးသမီးငယ်များကို အခြေခံ ပညာနှင့် အသက်မွေးဝမ်းကျောင်းပညာ များကို သင်ကြားလေ့ကျင့်ပေးခဲ့သည်။

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက် မြန်မာပြည်)နှင့် (အောက်မြန်မာပြည်) တို့တွင် ဝန်ထမ်းများအား စီမံခန့်ခွဲမှု သင်တန်းနှင့် ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာသင်တန်း စသည် တို့ကို ဖွင့်လှစ်ခြင်း၊ ဝန်ကြီးဌာန အသီးသီးရှိ လစ်လပ်နေရာများအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဝန်ထမ်း တာဝန်ထမ်းဆောင်လိုသော အရည် အချင်းကိုက်ညီသူများကို ရွေးချယ် ခန့်ထားနိုင်ရေး ပြည်ထောင်စုရာထူးဝန် အဖွဲ့မှ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့တွင် လည်း အဆင့်မြင့်ပညာရေးနှင့် အခြေခံ ပညာတို့တွင် သင်ကြားပြသကြမည့် နည်းပြ၊ သရုပ်ပြ၊ အခြေခံပညာ ဆရာ ဆရာမများကို ခန့်အပ်ခြင်း၊ သစ်လွင် ဆရာ ဆရာမများအား လိုအပ်သည့် သင်ကြားလေ့ကျင့်မှုများ ပြုလုပ်ပေးခြင်း၊ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာ ကျောင်းများတွင် ခန့်အပ်တာဝန်ပေးခြင်း များကို ယခုလအတွင်း ဆောင်ရွက်လျက် ရှိရာ နိုဝင်ဘာ ၁၁ ရက်က ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယင်းနေ့နံနက် ပိုင်းတွင် တောင်ငူတက္ကသိုလ်နှင့် တောင်ငူပညာရေး ဒီဂရီကောလိပ်တို့၌ အသစ်ခန့်အပ်သော တက္ကသိုလ်နည်းပြ၊ သရုပ်ပြဆရာ ဆရာမသစ်လွင်များ၊ အခြေခံပညာ ဆရာ ဆရာမ သစ်လွင်များ နှင့် တွေ့ဆုံခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးနည်းပညာ တက္ကသိုလ်၊ မြန်မာ သတင်းအချက်အလက် နည်းပညာ တက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မန္တလေး)၊ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး)၊ မန္တလေး ကွန်ပျူတာတက္ကသိုလ်နှင့် အစိုးရစက်မှု လက်မှုသိပ္ပံ (ပြင်ဦးလွင်)သို့ နိုဝင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်သည် သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး သင်ကြားသင်ယူမှုကိစ္စရပ်များ၊ အိုင်စီတီ အသုံးပြု၍ သင်ကြားသင်ယူမှုအခြေ အနေများ၊ လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ခြင်းများကို ပိုမိုတိုးတက် အောင် ဆောင်ရွက်သွားမည့်အခြေအနေ များအပါအဝင် နိုင်ငံတကာတက္ကသိုလ် များနှင့် ပူးပေါင်း၍ သင်ကြားမှုမြှင့်တင် ခြင်းအစီအစဉ်များကို ပေါင်းစပ်ညှိနှိုင်း ပေးခဲ့သည်။

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ဒီဇင် ဘာ ၃၀ ရက်အတွင်း လျှောက်ထားရမည် ဖြစ်ပြီး ပြင်ပဖြေဆိုရန် လျှောက်လွှာ တင်သွင်းသူများသည် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် ဖြေဆို ခွင့် လျှောက်လွှာဝယ်ယူ၍ အချိန်မီ တင်သွင်းလျှောက်ထားနိုင်ကြောင်း သိရ သည်။

> ◆ **ရှောက်၊ လိမ္မော်၊ သံပရာ မျိုးရင်းဝင် အပင်များကို နိုင်ငံတစ်ဝန်း၌ စိုက်ကေ တစ်သန်းခန့်ရှိသော်လည်း ပြည်တွင်းလိုအပ်ချက် ပြည့်မီစေရေးအတွက် တိုးတက်ထုတ်လုပ်နိုင်စေရေး၊ သွင်းကုန်ထိန်းချုပ် နိုင်စေရေးအတွက် ဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ရရှိရေးအတွက် ကျင်းပခဲ့ခြင်း ဖြစ်သည်။ အခမ်းအနားအတွင်း ပြိုင်ပွဲများ ကျင်းပခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာရပ်များနှင့် စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲများကို ကျင်းပခြင်းများတွင် တောင်သူများ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များ ပါဝင်ဆွေးနွေး**

အလုပ်သမားဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် မြန်မာနိုင်ငံ ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို နိုဝင် ဘာ ၁၂ ရက်ကကျင်းပခဲ့ပြီး အလုပ်သမား စေလွှတ်ရေး လုပ်ငန်းစဉ်များအား ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံး လုပ်နည်းများနှင့် ညီညွတ်မှုရှိရန်နှင့် ပြန်လည်စေလွှတ်ခွင့်ပြုပါက အလုပ်ရှင်၊ အလုပ်သမားပြဿနာများကို အချိန်နှင့် တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ပေးနိုင် ရန် ကြိုတင်ပြင်ဆင်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ အမရပူရမြို့နယ်တွင် တောင်သမန်သစ္စာ ကျေးလက်အပန်းဖြေစီမံကိန်း အကောင် အထည်ဖော်ရာတွင် MIC ဥပဒေများကို အလေးထားလိုက်နာရန်နှင့် ဝန်ကြီးဌာန များမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရန် ဆောက်လုပ် ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုဝင်ဘာလတတိယပတ်တွင် လမ်းညွှန် မှာကြားခဲ့သည်။ ထို့အတူ ခေတ်မီ စံပြကျေးရွာ (Smart Village) အကောင် အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းခြင်း များကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာနမှ နိုဝင်ဘာလဒုတိယပတ် အတွင်း ဆောင်ရွက်နေပြီဖြစ်သည်။ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုးချဲ့ဆောင်ရွက်သွားရန် လျာထားပြီး စီမံကိန်းကို Pilot အနေဖြင့် နေပြည်တော် ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် တပ်ကုန်းမြို့နယ် တို့ရှိ ကျေးရွာ သုံးရွာတွင် စတင် အကောင်အထည်ဖော် ဆောင်ရွက် သွားမည်ဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာ ရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနမှ မြေစီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးနေ သည့် ကိစ္စရပ်များကို နိုဝင်ဘာ ၂၂ ရက် မှစ၍ မြေစီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှု ကိစ္စများကို ပြည်သူများ ပိုမိုအဆင်ပြေ စေရေးအတွက် ခရိုင်/မြို့နယ်များ အားလုံး ရုံးဖွင့်ရက်များတွင် နေ့စဉ် ပြန်လည်လက်ခံနေပြီဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည် မြောင်းဝန်ကြီးဌာနသည် တိုင်းဒေသကြီး နှင့် ပြည်နယ်များအတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်လျက် ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး သည် နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက ကော့သောင်းမြို့တွင် လယ်ယာကဏ္ဍ ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ သည်။ စိုက်ပျိုးရေးလုပ်ငန်း၏ အဓိက လိုအပ်ချက် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထိရောက်စွာ အသုံးပြုနိုင်ရေး၊ ဒေသ ဟင်းသီးဟင်းရွက်မျိုးများနှင့် ခေတ်မီနည်းစနစ်များ ဖြန့်ဖြူးပေးရန်၊ မိသားစုစိုက်ခင်းများ၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး အတွက် နည်းလမ်းများကို လိုအပ်နေသူ များ လက်ဝယ်အရောက် ဖြန့်ဖြူးပေးရေး၊ ရေလုပ်သားများ ဘေးကင်းလုံခြုံရေးနှင့် ရေရှည် အသက်မွေးဝမ်းကျောင်းအတွက် လုပ်ငန်းကျွမ်းကျင်မှု မြှင့်တင်ပေးသော သင်တန်းများ ဖွင့်လှစ်ပေးရေးတို့ကို ဆွေးနွေးမှာကြားခဲ့သည်။

မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင် ဘာ ၂၄ရက်က စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာနမှ အွန်လိုင်း စနစ်ဖြင့် ကျင်းပရာ လူ့စွမ်းအားအရင်း အမြစ် တိုးပွားရေးအတွက် သင်ကြား လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် စိုက်ပျိုး ရေးသိပ္ပံ (နေပြည်တော်၊ ပျဉ်းမနား)၊ ပုသိမ်ကြီးနှင့် ဟဲဟိုးတို့တွင် ရှေ့ပြေး ဖွင့်လှစ်မည့် အစီအမံများအား စတင် ဆောင်ရွက်နေပြီး မွေးမြူရေးကဏ္ဍတစ်ခု လုံးကို ခြုံငုံမိသော သုတေသနလုပ်ငန်း များဖြစ်စေရေးနှင့် လက်တွေ့အသုံးချ သုတေသနလုပ်ဆောင်ရေး၊ မွေးမြူရေး ကို အခြေခံသော ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ အတွက် လိုအပ်ချက်များ ကူညီပံ့ပိုးပေး ရန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ (National Seed– Related Committee, NSC)၏ အကြိမ် (၂၀) မြောက် အစည်း အဝေးကို နိုဝင်ဘာ ၂၆ ရက်က စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပရာ သီးနှံကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့ များနှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီတို့က မျိုးစေ့ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ အဆင့်ဆင့် စိစစ်ပြီး သဘောထားမှတ်ချက်များဖြင့် တင်ပြထားသော စမ်းသပ်စိုက်ပျိုးသီးနှံ မျိုးကွဲမျိုးသစ်များ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးနိုင်ရေး ဆွေးနွေး ကြသည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည် မြောင်းဝန်ကြီးဌာနက ကျင်းပပြုလုပ် သည့် ရှောက်၊ လိမ္မော်၊ သံပရာမျိုးများ ပြပွဲ၊ ပြိုင်ပွဲနှင့် ဆွေးနွေးပွဲ (Citrus Fair, 2021) ဖွင့်ပွဲကို နိုဝင်ဘာလ ၂၇ ရက်က နေပြည်တော် ရေဆင်းစိုက်ပျိုးရေး သုတေသန ဦးစီးဌာန၌ ကျင်းပခဲ့သည်။ ရှောက်၊ လိမ္မော်၊ သံပရာ မျိုးရင်းဝင် အပင်များကို နိုင်ငံတစ်ဝန်း၌ စိုက်ကေ တစ်သန်းခန့်ရှိသော်လည်း ပြည်တွင်း လိုအပ်ချက် ပြည့်မီစေရေးအတွက် တိုးတက်ထုတ်လုပ်နိုင်စေရေး၊ သွင်းကုန် ထိန်းချုပ်နိုင်စေရေးအတွက် ဈေးကွက် နှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ရရှိရေးအတွက် ကျင်းပခဲ့ခြင်းဖြစ်သည်။ အခမ်းအနားအတွင်း ပြိုင်ပွဲများ ကျင်းပ ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာရပ် များနှင့်

*စာမျက်နှာ ၈ သို့*

# တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အဓိကမြစ်ချောင်းများ၊ ဆည်တာတမံများ၏ ရေဝေရေလဲဒေသ ထိန်းသိမ်းရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမည်

နေပြည်တော် ဇန်နဝါရီ ၆

**သစ်တောဦးစီးဌာန တိုင်းဒေသကြီး/ ပြည်နယ်များ၏ ၂၀၂၀-၂၀၂၁ ခုနှစ် လုပ်ငန်းဆောင်ရွက် ပြီးစီးမှုအပေါ် သုံးသပ်ခြင်းနှင့် ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ် ဆောင်ရွက်ဆဲလုပ်ငန်းများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပသည်။**



ဦးစွာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက သစ်တောဦးစီးဌာနအနေဖြင့် နိုင်ငံတော်သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်၊ ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် သဘာဝဝန်းကျင်၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ် ညီညွတ်မျှတပြီး ပျက်စီးပြုန်းတီးမှု မရှိစေရန် ရည်ရွယ်ပြီး အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း၊ ခရိုင်သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းနှင့် မြန်မာနိုင်ငံ သစ်တောများပြန်လည်တည်ထောင်ရေး စီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

သစ်တောပြုန်းတီးမှု လျှော့ချနိုင်ရန်နှင့် သစ်တောထိန်းသိမ်းမှု အရှိန်အဟုန်မြှင့်တင်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်မှစတင်၍ ကျွန်းမူရင်းဒေသ ပဲခူးရိုးမတွင် သစ်ထုတ်လုပ်မှုကို ၁၀ နှစ် ရပ်နားခဲ့ပြီး အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း ကျွန်းနှင့်သစ်မာထုတ်လုပ်မှုကို နှစ်စဉ်တောထွက်၏ ၅၅ ရာခိုင်နှုန်းနှင့် ၃၃ ရာခိုင်နှုန်းထိ အသီးသီးလျှော့ချထုတ်လုပ်စေခဲ့ကြောင်း၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကိုလည်း တိုးချဲ့ဖွဲ့စည်းခဲ့ရာ ယခုအခါ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ၁၂၇၀ နိုင်ငံဧရိယာ၏ ၂၅ ဒသမ ၇၂ ရာခိုင်နှုန်း ကိုလည်းကောင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၇ ခု နိုင်ငံဧရိယာ၏ ၆ ဒသမ ၀၉ ရာခိုင်နှုန်း ကိုလည်းကောင်း၊ သတ်မှတ်ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံဧရိယာ၏ ၈၀ ရာခိုင်နှုန်းကျော်သည် ရေဝေရေလဲဧရိယာအတွင်း ကျရောက်လျက် ရှိပါသဖြင့် ရေဝေရေလဲဒေသသစ်တောများ ထိန်းသိမ်းရေးသည်လည်း အလွန်အရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ အဓိကမြစ်ချောင်းများ၊ ဆည်တာတမံများ၏ ရေဝေရေလဲဒေသ ထိန်းသိမ်းရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် မိုးရာသီ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်ခြင်း၊ လမ်းဘေးဝဲယာသစ်ပင်စိုက်ပျိုးခြင်း၊ ဒီရေတောစိုက်ခင်းများ တည်ထောင်ခြင်းနှင့် ဒီရေတောများ ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် စနစ်တကျကြိုတင်ပြင်ဆင်သွားရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နှစ်တို၊ နှစ်ရှည်လျာထားလုပ်ငန်းများကို အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်အကြီးအကဲနှင့် အထက်ဌာန အဆင့်ဆင့်များ၏ လမ်းညွှန်ချက်များ၊ တာဝန်ပေးအပ်မှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် အထူးအလေးထားမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် တရားမဝင်သစ် ဖမ်းဆီးရမိမှု အများဆုံး ပထမဆု - ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆု - စစ်ကိုင်းတိုင်းဒေသကြီး၊ တတိယဆု- ရန်ကုန်တိုင်းဒေသကြီးတို့ကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဇမ္ဗူသီရိမြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်

**ဇမ္ဗူသီရိ ဇန်နဝါရီ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူ ရပ်ကွက် ကိုးနဝင်းဆုတောင်းပြည့်ဘုရား အောင်ချမ်းသာ ဓမ္မာရုံအတွင်း ကျင်းပသည်။



### ကြည့်ရှု

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် တာဝန်ရှိသူများက ရပ်ကွက်နေ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်နေမှုများကို ကြည့်ရှု ပြီး(အပေါ်ပုံ) ဆောင်ရွက်ပြီးစီး သော အိမ်ထောင်စု လူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားကို ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထိန်ဝင်း၊ ဇမ္ဗူသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးထွန်းတို့က ရပ်ကွက်နေ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ အား ပေးအပ်ရာ နိုင်ငံသား စိစစ်ရေး ကတ်ပြားရရှိသူများ၏ ကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

### ရာခိုင်နှုန်းပြည့်ပြီးစီး

ဇမ္ဗူသီရိမြို့နယ် အနေဖြင့် ယနေ့တွင် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ၃၂ စု၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ၁၅၃ ကတ် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပန်းခင်းစီမံချက်ကာလ အတွင်း ပြည်သူ ၅၇၃၁ ဦးကို နိုင်ငံသားစိစစ်ရေး ကတ်ပြား ဆောင်ရွက်ပေးရန် လျာထားခဲ့ပြီး ယနေ့အထိ အိမ်ထောင်စုပေါင်း ၁၄၂၈ စုနှင့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ၃၇၃၅ ဦးအထိ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ ၆၇ ရာခိုင်နှုန်း ဆောင်ရွက်ပေးပြီးဖြစ်ကြောင်းနှင့် ရာခိုင်နှုန်းပြည့် ပြီးစီးသည့်အထိ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၇ မှ*

စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲများကို ကျင်းပခြင်းများတွင် တောင်သူများ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များ ပါဝင်ဆွေးနွေးခဲ့သည်ကို မြင်တွေ့ရသည်။

တောင်ကြီးမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက BOT စနစ်ဖြင့် တည်ဆောက်လျက်ရှိသော လူထုအခြေပြုဗဟိုဌာန (တောင်ကြီး) အဆောက်အအုံ တည်ဆောက်ပြီးစီးမှု လုပ်ငန်းများကို နိုဝင်ဘာ ၂၆ ရက်က ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ လူထုအခြေပြုဗဟိုဌာန (Community Centre) များသည် ပြည်သူလူထု၏ အသိပညာ မြင့်မားရေးလုပ်ငန်းများသာမက ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့် လူ့အဖွဲ့အစည်းများနှင့် တိုက်ရိုက်သက်ဆိုင်သည့် အရေးကိစ္စများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ထားပြီး ပြီးစီးပါက လူထုအခြေပြုဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းတို့နှင့်အတူ နိုဝင်ဘာ ၂၈ ရက်က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယဒေသရှိ ရုပ်မြင်သံကြား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းများအတွက် စတူဒီယိုများ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှု အားပေးသည်။ ယင်းဒေသတွင် ရုပ်မြင်သံကြား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းများအတွက် မြေဧက ၈၀၀ ကျော်တွင် ရုပ်မြင်သံကြားနှင့် ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်ရန် လိုအပ်သော အခြေခံအဆောက်အအုံများကို တည်ဆောက်နေခြင်း ဖြစ်သည်။

စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲ့ပျော် ဂီတပွဲတော်" သီချင်းဆို ပြိုင်ပွဲ အုပ်စုပထမပွဲစဉ်ကို နိုဝင်ဘာ ၂၆ ရက် (သောကြာနေ့) ညတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက် (Live) ရိုက်ကူး ထုတ်လွှင့်ခဲ့သည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့မှ တိုင်းရင်းသားပြိုင်ပွဲဝင်များက ယှဉ်ပြိုင်သီဆိုကြသည့် "တူယှဉ်နွဲ့ပျော် ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲကို အဖွဲ့ငါးဖွဲ့ခွဲ၍ အုပ်စုပွဲစဉ် ၁၀ ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လည်းကောင်း၊ နောက်ဆုံးပွဲစဉ် နှစ်ပွဲကို ရန်ကုန်မြို့ ပြည်သာယာရှိ မြဝတီမီဒီယာစင်တာတွင်လည်းကောင်း နိုဝင်ဘာ ၂၆ ရက်မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်အထိ အပတ်စဉ် သောကြာနေ့ညများတွင် သီဆိုယှဉ်ပြိုင်ကြမည် ဖြစ်ပါသည်။

အာရှနှင့် ပစိဖိတ်ဒေသအတွင်း နေထိုင်ကြသည့် လူပုဂ္ဂိုလ်များအကြား ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်စေရေးနှင့် ယဉ်ကျေးမှုများ အပြန်အလှန် နားလည်စေရေးရည်ရွယ်ချက်ဖြင့် အာရှနှင့် ပစိဖိတ်ဒေသ ယဉ်ကျေးမှုဌာန ယူနက်စကို (ACCU) တိုကျို၊ ဂျပန်နိုင်ငံက ဒေသတွင်းရှိ အဖွဲ့ဝင်နိုင်ငံများနှင့် ယူနက်စကိုတို့မှ ကလေး လူငယ်စာစဉ်များကို ထုတ်ဝေခဲ့ရာ "Meet My Friends!" စာအုပ်ကို စာပေဗိမာန်မှ မြန်မာဘာသာသို့ ဘာသာပြန်ဆို၍ "ကမ္ဘာတစ်လွှားရှိ မိတ်ဆွေများ" အမည်ဖြင့် ထုတ်ဝေလိုက်သည်။ နိုင်ငံ ၁၄ နိုင်ငံမှ လူပုဂ္ဂိုလ်များ၏ မတူညီသည့် ယဉ်ကျေးမှုအမျိုးမျိုး၊ လူနေမှုဘဝ၊ စားသောက်နေထိုင်မှုပုံစံ၊ ကစားနည်းအမျိုးမျိုးနှင့် ပွဲတော်သဘင်များကို ရှာဖွေလေ့လာနိုင်မည့်၊ မျှဝေခံစားနိုင်မည့် အခွင့်အရေးကို ကလေးလူငယ်များ ရရှိနိုင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၅ ရက်က သိရှိရသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ထားဝယ်မြို့ အဝေးပြေးယာဉ်ရပ်နားစခန်းတည်ဆောက်ရေး ဆွေးနွေး

**ထားဝယ် ဇန်နဝါရီ ၆**

ထားဝယ်မြို့ အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၅ ခုနှစ်ကတည်းက တည်ဆောက်ရန် ရည်ရွယ်ထားပြီး အကြောင်းအမျိုးမျိုးကြောင့် အချိန်နှောင့်နှေးကြန့်ကြာခဲ့ရကြောင်း၊ အဝေးပြေးယာဉ်ရပ်နားစခန်းသည် ထားဝယ်ဒေသအတွက် အမှန်တကယ် လိုအပ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဌာနဆိုင်ရာများအနေဖြင့် ဝိုင်းဝန်းပြီး ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အလေးအနက်ထား၍ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းအတွင်း ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများကိုလည်း အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ခန့်ရွှေပြည်ကုမ္ပဏီလီမိတက်က တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးများက လိုအပ်သည်များ ဆွေးနွေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



ထားဝယ်မြို့ အဝေးပြေးယာဉ်ရပ်နားစခန်းတည်ဆောက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော် တပ်မတော်(လေ)၏ လေယာဉ်မောင်းသင်တန်း အမှတ်စဉ် (၈၃) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

❖ *ကျောဖုံးမှ*

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်အား ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူ၍ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများကို စစ်ဆေးသည်။ ထို့နောက် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ်(လေ) အား အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

**လေသူရဲတောင်ပံများအပ်နှင်း**

ယင်းသို့ တပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ် နည်းပြလေသူရဲများက အမောင်းသင်ရဟတ်ယာဉ်များနှင့် အမောင်းသင်လေယာဉ်များဖြင့် အုပ်ဖွဲ့ပျံသန်း ၍ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်အား အလေးပြုကြသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်က ကျောင်းဆင်းအရာရှိများအား လေသူရဲတောင်ပံများကို တစ်ဦးချင်း အပ်နှင်းသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်က လေယာဉ်မောင်းသင်တန်းအမှတ်စဉ် ( ၈၃ ) မှ စံပြလေသူရဲဆုရ လေ ၄၃၅၄ ဗိုလ်ဟိန်းမြတ်အောင်၊ လေယာဉ်မောင်းထူးချွန်ဆုရ လေ ၄၃၅၃ ဗိုလ်ဝေယံထက်၊ စာပေထူးချွန်ဆုရ လေ ၄၃၉၅ ဗိုလ် ဒေါ်လဲ့ဝေအောင်တို့ကို ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်က သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် လေယာဉ်မောင်းသင်တန်းတွင် သင်တန်းကာလတစ်လျှောက် အပြင်းအထန် ကြိုးစားလေ့ကျင့်သင်ကြားတတ်မြောက်ခဲ့ကြပြီးဖြစ်သည့်အတွက် လေသူရဲတောင်ပံအပ်နှင်းခြင်းခံရကာ တပ်မတော်(လေ)၏ လေသူရဲဘဝကို စတင်ဖြတ်သန်းကြရတော့မည် ဖြစ်ကြောင်း၊ လေသူရဲတောင်ပံအပ်နှင်းခံရခြင်းသည် လေသူရဲတစ်ဦးအဖြစ် သတ်မှတ်ခြင်းဟူသည့် မှတ်တိုင်တစ်ခုမျှသာဖြစ်ပြီး နိုင်ငံတော်မှပေးအပ်သည့် ပျံသန်းရေးတာဝန်များကို စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်နှင့် ရည်မှန်းချက်တာဝန်ကို ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တပ်မတော်(လေ)၏ ကောင်းမြတ်သည့်အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်လျက် ပျံသန်းမှု အတတ်ပညာကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လေ့လာခြင်း၊ လက်ဆင့်ကမ်းဝေမျှခြင်းဟူသည့် လေသူရဲတစ်ဦး၏ တာဝန်ဝတ္တရားများကိုလည်း အထူးကျေပွန်အောင် ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**စဉ်ဆက်မပြတ်လေ့လာသင်ယူ**

ပျံသန်းရေးတာဝန် ထမ်းဆောင်နေကြသည့် လေသူရဲများအနေဖြင့် သိရှိလိုက်နာကျင့်သုံးရမည့် လေကြောင်းပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာနေကြရမည်ဖြစ်ပြီး အရည်အချင်း၊ အရည်အသွေးပြည့်ဝသည့် လေသူရဲကောင်းများအဖြစ် ပေးအပ်သည့် စစ်ဆင်ရေး၊ လေ့ကျင့်ရေးတာဝန်များ ပြီးမြောက်အောင်မြင်အောင် ပျံသန်းထမ်းရွက်နိုင်ရန် အမြဲတိုးတက်ပြောင်းလဲနေသည့် နည်းပညာများကို စဉ်ဆက်မပြတ် လေ့လာသင်ယူပြီး ဆတက်ထမ်းပိုး ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

တပ်မတော်(လေ)အနေဖြင့် မျိုးဆက်သစ် လေသူရဲများကို လေ့ကျင့်သင်ကြား မွေးထုတ်ပေးရာတွင် လေယာဉ်မောင်း သင်တန်းအမှတ်စဉ်(၇၉)အထိ အမျိုးသား လေ သူ ရဲ များ ကို သာ လေ့ ကျ င့် သင်ကြားပေးရာမှ လေယာဉ်မောင်းသင်တန်း အမှတ်စဉ် (၈၀)မှစတင်၍ အမျိုးသမီးလေသူရဲများကိုပါ လေ့ကျင့်သင်ကြားပေးခဲ့ရာ ယခုလေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၈၃) အထိ အမျိုးသမီးလေသူရဲ စုစုပေါင်း (၂၀) အထိ အောင်မြင်စွာ လေ့ကျင့်သင်ကြား မွေးထုတ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ လေယာဉ်မောင်းသင်တန်းကို အောင်မြင်စွာ တက်ရောက်ခဲ့ကြသည့် အမျိုးသမီးလေသူရဲများသည် တာဝန်ကျရာ ပျံသန်းရေးအုပ်များတွင် ပျံသန်းရေးဆိုင်ရာ လေ့ကျင့်ရေးနှင့် စစ်ဆင်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

**ပထမဆုံးအမျိုးသမီးတိုက်လေသူရဲများ**

ယခုသင်တန်းဆင်းမည့် လေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၈၃) တွင် ထူးခြားချက်အနေဖြင့် တိုက်ခိုက်ရေး လေယာဉ်မောင်းနှင်မည့် အမျိုးသမီးတိုက် လေသူရဲ(၂) ဦးဖြစ်သည့် ဗိုလ် ဒေါ်ဝါဝါမော်နှင့် ဗိုလ် ဒေါ်လဲ့ဝေအောင်တို့ကို အောင်မြင်စွာ သင်ကြားပေးနိုင်ခဲ့သည့်အတွက် တပ်မတော်(လေ) ၏ ပထမဆုံး အမျိုးသမီးတိုက်လေသူရဲများအဖြစ် ပျံသန်းရေးတာဝန်များကို စတင်ထမ်းဆောင်နိုင်တော့မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အမျိုးသမီးတိုက်လေသူရဲများအဖြစ် လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ခြင်းသည် တပ်မတော် (လေ)အတွက်သာမက တပ်မတော်တစ်ရပ်လုံးအတွက်ပါ မှတ်တမ်းတင်ဂုဏ်ယူရမည်ဖြစ်ပြီး တပ်မတော် (လေ)၏ သမိုင်းစာမျက်နှာသစ်တစ်ခုကို ထပ်မံဖွင့်လှစ်လိုက်ခြင်းပင်ဖြစ်ကြောင်း၊ အမျိုးသမီး လေသူရဲများအနေဖြင့် မိမိတို့၏ အောင်မြင်မှုနှင့် တာဝန်ပေးအပ်ခြင်းခံရမှုအတွက် ဂုဏ်ယူတတ်ရန်လိုသကဲ့သို့ ပေးအပ်လာသည့် တာဝန်များကို အမျိုးသားလေသူရဲများနှင့် တန်းတူရင်ပေါင်တန်း ကျေပွန်စွာ ထမ်းဆောင်ကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

ယနေ့ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများစုကို ကူးစက်ပြန့်ပွားလျက်ရှိကြောင်း၊ "တိုင်းရင်းသားပြည်သူလူထုရဲ့ ကျန်းမာရေးထက် အရေးကြီးတာမရှိ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်တွေမှာ ဘာကန့်သတ်ချက်မှမထားရှိဘဲ ရှိသမျှသော လူစွမ်းအား၊ ပစ္စည်းစွမ်းအား၊ ဉာဏစွမ်းအားတွေနဲ့ စုပေါင်းကာကွယ်ကြရမယ်" ဟူသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ မူဝါဒလမ်းညွှန်ချက်နှင့်အညီ ကိုဗစ်-၁၉ ကပ်ရောဂါကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်တိုက်ထုတ်ကြရမည်ဖြစ်ကြောင်း။ နိုင်ငံတော်အစိုးရ၊ ပြည်သူလူထု၊ တပ်မတော်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံး လက်တွဲပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် စုပေါင်းညီညွတ်စွာ ရင်ဆိုင်ကျော်လွှားလျက်ရှိသကဲ့သို့ မိမိတို့တပ်မတော်(လေ)အနေဖြင့် တာဝန်ကျရာ အခန်းကဏ္ဍမှ တက်ကြွစွာ ပါဝင်လှုပ်ရှားဆောင်ရွက်လျက်ရှိကြောင်း။

**ကျေပွန်စွာထမ်းဆောင်**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားဘဝ တည်ငြိမ်အေးချမ်းရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တပ်မတော်(လေ)အနေဖြင့် ပေးအပ်လာသည့်တာဝန်များကို ဦးလည်မသုန် ပါဝင်ထမ်းဆောင်လျက်ရှိပြီး ပျံသန်းရေးအပြင် အထက်က ပေးအပ်လာသည့် တာဝန်၊ အမိန့်နှင့်ညွှန်ကြားချက်များအပေါ် ကျေပွန်စွာ ထမ်းဆောင်ကြရန်နှင့် တိကျစွာ လိုက်နာသွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်း ပြောကြားသည်။

ယနေ့ လေသူရဲတောင်ပံအပ်နှင်းခြင်းခံရသူ ကျောင်းဆင်းအရာရှိများအနေဖြင့် သက်ဆိုင်ရာ လေယာဉ်/ ရဟတ်ယာဉ် အမျိုးအစားအလိုက် အဆင့်မြင့်သင်တန်းများ ဆက်လက်တက်ရောက်ရမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



သံဃာတော်များနှင့် သာသနာ့နွယ်ဝင်များအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

**❍ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သောအဖွဲ့များက သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံနှင့် ကျေးလက်ဆေးပေးခန်းများသို့သွားရောက်၍ ပိတ်ထားရသည့် ဆေးရုံ၊ ဆေးခန်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ဆောင်ခဲ့ရာတွင်လည်း မသမာသောသူများ၏ ခြိမ်းခြောက်လှုံ့ဆော်မှုများကြောင့် ကန့်ကွက်ဆန္ဒပြမှုအချို့ကို ကြုံတွေ့ခဲ့ရ**

**❍ အခက်အခဲနှင့် အနှောင့်အယှက်များ ကြုံတွေ့ခဲ့ရသော်လည်း တပ်မတော်ဆေးတပ်ဖွဲ့ဝင်များအနေဖြင့် ဖွဲ့စည်းရရှိနိုင်သည့် အင်အားများကိုစုဖွဲ့ကာ ပြည်သူလူထု၏အကျိုးကိုရှေးရှု၍ အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့**

**❒ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ပြင်ပလူနာ ၃၂၉၇၅၉ ဦး၊ အတွင်းလူနာ ၉၈၃၂၈ ဦး၊ မွေးလူနာ ၁၉၅၂၆ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းဆိုင်ရာရောဂါ၊ အရိုးအကြောဆိုင်ရာရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ဆီးနှင့် ကျောက်ကပ်ဆိုင်ရာရောဂါ၊ နှလုံးနှင့်ဆိုင်သောရောဂါများ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့**

**❒ အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သော CRPH ၊ NUG အပါအဝင် အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုကြောင့် CDM လှုပ်ရှားမှုတွင် ကျန်းမာရေးဝန်ထမ်းအချို့ ပါဝင်ခဲ့သည့်အတွက် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ နှောင့်နှေးစေခဲ့သည့်အပြင် ကူးစက်မြန် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားခဲ့ရာတွင်လည်း ပြည်သူလူထုအနေဖြင့် မလိုလားအပ်ဘဲ အသက်ဆုံးရှုံးသည်အထိ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ခဲ့ရ**

❍ *ရှေ့ဖုံးမှ*

တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် ကြီးမားသည့် မဲမသမာမှုအခြေအနေများအရ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်၏တာဝန်များကို တာဝန်ယူဆောင်ရွက်ခဲ့ရသည်။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူအတွက် ပေးအပ်ထားသည့် တာဝန်များကို သစ္စာရှိစွာဖြင့် တာဝန်ထမ်းဆောင်ရမည်ဖြစ်သော်လည်း မသမာသောသူများ၏ ခြိမ်းခြောက်မှုများကြောင့် CDM လှုပ်ရှားမှုများဖြစ်ပေါ်ခဲ့ပြီး ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။ ထိုသို့ကြုံတွေ့ခဲ့ရပြီး ပြည်သူလူထုအတွက် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့် ကျန်းမာရေးကဏ္ဍတွင် လိုအပ်ချက်များဖြစ်ပေါ်ခဲ့မှုကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများတွင် တပ်မတော်သားများ၊ မိသားစုဝင်များသာမက ဒေသခံတိုင်းရင်းသားပြည်သူများကိုပါ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုကဲ့သို့ တိုင်းနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံနှင့် ဆေးတပ်ရင်းများတွင် ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ရာ၌ ၂၀၂၁ **ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ပြင်ပလူနာ ၃၂၉၇၅၉ ဦး၊ အတွင်းလူနာ ၉၈၃၂၈ ဦး၊ မွေးလူနာ ၁၉၅၂၆ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းဆိုင်ရာရောဂါ၊ အရိုးအကြောဆိုင်ရာရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ဆီးနှင့် ကျောက်ကပ်ဆိုင်ရာရောဂါ၊ နှလုံးနှင့်ဆိုင်သောရောဂါများ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး** လက်ရှိအချိန်တွင် အတွင်းလူနာစုစုပေါင်း ၈၁၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပေါ်ခဲ့သည့်ကာလများတွင်လည်း လိုအပ်သည့် ဆေးဝါးများ၊ အောက်ဆီဂျင်များ၊ ကာကွယ်ထိန်းချုပ်ကုသရေး ပစ္စည်းများ၊ ကျန်းမာရေးဝန်ထမ်းလိုအပ်ချက်များကို နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူလူထုတို့ ပူးပေါင်း၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ရောဂါပိုးတွေ့ရှိမှုနှုန်း မြင့်မားခဲ့သည့် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ရောဂါပိုးတွေ့ရှိမှုနှုန်း ၃၃ ဒသမ ၂ ရာခိုင်နှုန်းထိရှိခဲ့ရာမှ ယခုအချိန်တွင် ရောဂါပိုးတွေ့ရှိမှုနှုန်းကို ပျမ်းမျှ ၁ ဒသမ ၃ ရာခိုင်နှုန်းအထိ လျော့ကျလာအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သော CRPH၊ NUG အပါအဝင် အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုကြောင့် CDM လှုပ်ရှားမှုတွင် ကျန်းမာရေးဝန်ထမ်းအချို့ ပါဝင်ခဲ့သည့်အတွက် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ နှောင့်နှေးစေခဲ့သည့်အပြင် ကူးစက်မြန် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားခဲ့ရာတွင်လည်း ပြည်သူလူထုအနေဖြင့် မလိုလားအပ်ဘဲ အသက်ဆုံးရှုံးသည်အထိ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ၎င်းအပြင် မြို့ပြနှင့် အလှမ်းဝေးသည့်ဒေသများတွင် ကျန်းမာရေးဝန်ထမ်းအချို့၏ CDM တွင် ပါဝင်ခဲ့မှုကြောင့် အချို့ဆေးရုံ၊ ဆေးခန်းများ ပိတ်ခဲ့ရပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နှောင့်နှေးမှုများ များပြားစွာဖြစ်ပေါ်ခဲ့သည်။

ထိုသို့ အခက်အခဲများ ဖြစ်ပေါ်လာသဖြင့် **တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သောအဖွဲ့များက သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံနှင့် ကျေးလက်ဆေးပေးခန်းများသို့ သွားရောက်၍ ပိတ်ထားရသည့် ဆေးရုံ၊ ဆေးခန်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ဆောင်ခဲ့ရာတွင်လည်း မသမာသောသူများ၏ ခြိမ်းခြောက်လှုံ့ဆော်မှုများကြောင့် ကန့်ကွက်ဆန္ဒပြမှုအချို့ကို ကြုံတွေ့ခဲ့ရသည်။** ယင်းသို့ **အခက်အခဲနှင့် အနှောင့်အယှက်များ ကြုံတွေ့ခဲ့ရသော်လည်း တပ်မတော်ဆေးတပ်ဖွဲ့ဝင်များအနေဖြင့် ဖွဲ့စည်းရရှိနိုင်သည့် အင်အားများကို စုဖွဲ့ကာ ပြည်သူလူထု၏အကျိုးကိုရှေးရှု၍ အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့သည်။**

တပ်မတော်အနေဖြင့် တိုင်းနှင့် ပြည်နယ်အသီးသီးရှိတပ်မတော်ဆေးရုံ၊ ဆေးတပ်ရင်းများတွင် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရုံမက တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးရှိ နယ်လှည့်ဆေးကုသရေးအဖွဲ့များဖြင့်လည်း ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများ၊ ကိုဗစ်-၁၉ ရောဂါအပြင် အခြားရောဂါများနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောမှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့များတွင် ခေတ်မီရွေ့လျားခွဲစိတ်ကုသယာဉ်၊ ခေတ်မှန်ရိုက်ယာဉ်များပါဝင်ခြင်း၊ ဆေးကုသမှုအတွေ့အကြုံများသည့် ဝါရင့်ပါရဂူများ ပါဝင်ခြင်း စသည်တို့ကြောင့် အသက်အန္တရာယ်ရှိသည့် ရောဂါဝေဒနာရှင်များအား အချိန်မီ အရေးပေါ်ကုသပေးနိုင်ခဲ့ခြင်း၊ နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ အချိန်မီ ပို့ဆောင်ကုသပေးနိုင်ခဲ့ခြင်းတို့ကြောင့် ပြည်သူလူထု၏ အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့သည့်အပြင် ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်လုပ်ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် ဆက်လက်၍လည်း တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးကဏ္ဍ အရှိန်အဟုန်မြှင့်တင်ရေးတွင် စဉ်ဆက်မပြတ် ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ကိုဗစ်-၁၉ လူနာများအား ဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးစဉ်။

# သိုလှောင်ရုံထိန်းသိမ်းခြင်း သင်တန်းဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၆**

သိုလှောင်ရုံထိန်းသိမ်းခြင်းသင်တန်းကို ယနေ့နံနက်ပိုင်းတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ဖွင့်လှစ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက သိုလှောင်ရုံများကို စနစ်တကျစီမံခန့်ခွဲခြင်းသည် အရေးပေါ်ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းစဉ် (Emergency Logistics)၏ အရေးပါသည့် အစိတ်အပိုင်းတစ်ခုလည်းဖြစ်ပါကြောင်း၊ သိုလှောင်ရုံစီမံခန့်ခွဲမှုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်မည်ဆိုလျှင် အရေးပေါ်ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းစဉ်သည်လည်း ဝန်ကြီးဌာန၊ ဦးစီးဌာန၏ မျှော်မှန်းချက်အတိုင်း ဘေးသင့်သူများထံ အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပို့ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ စနစ်တကျစီမံခန့်ခွဲနိုင်မှုမရှိခဲ့ပါက သိုလှောင်ထားသည့် ထောက်ပံ့ရေးပစ္စည်းများသည် ပျက်စီးမှုများဖြစ်ပေါ်ပြီး နိုင်ငံ့ဘဏ္ဍာကို အလဟဿ ဆုံးရှုံးမှုဖြစ်နိုင်သည့်အတွက်ကြောင့် အလေးထားဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် သိုလှောင်ရုံများတွင် သိုလှောင်ထားရှိသည့် ပစ္စည်းများကို စနစ်တကျလက်ခံခြင်း၊ သိုလှောင်ထိန်းသိမ်းခြင်း၊ ဖြန့်ဖြူးခြင်း စသည့်နည်းစနစ်များနှင့် ပတ်သက်ပြီး အခြေခံကျကျသိရှိစေရန်နှင့် ကယ်ဆယ်ရေးပစ္စည်းများ လေလွင့်ပျက်စီးဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ရန် အပြင် ဘေးသင့်ပြည်သူများထံ ဖြန့်ခွဲထောက်ပံ့ပေးရာတွင် မိမိတို့ဝန်ထမ်းများ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ နားလည်လိုက်နာဆောင်ရွက်နိုင်ရန် ဖွင့်လှစ်ခြင်းဖြစ်သည့်အတွက် လက်တွေ့လုပ်ငန်းခွင်တွင် များစွာ အထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း။

သင်တန်းကို Zoom Application အသုံးပြု၍ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး ယနေ့သင်တန်းတွင် ကနဦးအနေဖြင့် ဦးစီးအရာရှိ ၂၀ ဦးကို လေ့ကျင့်ပို့ချမည်ဖြစ်ပါကြောင်း၊ သင်တန်းတက်ရောက်ရန် ကျန်ရှိနေသည့် ဦးစီးဌာန၊ ရုံးချုပ်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် ဦးစီးအရာရှိမှ ဒုတိယဦးစီးမှူးရာထူးအဆင့်ထိ ဝန်ထမ်းစုစုပေါင်း ၂၁၄ ဦးကို သင်တန်းရှစ်ကြိမ်ဖြင့် ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်၍ သင်တန်းသား၊ သင်တန်းသူများ အနေဖြင့် သင်တန်းတွင်ဆွေးနွေးမည့် လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များ၊ နည်းပညာများကို မိမိတို့၏အတွေ့အကြုံနှင့်ပေါင်းစပ်ကာ လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို Online စနစ်ဖြင့် ယနေ့မှ ဇန်နဝါရီ ၁၂ ရက်အထိ သင်တန်းကာလ ခုနစ်ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**







ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် ထောက်ပံ့ငွေပေးအပ်စဉ်။

# ဟားခါးမြို့ရှိ ပြည်သူများ၊ နို့တိုက်မိခင်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးလျက်ရှိ

**ဟားခါး ဇန်နဝါရီ ၆**

ချင်းပြည်နယ် ဟားခါးမြို့ရှိ မိဘပြည်သူများ၊ နို့တိုက်မိခင်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (Sinopharm) ကို ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမှုကို ယနေ့ နံနက် ၁၁ နာရီက ပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်းနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုပြီး ကာကွယ်ဆေးလာရောက်ထိုးနှံကြသည့် ပြည်သူများ၊ နို့တိုက်မိခင်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများအား ကာကွယ်ဆေးထိုးနှံရာတွင် ရရှိသည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး အားပေးစကားပြောကြားသည်။ ယင်းနောက် ကာကွယ်ဆေးထိုးနှံပေးကြသည့် မြို့နယ်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်အထူးကုဆရာဝန်များနှင့် စေတနာ့ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမနှင့် မြို့သစ်ရပ်ကွက်ရှိ ကာဆင်နှစ်ခြင်းဘုရားကျောင်းတို့တွင် ဇန်နဝါရီ ၅ ရက်မှ ၇ ရက်အထိ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ကိုဗစ်-၁၉ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

# ကျိုင်းတုံခရိုင်အတွင်းရှိ ဘိုးဘွားရိပ်သာနှင့် ပရဟိတဂေဟာများအတွက် ထောက်ပံ့ငွေများပေးအပ်

**ကျိုင်းတုံ ဇန်နဝါရီ ၆**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် ပြည်နယ်ဝန်ကြီးများသည် ကျိုင်းတုံမြို့ရှိ ဌာနဆိုင်ရာများနှင့် ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၅ ရက်က တြိဂံဒေသတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင် ပြည်နယ် ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ၏ လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မြင့်ကျော်က ရှင်းလင်းဆွေးနွေးသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျိုင်းတုံမြို့ မြို့နယ်စည်ပင်သာယာရေးခန်းမ၌ ကျင်းပသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနား တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံခရိုင်အတွင်း လူမှုဝန်ထမ်းဦးစီးဌာနမှ ဘိုးဘွားရိပ်သာ တစ်ခု၊ မသန်စွမ်းပရဟိတဂေဟာ တစ်ခုနှင့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ တစ်ခုတို့ကို လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ ထောက်ပံ့ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ပရဟိတဂေဟာနှင့်အတူ ကိုယ့်အားကိုယ်ကိုးမူကြိုကျောင်း ၁၁ ကျောင်းနှင့် မိခင်ဝိုင်း ၂၇ ကျောင်းတို့ကိုပါ ထောက်ပံ့ကြေး ပေးအပ်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကျိုင်းတုံဘိုးဘွားရိပ်သာအတွက် ကျပ် ၁၁၀၂၅၀၀ နှင့် မေတ္တာရိပ်မြုံလူငယ်ပရဟိတဂေဟာအတွက် ကျပ် ၁၃၂၃၀၀၀ တို့ကို လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးက စိန်မေရီ မသန်စွမ်းဂေဟာအတွက် ကျပ် ၈၁၀၀၀၀ တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးဌာနမှ တာဝန်ယူ ဆောင်ရွက်နေသော ကျိုင်းအင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေး ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော နောင်တုံကန် ကွန်ကရစ်တိုင်နှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ယင်းနောက် ကျိုင်းတုံမြို့ ဝစီပိတ်သီလဓမ္မကုန်းသာတောရကျောင်း ဆရာတော်အား သွားရောက်ဖူးမြော်ကာ နဝကမ္မအလှူငွေကျပ် သိန်း ၅၀ လှူဒါန်းပြီး ဗုဒ္ဓဥယျာဉ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ပြည်တက္ကသိုလ်စတင်ဖွင့်လှစ်သင်ကြားမှုနှင့်အတူ ကျောင်းအပ်လက်ခံခြင်းများ ဆောင်ရွက်

**ပြည် ဇန်နဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ပြည်တက္ကသိုလ်အား ကိုဗစ် - ၁၉ စည်းကမ်းချက်များနှင့်အညီ ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်းနှင့် ကျောင်းအပ်နှံခြင်းများ လက်ခံဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**



ပြည်တက္ကသိုလ်စတင်ဖွင့်လှစ်ရာ၌ ၂၀၁၉ -၂၀၂၀ ပညာသင်နှစ်၏ စတုတ္ထနှစ်မှကျန်ရှိနေသည့် (ဒုတိယနှစ်ဝက်) အတန်းနှင့် ၂၀၂၁ -၂၀၂၂ ပညာသင်နှစ်၏ တတိယနှစ်ဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ်သင်တန်း၊ မဟာတန်း(ပထမနှစ်)နှင့်(ဒုတိယနှစ်) အတန်းများ ဖွင့်လှစ်ခြင်းဖြစ်ပြီး ဘာသာရပ်အစုံမေဂျာ ၁၄ ခု ဖွင့်လှစ်ခြင်းဖြစ်ကြောင်းနှင့် စာသင်ချိန်အား ဘာသာရပ်အလိုက် နံနက် ၉ နာရီမှစတင်၍ ပုံမှန်စာသင်ချိန်အတိုင်း သင်ကြားပို့ချဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်တက္ကသိုလ် ကျောင်းသားရေးရာဌာနမှ (မော်ကွန်းထိန်း) ဦးတင်ထွေးက ပြောသည်။

ကျောင်းသား ကျောင်းသူများအား လက်ဆေးရည်၊ လက်သန့်ဆေးရည်နှင့် နှာခေါင်းစည်းများ တပ်ဆင်အသုံးပြု၍ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ နေထိုင်ပြုမူသွားလာရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ တက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများကို အဆောင်များခွဲခြားထားရှိကာ ကျောင်းသားများကို နဝဒေးအဆောင်တွင် သီးသန့်ထားရှိမည်ဖြစ်ကြောင်းနှင့် ကျောင်းသူများအနက် (စတုတ္ထနှစ်)မဟာအရည်အချင်းစစ်သင်တန်း ကျောင်းသူများကို သန္တာဆောင်၌လည်းကောင်း၊ တတိယနှစ်(ဂုဏ်ထူးတန်း)နှင့် မဟာတန်း(ပထမနှစ်၊ ဒုတိယနှစ်) ကျောင်းသူများကို ရတနာဆောင်၌လည်းကောင်း ကိုဗစ်-၁၉ ကာကွယ်ရေး ကမ်းချက်များနှင့်အညီ ထားရှိမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားပြီး လက်ရှိပြည်တက္ကသိုလ်တွင် အဆိုပါအတန်းများမှ ကျောင်းသား ကျောင်းသူစုစုပေါင်း ၂၉၆ ဦးရှိကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# မော်လမြိုင်တက္ကသိုလ်၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် နေ့သင်တန်းများဖွင့်လှစ်

**မော်လမြိုင် ဇန်နဝါရီ ၆**

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာရေးကဏ္ဍကို နိုင်ငံတကာနှင့်အညီ အဆင့်မြင့်မားတိုးတက်စေရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၆ ရက်မှစတင်၍ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် နေ့သင်တန်းများကို ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များကို တစ်ပြိုင်နက်တည်း ဖွင့်လှစ်ပေးရာ မွန်ပြည်နယ် မော်လမြိုင်တက္ကသိုလ်တွင်လည်း ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်ကြောင်း သိရသည်။

မော်လမြိုင်တက္ကသိုလ်တွင် နေ့သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရာ၌ စတုတ္ထနှစ်ဥပဒေပညာ (ဒုတိယနှစ်ဝက်) သင်တန်းတွင် ၁၅၂ ဦး၊ မဟာအရည်အချင်းစစ်သင်တန်းတွင် ၆၃ ဦး၊ တတိယနှစ်ဂုဏ်ထူးတန်း သင်တန်းတွင် ၄၁ ဦး၊ မဟာတန်း ပထမနှစ်(ဝိဇ္ဇာ၊ သိပ္ပံ) သင်တန်းတွင် ၇၉ ဦး၊ မဟာတန်း ဒုတိယနှစ်(ဝိဇ္ဇာ၊ သိပ္ပံ) သင်တန်းတွင် ၃၃ ဦးတို့က ဘာသာရပ်အလိုက် တက်ရောက်သင်ကြားကြမည်ဖြစ်ရာ ကိုဗစ် - ၁၉ ကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ ဖွင့်လှစ်ပေးမည်ဖြစ်သည်။

**ဇာဖြူဝင်း**
**(ပြန်/ဆက်)**



# အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ) AGTI ကျောင်း ပြန်လည်ဖွင့်လှစ်၊ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြား

ကျောက်ဖြူ ဇန်နဝါရီ ၆

**မြန်မာနိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေများကြောင့် ယာယီပိတ်ထားခဲ့သည့် အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဖြူ) AGTI ကျောင်းကို ယနေ့နံနက်ပိုင်းမှစတင်ကာ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။** (အောက်ပုံ)



အဆိုပါ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဖြူ) ကျောင်းတွင် AGTI ပထမနှစ် သင်တန်းအား တက်ရောက်သင်ယူနေသည့် ကျောင်းသား ကျောင်းသူ ၁၄၅ ဦးနှင့် ဒုတိယနှစ်သင်တန်းအား တက်ရောက်သင်ယူနေသည့် ကျောင်းသား ကျောင်းသူ ၁၂၄ ဦးရှိပြီး ဆရာ ဆရာမ ၄၈ ဦးတို့က သင်ကြားပို့ချပေးလျက်ရှိသည်။ ယင်းနောက် သင်ကြားမှုအပိုင်းတွင် အဓိကဘာသာရပ်များအနေဖြင့် Civil (မြို့ပြအင်ဂျင်နီယာ)၊ EP (လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ)၊ IT(သုတနည်းပညာ) စသည့်ဘာသာရပ်များကို သင်ကြားပြသပေးလျက်ရှိကြောင်း အဆိုပါကျောင်းမှ ကျောင်းအုပ်ကြီး ဒေါက်တာ အောင်မွန်က ပြောကြားသည်။

ထိုသို့ ကျောင်းဖွင့်လှစ်မှုနှင့်ပတ်သက်၍ စစ်တွေမြို့မှလာရောက်ကာ AGTI Civil ပထမနှစ်သင်တန်း တက်ရောက်သင်ယူနေသည့် မထက်ထက်မြတ်က “သမီးတို့က ကျောင်းပိတ်ထားတာ နှစ်နှစ်နီးပါးရှိပါပြီ။ အိမ်မှာနေရင်း အသက်တွေကြီးလာတယ်။ တချို့သူငယ်ချင်းဆို အလုပ်တွေရပြီး ဝန်ထမ်းတွေ ဖြစ်နေကြပြီ။ ခုလိုကျောင်းပြန်ဖွင့်ပြီဆိုတော့ အလွန်ဝမ်းသာမိပါတယ်။ သူငယ်ချင်းတွေနဲ့တွေ့ရလို့လည်း အလွန်ပျော်ပါတယ်။ ကျောင်းပြန်လည်ဖွင့်လှစ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကိုလည်း သမီးအနေနဲ့ အထူးကျေးဇူးတင်ပါတယ်။ ဒီကျောင်းက ပို့ချပေးခဲ့တဲ့ပညာတွေနဲ့ နိုင်ငံတော်ကိုအကျိုးပြုတဲ့ ဝန်ထမ်းကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားသင်ယူသွားပါမယ်”ဟု ပြောသည်။

ကျောက်ဖြူမြို့၌ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းကို ယခင်က သန်ပန်ချောင်းရပ်ကွက်တွင် ယာယီဖွင့်လှစ်ထားသော်လည်း ယခုအခါ စေတီယျာရပ်ကွက်ရှိ ကျောင်းဆောင်သစ်ကြီးတွင် ပြောင်းရွှေ့ဖွင့်လှစ်ထားရှိပြီးဖြစ်ရာ ကျောင်းသား ကျောင်းသူများကလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ အေးချမ်းစွာ တက်ရောက်သင်ယူလျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး**
**ဖြိုးဝေလင်း**

# အိမ်မဲမြို့နယ်ရှိ အခြေခံပညာကျောင်းများအားလုံး၌ ပထမနှစ်ဝက်စာမေးပွဲ အေးချမ်းစွာဆက်လက်ဖြေဆို

**အိမ်မဲ ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်တွင် အခြေခံပညာကျောင်းများအားလုံး ပထမနှစ်ဝက်စာမေးပွဲကို ဇန်နဝါရီ ၅ ရက်က ဖြေဆိုလျက်ရှိရာ ယနေ့တွင် ဒုတိယမြောက်နေ့အဖြစ် အေးချမ်းစွာ ဆက်လက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

အိမ်မဲမြို့နယ်တွင် အခြေခံပညာ အ.ထ.က ၁၀ ကျောင်း၊ အ.ထ.က (ခွဲ) ၁၅ ကျောင်း၊ အလယ်တန်း ၁၉ ကျောင်း၊ အ.လ.က(ခွဲ) ၂၉ ကျောင်း၊ မူလွန် ၁၉ ကျောင်း၊ မူလတန်း ၁၀၃ ကျောင်း၊ မူလတန်း(ခွဲ) တစ်ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း လေးကျောင်းမှ ကျောင်းသားကျောင်းသူစုစုပေါင်း ၂၄၇၈၁ ဦး က ပထမနှစ်ဝက်စာမေးပွဲကို ဇန်နဝါရီ ၅ ရက်မှစတင်၍ တစ်ရက်လျှင် ဘာသာရပ်နှစ်ခုဖြင့် အေးချမ်းစွာ ဖြေဆိုလျက်ရှိကြောင်း သိရသည်။

**ချစ်သက်လယ်**
**(ပြန်/ဆက်)**

# ဂျပန်နိုင်ငံက ပထမဆုံး ကာကွယ်ရေးနှင့် လုံခြုံရေးစာချုပ် လက်မှတ်ရေးထိုး



ဂျပန်ဝန်ကြီးချုပ် ကီရှီးဒါးဖူမီယိုနှင့် ဩစတြေးလျဝန်ကြီးချုပ် စကော့မောရစ်ဆင်။

**တိုကျို ဇန်နဝါရီ ၆**

ဂျပန်နှင့် ဩစတြေးလျနိုင်ငံတို့သည် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်များသည် ကာကွယ်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

ဂျပန်နိုင်ငံအနေဖြင့် ယခုလို ကာကွယ်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရာတွင် ဩစတြေးလျသည် ပထမဆုံးနိုင်ငံဖြစ်သည်။ဂျပန်ဝန်ကြီးချုပ် ကီရှီးဒါးဖူမီယိုသည် ဩစတြေးလျဝန်ကြီးချုပ် စကော့မောရစ်ဆင်နှင့် ဇန်နဝါရီ ၆ ရက် အွန်လိုင်းအစည်းအဝေးတွင် တွေ့ဆုံခဲ့သည်။

ဂျပန်ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့နှင့် ဩစတြေးလျစစ်ဘက်တို့ အပြန်အလှန်စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် တခြားဆောင်ရွက်ချက်များပြုလုပ်ရာတွင် အဆိုပါသဘောတူညီမှုသည် မူဘောင်တစ်ခုအသွင် တည်ရှိနေမည်ဖြစ်သည်။

၎င်းတို့သည် စစ်ရေးဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းရန် ပူးတွဲကော်မတီတစ်ခုကိုလည်း တည်ထောင်မည်ဖြစ်သည်။ ထို့အပြင် ၎င်းတို့သည် လက်ရှိအခြေအနေကို ဖိအားပေးပြောင်းလဲစေမည့် တစ်ဖက်သတ်ကြိုးစားမှုမှန်သမျှကို ဆန့်ကျင်ကြရန်လည်း သဘောတူခဲ့သည်။ ဂျပန်-ဩစတြေးလျ ဆက်ဆံရေးနှင့် ပတ်သက်ပြီး ဩစတြေးလျ ကျွမ်းကျင်သူ ရစ်ချက်မက်ဂရီဂေါက ဂျပန်နိုင်ငံသည် ဩစတြေးလျ၏ သဘာဝမိတ်ဖက်နိုင်ငံ တစ်နိုင်ငံဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အသံထက်မြန်သော ဒုံးကျည်ကို မြောက်ကိုရီးယား ပစ်ခတ်စမ်းသပ်

ပြုံယမ်း ဇန်နဝါရီ ၆

**မြောက်ကိုရီးယား နိုင်ငံပိုင်သတင်းမီဒီယာက မြောက်ကိုရီးယားနိုင်ငံသည် အသံထက်မြန်သည့်ဒုံးကျည်ကို ပစ်ခတ်စမ်းသပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ဖော်ပြခဲ့သည်။**

အာဏာရ အလုပ်သမားပါတီ သတင်းစာ ရိုဒွန်ဆင်မွန်က ကာကွယ်ရေးသိပ္ပံ အကယ်ဒမီက အဆိုပါစမ်းသပ်မှုကို လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ထို့အပြင် အဆိုပါဒုံးကျည်သည် ကီလိုမီတာ ၇၀၀ ခန့်ကို ပစ်ခတ်နိုင်ကြောင်းနှင့် ရည်ရွယ်ထားသည့် ပစ်မှတ်ကို ထိမှန်အောင် ပစ်ခတ်နိုင်ကြောင်း ဆက်လက်ဖော်ပြထားသည်။

အဆိုပါ ဒုံးကျည်ပစ်လွှတ်စမ်းသပ်မှုကို ဂျန်ဂန်ပြည်နယ်တွင် ပြုလုပ်ခဲ့ပြီး ဒုံးကျည်ကို ပင်လယ်ဘက်သို့ ပစ်လွှတ်စမ်းသပ်ခဲ့သည်။ အသံထက်မြန်သော ဒုံးကျည်ကို အသံထက်ငါးဆမြန်စေရန် ပုံဖော်ထုတ်လုပ်ထားသည်။ အဆိုပါ ဒုံးကျည်သည် အမြင့်ပေနိမ့်နိမ့်တွင် အချိန်ကာလကြာမြင့်စွာ ပျံသန်းနိုင်ရန်နှင့် ခြေရာမခံနိုင်အောင် ပုံစံပြုလုပ်ထားသည်။

အမေရိကန် ပြည်ထောင်စု၊ ရုရှား၊ တရုတ်နိုင်ငံတို့သည် အသံထက်မြန်သော ဒုံးကျည်များကို လုပ်ဆောင်နေသည့် နိုင်ငံများဖြစ်သည်။

မြောက်ကိုရီးယား သည် စက်တင်ဘာလက အလားတူစမ်းသပ်မှုပြုလုပ်ခဲ့သည်။ လွန်ခဲ့သောနှစ်က မြောက်ကိုရီးယားသည် ငါးနှစ်ကြာ ကာကွယ်ရေးအစီအစဉ် တစ်ခုပြုလုပ်ခဲ့သည်။ အဆိုပါအစီအစဉ်တွင် ဒုံးကျည်အမျိုးအစားပေါင်းများစွာ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရန်ပါဝင်သည်။



အသံထက်မြန်သော ဒုံးကျည်ကို ပစ်ခတ်စမ်းသပ်နေသည်ကို တွေ့ရစဉ်။

အောက်တိုဘာလက မြောက်ကိုရီးယားနိုင်ငံသည် ရေငုပ်သင်္ဘောပစ်ဒုံးကျည်ကို စမ်းသပ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အိုကီနာဝါ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု မြင့်တက်လာချိန်တွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးက အမေရိကန်စစ်အခြေစိုက်စခန်းများ၌ ညမထွက်ရအမိန့်ထုတ်ပြန်ရန် တောင်းဆို

**တိုကျို ဇန်နဝါရီ ၆**

ဂျပန်နိုင်ငံ အိုကီနာဝါခရိုင် အုပ်ချုပ်ရေးမှူးက ဇန်နဝါရီ ၅ ရက်က ကိုဗစ်-၁၉ ဖြစ်ပွားသူ ၆၂၃ ဦးရှိရာမှ ဇန်နဝါရီ ၆ ရက်တွင် နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ၁၀၀၀ နားကပ်လာပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

ခရိုင်အတွင်း နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု နောက်ဆုံးကိန်းဂဏန်းသည် ၉၈၀ ခန့်ရှိလာပြီဖြစ်ကြောင်း၊ အဆိုပါနှုန်းသည် အိုကီနာဝါခရိုင်အတွက် ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားမှု အမြင့်ဆုံးဖြစ်ကြောင်းနှင့် လွန်ခဲ့သောနှစ် ဩဂုတ် ၂၅ ရက်က စံချိန်တင်ခဲ့သော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၈၀၉ ဦးထက် ကျော်လွန်ခဲ့ကြောင်း ဒန်နီတာမာကီက ပြောသည်။

ဇန်နဝါရီ ၆ ရက်က အိုကီနာဝါခရိုင်ကို တစ်စိတ်တစ်ပိုင်း အရေးပေါ်ပြဋ္ဌာန်းရန် ခရိုင်အစိုးရက ဗဟိုအစိုးရထံ တောင်းဆိုခဲ့သည်။





အမေရိကန် မရင်းတပ်ဖွဲ့ဂိတ် ၁ ကို တွေ့ရစဉ်။

အမေရိကန် စစ်အခြေစိုက်စခန်းနှင့် ဆက်စပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အပါအဝင် အိုကီနာဝါခရိုင်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ မြင့်တက်လာခဲ့သည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီး ယိုရှီမာဆာဟာယာရှီက ဇန်နဝါရီ ၆ ရက်က ဂျပန်နိုင်ငံရှိ အမေရိကန် စစ်အခြေစိုက်စခန်းကို ညမထွက်ရအမိန့်ထုတ်ပြန်ရန် တောင်းဆိုခဲ့သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်ကို ဖုန်းဖြင့် တောင်းဆိုလိုက်ရာ ဘလင်ကန်က ဂျပန်နိုင်ငံရှိ အမေရိကန်စစ်ဘက်အဆောက်အအုံများတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ကာကွယ်ရန် အမေရိကန်ဘက်က နောက်ထပ် ဆောင်ရွက်ဖွယ်ရာများကို လုပ်ဆောင်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## အမေရိကန်ရှိ အသက်အကြီးဆုံး ဒုတိယကမ္ဘာစစ်ပြန် အသက် ၁၁၂ နှစ်တွင် ကွယ်လွန်

**ဝါရှင်တန် ဇန်နဝါရီ ၆**

အမေရိကန်ပြည်ထောင်စုရှိ အသက်အကြီးဆုံး ဒုတိယကမ္ဘာစစ်ပြန် လောရန့်ဘရွတ်ခ်သည် အသက် ၁၁၂ နှစ်အရွယ်၌ ကွယ်လွန်ခဲ့ကြောင်း သိရသည်။

၎င်းသည် ဇန်နဝါရီ ၅ ရက်နံနက်ပိုင်းက နယူးအော်လင်းရှိ ၎င်း၏အိမ်တွင် ကွယ်လွန်ခဲ့ကြောင်း မီလီထရီတိုင်းမ်က ဖော်ပြသည်။ အမျိုးသား ဒုတိယကမ္ဘာစစ်ပြတိုက်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် စတီဖင်ဝက်ဆန်က ဘရွတ်ခ်ကို သစ္စာကြီးမားပြီး နူးညံ့သောနှလုံးသားရှိသူအဖြစ် တင်စားခေါ်ဝေါ်ခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ အသက်အကြီးဆုံး စစ်ပြန်ကြီးသည် ဒုတိယကမ္ဘာစစ်အတွင်း နိုင်ငံအကျိုးသယ်ပိုးထမ်းဆောင်ခဲ့ကြောင်း ဝက်ဆန်က ပြောသည်။ ၎င်း၏ကြင်နာမှု၊ အပြုံးများနှင့် ဟာသရွှင်မှုများက ၎င်းကိုသဘောကျသည့် မျိုးဆက်သစ်များအတွက် အမြဲအမှတ်တရရှိစေမည်ဖြစ်သည်။ မစ္စတာ လောရန့် ကွယ်လွန်ကြောင်း ကြားရသည်မှာ အလွန်စိတ်မကောင်းဖြစ်မိကြောင်း လူဝီစီယားနားမြို့တော်ဝန် ဂျွန်အက်ဝက်က တွစ်တာပေါ်တွင် ဝမ်းနည်းကြောင်း ရေးသားခဲ့သည်။

**ဆင်ဟွာ**

## ဗြိတိန်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၉၄၇၄၇ ဦးရှိ

**လန်ဒန် ဇန်နဝါရီ ၆**

ဗြိတိန်တွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ဖြစ်ပွားသူ ၁၉၄၇၄၇ ဦးရှိလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၃၈၃၅၃၃၄ ဦးအထိ ရှိလာပြီဖြစ်ကြောင်း တရားဝင်စာရင်း ဇယားများအရ သိရသည်။


နောက်ထပ် ကိုဗစ်-၁၉ ဆက်စပ်သေဆုံးသူ ၃၃၄ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ဖြင့် သေဆုံးသူအရေအတွက် ၁၄၉၂၈၄ ဦးအထိ ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

# နှစ်နှစ်ကြာမြင့်လာပြီဖြစ်သည့် ကိုဗစ် -၁၉ ကပ်ရောဂါ

ကေကေစိုး

လွန်ခဲ့သည့် နှစ်နှစ်က လူသားများထံသို့ အမည်မသိ ဗိုင်းရပ်စ် ကူးစက်မှုဖြစ်ပွားခဲ့ပြီး ယင်းဗိုင်းရပ်စ်ကြောင့် တစ်ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းများ ဖြစ်ပေါ်ခဲ့ကာ လူသားတို့ အသက်ရှင်နေထိုင်ရာ လူနေမှုဘဝတွင် အပြောင်းအလဲများစွာနှင့် ကြုံတွေ့ခဲ့ရသည်။



အကာအကွယ်အဖြစ် ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ကာ သွားလာနေကြသူများကို တွေ့ရစဉ်။

**ပိုမိုကျယ်ပြန့်လာစေခဲ့**

သိပ္ပံပညာနှင့် သက်ဆိုင်သည့် အသိပညာဗဟုသုတများကိုလည်း ပိုမိုကျယ်ပြန့်လာစေခဲ့သည်။ ကပ်ရောဂါစတင်ဖြစ်ပွားသည့် အစောပိုင်းလများတွင် လက်ကို မကြာခဏ ဆေးကြောခြင်းဖြင့် ကိုဗစ် -၁၉ ကူးစက်မှုကို ရပ်တန့်နိုင်သည်ဟု အကြံပေးမှုများ ရေပန်းစားလာခဲ့သည်။ မသန့်ရှင်းသောလက်များဖြင့် မျက်နှာကို ထိတွေ့ခြင်းမှ ရှောင်ရှားကြရန်နှင့် ဆပ်ပြာအသုံးပြုနည်းများကို ကျန်းမာရေးအာဏာပိုင်များက မျှဝေခဲ့ကြသည်။ အချို့သော နိုင်ငံအများအပြားတွင် လက်ဆေးဆပ်ပြာများ နေရာအနှံ့ တွေ့နိုင်သည်အထိ ပေါများခဲ့သည်။

**ကူးစက်နိုင်ခြေပိုမိုမြင့်မား**

သို့သော်လည်း ကပ်ရောဂါအခြေအနေ ပိုမိုဆိုးရွားလာသည့်အခါ ဗိုင်းရပ်စ် မည်သို့ကူးစက်ပျံ့နှံ့လာသည်ကို သိပ္ပံပညာရှင်များက လေ့လာခဲ့ကြသည်။ လူစုလူဝေးပွဲများ ၊ ဘတ်စ်ကားများနှင့် စားသောက်ဆိုင်များမှ ကူးစက်ပျံ့နှံ့တတ်သည်ဟု သိရှိလာသည်။ ကျွန်ုပ်တို့ အသက်ရှူသွင်းရှူထုတ်လိုက်သည့် လေ၊ စကားပြောသည့်အခါ၊ အော်ဟစ်သည့်အခါနှင့် သီချင်းဆိုသည့်အခါတွင်လည်း ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့နိုင်သည်။ အလုံပိတ်အခန်းများ၊ လေဝင်လေထွက် မကောင်းသည့် အခန်းများတွင် ဗိုင်းရပ်စ်မှာ အချိန်အတော်ကြာခိုအောင်းနိုင်ပြီး ကူးစက်နိုင်ခြေကိုလည်း ပိုမိုမြင့်မားစေခဲ့သည်။

**လုံလောက်သည့် ရှင်းလင်းသေချာမှုမရှိ**

လေဝင်လေထွက်ကောင်းမွန်မှုနှင့် ပတ်သက်၍ သိပ္ပံပညာရှင်များသည် လုံလောက်သည့် ရှင်းလင်းသေချာမှုများမရှိသေးဟု ပြင်သစ်သိပ္ပံကောင်စီမှ အာနတ် ဖွန်တာနက်က ပြောသည်။ သိပ္ပံပညာရှင်များအနေဖြင့် ကာကွယ်မှုနည်းလမ်းများအကြောင်း ပြောသည့်အခါ လေဝင်လေထွက်ကောင်းမွန်ခြင်းမှာလည်း တစ်စိတ်တစ်ပိုင်း ပါဝင်ကြောင်း လူထုကို ရှင်းလင်းအောင် အသိပေးရမည်ဟုလည်း ၎င်းက အေအက်ဖ်ပီသို့ ပြောသည်။

**နှာခေါင်းစည်းတပ်ဆင်ရန် အမိန့်ထုတ်လာ**

ကနဦးအစပိုင်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအပါအဝင် အစိုးရများက ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ခြင်းမှာ လူနာများနှင့် တွေ့ဆုံသည့်အခါ၊ ရင်းနှီးသည့်ဆွေမျိုး မိတ်ဆွေများနှင့် တွေ့ဆုံသည့်အခါတွင်သာ တပ်ဆင်ရန် အကြံပြုခဲ့ကြသည်။ အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများသို့ သွားရောက်သည့်အခါ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ကြရန် တိုက်တွန်းမှုမျိုး မရှိပေ။ ၂၀၂၀ ပြည့်နှစ် နွေဦးသို့ရောက်ရှိသည့်အခါ မူဝါဒပြောင်းလဲမှုဖြစ်ပေါ်ခဲ့ပြီး ကပ်ရောဂါကို တွန်းလှန်နိုင်ရေးအတွက် အရေးကြီးသည့်လက်နက်မှာ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ခြင်းဖြစ်လာသည်။ အချို့သောနေရာများတွင် မဖြစ်မနေ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရန် အမိန့်ထုတ်မှုများရှိလာသည်။

❖ ပိုမို၍ ကူးစက်မှုလျင်မြန်သော မျိုးကွဲများ ပေါ်ပေါက်လာသည့်အခါတွင်မူ အလုံပိတ်အခန်းများ၌ လူစုလူဝေးပြုလုပ်သည့်အခါ FFP2 သို့မဟုတ် N95 ကဲ့သို့သော နှာခေါင်းစည်းတပ်ဆင်ရန် သိပ္ပံပညာရှင်အချို့က အကြံပြုလာသည်။ ကိုဗစ်-၁၉ သည် လွန်ခဲ့သည့် နှစ်နှစ်က စတင်ပေါ်ပေါက်လာသည့်အချိန်မှ စတင်ကာ လူ့အသက်ပေါင်းများစွာကို နုတ်ယူခဲ့ပြီးဖြစ်သည်။ ထို့နောက် ကာကွယ်ဆေးထုတ်လုပ်မှုများ ပြုလုပ်ခဲ့ပြီး တစ်ကမ္ဘာလုံးအနှံ့ ကာကွယ်ဆေးထိုးနှံမှုများ စတင်လာခဲ့

**လူ့အသက်ပေါင်းများစွာနုတ်ယူခဲ့**

ပိုမို၍ ကူးစက်မှုလျင်မြန်သော မျိုးကွဲများ ပေါ်ပေါက်လာသည့်အခါတွင်မူ အလုံပိတ်အခန်းများ၌ လူစုလူဝေးပြုလုပ်သည့်အခါ FFP2 သို့မဟုတ် N95 ကဲ့သို့သော နှာခေါင်းစည်းတပ်ဆင်ရန် သိပ္ပံပညာရှင်အချို့က အကြံပြုလာသည်။ ကိုဗစ် –၁၉ သည် လွန်ခဲ့သည့် နှစ်နှစ်က စတင်ပေါ်ပေါက်လာသည့်အချိန်မှ စတင်ကာ လူ့အသက်ပေါင်းများစွာကို နုတ်ယူခဲ့ပြီးဖြစ်သည်။ ထို့နောက် ကာကွယ်ဆေးထုတ်လုပ်မှုများ ပြုလုပ်ခဲ့ပြီး တစ်ကမ္ဘာလုံးအနှံ့ ကာကွယ်ဆေးထိုးနှံမှုများ စတင်လာခဲ့သည်။

**ညီမျှမှုမရှိ**

ကာကွယ်ဆေးထုတ်လုပ်မှုကို လျင်လျင်မြန်မြန် လုပ်ဆောင်နိုင်ခဲ့ပြီး ရေးယခင်ကနှင့် နှိုင်းယှဉ်လျှင် အဆပေါင်းများစွာပို၍ လျင်မြန်သည်။ လွန်ခဲ့သည့် တစ်နှစ်ခန့် တစ်ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေးထိုးနှံမှုများ စတင်လုပ်ဆောင်သည့်ကာလမှ စတင်ကာ တစ်ကမ္ဘာလုံးရှိ လူဦးရေ၏ တစ်ဝက်နီးပါးကို ကိုဗစ် –၁၉ ကာကွယ်ဆေး အပြည့်ထိုးပေးပြီးဖြစ်သည်ဟု အောက်စဖို့ဒ်တက္ကသိုလ်၏ ဝက်ဘ်ဆိုက်မှ ဖော်ပြသည့် အချက်အလက်များအရ သိရသည်။

သို့သော်လည်း ဆင်းရဲသည့်နိုင်ငံများနှင့် ချမ်းသာသည့်နိုင်ငံများအကြား ကာကွယ်ဆေး ဖြန့်ဝေမှုတွင် ညီမျှမှုမရှိသည့်အတွက် ကာကွယ်ဆေးထိုးပေးရာတွင် အနှောင့်အယှက်အဟန့်အတားများနှင့် ကြုံတွေ့နေရဆဲဖြစ်သည်။

**ကာကွယ်ဆေးစုဆောင်းမှုရပ်တန့်ရန် တောင်းဆို**

ကမ္ဘာ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကို ဇူလိုင်လအတွင်း ကာကွယ်ဆေးထိုးပေးလိုသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ် တက်ဒရို့စ်အက်ဒ်ဟာနွန်ဂီဘရီယက်ဆုက ပြောသည်။ ချမ်းသာသည့် နိုင်ငံကြီးများ ကာကွယ်ဆေးဝယ်ယူစုဆောင်းမှုများကို ရပ်တန့်ရန်လည်း ၎င်းက တောင်းဆိုခဲ့သည်။ ကာကွယ်ဆေးရရှိမှု မညီမျှမှုကိုသာ အဆုံးသတ်နိုင်ပါက ကပ်ရောဂါကိုလည်း အဆုံးသတ်နိုင်မည်ဖြစ်သည်ဟု ၎င်းကပြောသည်။

**အစွမ်းထက်မှုလျော့ကျလာ**

ကိုဗစ် –၁၉ ကာကွယ်ဆေးမှာ ပြင်းထန်သည့် ရောဂါလက္ခဏာများကို အကာအကွယ်ပေးရာတွင် ကြီးမားသည့် ထိရောက်မှုရှိသည်။ သို့သော်လည်း လူထုကြားတွင် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို မရပ်တန့်နိုင်သည့်အတွက် ကပ်ရောဂါကို အဆုံးသတ်အောင် လုပ်ရာတွင်မူ အကျိုးသက်ရောက်မှု အနည်းငယ်သာရှိသည်။ ကာကွယ်ဆေးထိုးပြီး အချိန်ကြာလာသည့်နှင့်အမျှ အစွမ်းထက်မှုမှာလည်း လျော့ကျလာသည်။

**လက်ဝါးကြီးအုပ်ထားမည်ကို စိုးရိမ်နေရ**

ကိုဗစ် –၁၉ မျိုးကွဲအိုမီခရွန်မှာ ယခင် မျိုးကွဲများထက် ပို၍ပျော့ပျောင်းသည်ဟု သက်သေပြချက်များ များပြားလာသော်လည်း ချမ်းသာသည့်နိုင်ငံများကမူ ကိုဗစ် –၁၉ ကာကွယ်ဆေး အပိုဆောင်းထိုးနိုင်ရေးကိုသာ ဦးတည်ပြီး ပြည်သူများအကြား ကူးစက်မှုကို ရပ်တန့်ရန် ကြိုးပမ်းလာကြသည်။ ကာကွယ်မှုလျော့နည်းသည့် ဆင်းရဲသော တိုင်းပြည်များတွင် ရောဂါပျံ့နှံ့မှုဖြစ်ပွားနေလျှင် တောင်မှ ချမ်းသာသည့်နိုင်ငံများက ကာကွယ်ဆေးကို လက်ဝါးကြီးအုပ်ထားမည်ကို စိုးရိမ်နေကြရသည်။

**ဆက်လက်လုပ်ဆောင်နေရဦးမည်**

တတိယအကြိမ် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပေးခြင်း၏ အစွမ်းထက်မှုမှာလည်း မည်မျှခံမည်ကို ရှင်းရှင်းလင်းလင်း မသိရသေးချေ။ ကာကွယ်ဆေးမှာ ကမ္ဘာတစ်ဝန်းရှိ ဆင်းရဲသည့်နိုင်ငံများသို့လည်း ရောက်ရှိနိုင်ရမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ကိုဗစ် –၁၉ ဆိုင်ရာ ကျွမ်းကျင်ပညာရှင် ဗန်ကာ့ခ်ဟိုဗာက ပြောသည်။ ပြည်သူ့ကျန်းမာရေးအတွက် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ခြင်း၊ ဆေးစစ်ခြင်းနှင့် သီးခြားခွဲနေထိုင်ခြင်းတို့မှာ ဆက်လက်လုပ်ဆောင်နေရဦးမည်ဖြစ်သည်။ ။

**ကိုးကား – အေအက်ဖ်ပီ**

# ဇန်နဝါရီ ၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉၂ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၂ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉,၂၈၄ ဦးရှိ

(၆–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၁၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉၂) ဦး တွေ့ရှိ**ရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၇၄) ရာခိုင်နှုန်းရှိ**ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၀၉၈,၆၄၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၁,၆၂၄) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၉၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၉,၆၀၀) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၈၄) ဦး ရှိ**ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၆–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၃၅၃) ခု | (၈၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀) ခု | – |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃၁) ခု | – |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၇) ခု | (၅) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၄၈) ခု | (၁၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၈၀) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၄၃၃) ခု | (၈၄) ဦး |
| စုစုပေါင်း | (၁၁,၀၁၂) ခု | (၁၉၂) ဦး |

- **ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးဝင်ရောက်ဖြစ်ပွားမှုကြောင့် ကမ္ဘာတစ်ဝန်းတွင် (၆–၁–၂၀၂၂) ရက်နေ့၊ (၁၇:၀၀) နာရီအချိန်အထိ အတည်ပြုလူနာစုစုပေါင်း (၅၀၅,၅၈၄) ဦးနှင့် သေဆုံးသူ (၁၁၄) ဦးရှိပြီး ကမ္ဘာ့ဒေသအသီးသီးရှိ နိုင်ငံ/ဒေသပေါင်း (၁၄၁) ခုအထိ ကျယ်ပြန့်စွာ ပျံ့နှံ့ရောက်ရှိနေပြီဖြစ်ကြောင်း သိရှိရပါသည်။**
- **ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့် ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။**
- **သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်း ကိုဗစ်–၁၉ ရောဂါပိုးနှင့် ပတ်သက်၍ မိဘပြည်သူများအနေဖြင့် အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများ အနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။**
- **ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

## ၆-၁ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၈၈၀၅၁၈၆ | ၄၁၉၉၉၈၉၆ | ၈၅၃၆၁၂ |
| ၂။ | အိန္ဒိယ | ၃၅၁၀၉၂၈၆ | ၃၄၃၄၂၂၅၅ | ၄၈၂၈၇၆ |
| ၃။ | ဘရာဇီး | ၂၂၃၅၁၁၀၄ | ၂၁၅၆၇၈၄၅ | ၆၁၉၅၅၉ |
| ၄။ | ဗြိတိန် | ၁၃၈၃၅၃၃၄ | ၁၀၅၆၇၆၇၂ | ၁၄၉၂၈၄ |
| ၅။ | ပြင်သစ် | ၁၀၉၂၁၇၅၇ | ၈၃၃၅၉၀၃ | ၁၂၄၈၀၉ |
| ၆။ | ရုရှား | ၁၀၆၀၁၃၀၀ | ၉၆၂၃၆၇၇ | ၃၁၃၈၁၇ |
| ၇။ | တူရကီ | ၉၇၁၈၈၆၁ | ၉၁၉၂၁၆၇ | ၈၃၀၇၅ |
| ၈။ | ဂျာမနီ | ၇၃၄၂၂၁၆ | ၆၆၂၆၅၀၀ | ၁၁၃၉၀၂ |
| ၉။ | စပိန် | ၆၉၂၂၄၆၆ | ၅၁၂၄၂၂၁ | ၈၉၈၃၇ |
| ၁၀။ | အီတလီ | ၆၇၅၆၀၃၅ | ၅၁၉၆၆၄၂ | ၁၃၈၂၇၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၆– ၁ – ၂၀၂၂

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၆၄၆၆၉ | ၄၁၁၅၃၅၈ | ၁၄၄၁၁၆ |
| ဖိလစ်ပိုင် | ၂၈၈၈၉၁၇ | ၂၇၈၀၆၁၃ | ၅၁၇၄၃ |
| မလေးရှား | ၂၇၇၃၁၅၆ | ၂၇၀၁၈၀၈ | ၃၁၆၀၉ |
| ထိုင်း | ၂၂၄၅၂၅၀ | ၂၁၈၅၅၀၂ | ၂၁၇၈၀ |
| ဗီယက်နမ် | ၁၈၁၇၇၂၁ | ၁၄၃၆၀၄၆ | ၃၃၄၇၅ |
| မြန်မာ | ၅၃၁၆၂၄ | ၅၀၉၆၀၀ | ၁၉၂၈၄ |
| စင်ကာပူ | ၂၈၂၄၀၁ | ၂၇၇၃၆၇ | ၈၃၄ |
| ကမ္ဘောဒီးယား | ၁၂၀၅၅၃ | ၁၁၆၉၈၂ | ၃၀၁၅ |
| လာအို | ၁၁၅၈၇၀ | ၁၀၇၃၃၀ | ၄၁၁ |
| ဘရူနိုင်း | ၁၅၅၃၂ | ၁၅၃၃၁ | ၉၈ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# ကျိုင်းတုံမြို့နယ် လွိုင်မွေကျေးရွာ၌ ချယ်ရီပန်းပွဲတော် ၂၀၂၂ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် လွိုင်မွေကျေးရွာ၌ ချယ်ရီပန်းပွဲတော် ၂၀၂၂ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ချယ်ရီပန်းပွဲတော် ၂၀၂၂ ဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကားများ ပြောကြားကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရှမ်း၊ အာခါ၊ လားဟူ တိုင်းရင်းသားများ၏ ရိုးရာအကများဖြင့် ဖျော်ဖြေမှုအားကြည့်ရှုကြပြီး ချီးမြှင့်ငွေများ ပေးအပ်ကာ ချယ်ရီပန်းပွဲတော်ကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှု

**နေပြည်တော် ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များကို ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညွှန်ကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၅ ရက်တွင်ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၀၂ ဦး၊ အမျိုးသမီး ၁၁၄ ဦး စုစုပေါင်း ၂၁၆ ဦး၊ ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၂၅ ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၂၉ ဦးတို့ကို လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကရင်ပြည်နယ် လေးကေ့ကော်ဒေသရှိ ကျေးရွာများမှပြည်သူများ ၎င်းတို့နေရပ်အသီးသီးသို့ ဆက်လက်ဝင်ရောက်၊ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေး

**နေပြည်တော် ဇန်နဝါရီ ၆**

ကရင်ပြည်နယ် လေးကေ့ကော်ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုများရှိလာပြီး တစ်ဖက်နိုင်ငံသို့ ထွက်ပြေး တိမ်းရှောင်နေသည့် အပြစ်မဲ့ပြည်သူများ ပြန်လည်နေထိုင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ထွက်ပြေးတိမ်းရှောင်နေသူများမှာ မိမိတို့နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လျက်ရှိသည်။

ထိုသို့ ဝင်ရောက်လျက်ရှိရာ ယနေ့တွင် မယ်ထော်သလေးကျေးရွာသို့ အမျိုးသား ၄၅ ဦး၊ အမျိုးသမီး ၃၈ ဦး စုစုပေါင်း ၈၃ ဦးသည် ၎င်းတို့နေရပ်သို့ အသီးသီး ထပ်မံပြန်လည်ဝင်ရောက်လာကြောင်းနှင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှ ယနေ့အထိလေးကေ့ကော်ဒေသအတွင်းရှိ ကျေးရွာများသို့ အမျိုးသား ၃၁၅၃ ဦး၊ အမျိုးသမီး ၃၅၅၃ ဦး စုစုပေါင်း ၆၇၀၆ ဦး နေရပ်အသီးသီးသို့ပြန်လည်ဝင်ရောက်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျလက်ခံခဲ့ကာ သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေး ဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကိုလည်း စနစ်တကျဆောင်ရွက်ပေးပြီး အခြားလိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ညောင်ရွှေမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်ရေး စည်းဝေး

**ညောင်ရွှေ ဇန်နဝါရီ ၆**

ဒေသတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုလျော့ချရေးနှင့် ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေး အစည်းအဝေးကို ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီခွဲက ရှမ်းပြည်နယ် ညောင်ရွှေမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဦးက ညောင်ရွှေမြို့နယ်ကို Stay at Home အစီအစဉ်မှ ပယ်ဖျက်လျှော့ချပေးပြီးဖြစ်သော်လည်း ပေါ့ဆမှုမရှိကြစေရန်၊ မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုများ ကာကွယ်တားဆီးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိကြရန်၊ တိုင်းရင်းသားဘာသာစကားများဖြင့် ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေး အသိပညာပေး နှိုးဆော်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန် ထည့်သွင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ သစ်လွင်သိမ်းက ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးပြီး အစည်းအဝေးတက်ရောက်လာသူများက ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# တရားမဝင် ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၆

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဇန်နဝါရီ ၄ ရက်တွင် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် မော်တော်ယာဉ်များကို စစ်ဆေးခဲ့ရာ စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ရေနွေးအိုး ၄၀၀၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၈၀၀၀၀ ကို စစ်ဆေးတွေ့ရှိရသဖြင့် သိမ်းဆည်း၍ အမှုဖွင့်လှစ် ဆောင်ရွက်ခဲ့သည်။**

အလားတူ ဇန်နဝါရီ ၅ ရက်တွင် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း တာဝန်ကျ အကောက်ခွန်အဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်နေစဉ် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့်ယာဉ်များကို စစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Speaker ၃၁ ခု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၆၅၀၀၀၀ ကိုလည်းကောင်း၊ ထိုင်းနိုင်ငံထုတ် အမွှေးဆပ်ပြာရည် အထုပ် ၁၀၀ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၅၀၀၀၀ တွေ့ရှိရသဖြင့် သိမ်းဆည်း၍ အမှုဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။



ထို့အတူ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းအနီးရှိ ရွှေဖြူရော်ဘာခြံ ရှောင်ကွင်းလမ်းကြားတွင် ယာဉ်တစ်စီး ရပ်တန့်ထားကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မြဝတီ ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၉၇/၆)မိုင်အနီးရှိ လမ်းကြားအတွင်း ရပ်တန့်ထားသော ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသည့် Dietary Supplement Product ၆ ဖာ ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၈၀၀၀၀၀ ကို စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါကုန်ပစ္စည်းများ တင်ဆောင်လာသည့် MITSUBISHI အမျိုးအစား ကုန်တင်ယာဉ် ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၆၅၀၀၀၀ တို့ကို သိမ်းဆည်း၍ အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။









သို့ပါ၍ ဇန်နဝါရီ ၄ ရက်တွင် ဖမ်းဆီးရမိမှု ၁ မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၈၀၀၀၀ နှင့် ဇန်နဝါရီ ၅ ရက်တွင် ဖမ်းဆီးရမိမှု ၄ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၆၅၀၀၀၀ ဖြစ်၍ စုစုပေါင်း ဖမ်းဆီးရမိမှု ၅ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၉၂၃၀၀၀၀ ဖြစ်ပြီး အဆိုပါ ဖမ်းဆီးရမိမှုများနှင့် ပတ်သက်၍ အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့၌ ငွေကျပ်သိန်း ၅၉၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

မြစ်ကြီးနားမြို့တွင် ငွေကျပ်သိန်း ၅၉၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၄ ရက် ညနေ ၆ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့သစ်ကြီး (ဂျန်မိုင်ကောင်း) ရပ်ကွက်၊ အိမ်အမှတ်(၂၄၉)နေ မခေါန်ဆန်၏ နေအိမ်အား သတင်းအရ ရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၅၉၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၃ ဒသမ ၇၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၃၆ သိန်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



မခေါန်ဆန် ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# မြောက်ဥက္ကလာပ၊ မင်္ဂလာဒုံနှင့် မှော်ဘီမြို့နယ်တို့၌ စိတ်ကြွမူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ၅ ရက် နံနက် ၅ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် အမှတ် (၂) ရပ်ကွက်တွင် အောင်သက်ဦးကို မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ကေရာဇ်ရပ်ကွက် ရန်ကုန်-ပဲခူးသွားကားလမ်းရှိ ထမင်းဆိုင်ရှေ့တွင် အာကာမင်း (ခ) ဆိုဒ်ကြီး (ခ) ငဆိုဒ်နှင့် လင်းခန့် (ခ) ငခန့်တို့ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းတို့ နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၄၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် မှော်ဘီမြို့နယ် ဘွက်ကြီးကျေးရွာအုပ်စု ရဲစုကျေးရွာတွင် ပြည့်ဖြိုးမောင်(ခ) ကိုဖြိုးကို စိတ်ကြွရူးသွပ်ဆေးပြား ၂၀ နှင့်လည်းကောင်း၊ မွန်းလွဲ ၃နာရီခွဲတွင် မင်္ဂလာဒုံမြို့နယ် မြသီတာရပ်ကွက်နေ ထွန်းထွန်းလင်း (ခ) ကိုထွန်းကို ၎င်း၏ နေအိမ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀ နှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



လင်းခန့်၊ အာကာမင်း၊ ပြည့်ဖြိုးမောင်၊ ထွန်းထွန်းလင်း တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ် (ဝဲမှယာ)။

# သုဝဏ္ဏဝတီမြို့ ကမ္ဘောဇရတနာဘဏ်၌ အနုကြမ်းစီး ငွေလုယက်မှုဖြစ်ပွား

**သုဝဏ္ဏဝတီမြို့ ဇန်နဝါရီ ၆**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ မြို့မဈေးရှေ့ရှိ ကမ္ဘောဇရတနာဘဏ် (ကျိုက္ကော်) ၌ ဇန်နဝါရီ ၆ ရက် နံနက် ၁၁ နာရီတွင် လူတစ်စုက ဘဏ်အတွင်း ဝင်ရောက်၍ ဘဏ်ငွေများ (စိစစ်ဆဲ) ကို အနုကြမ်းစီး ယူဆောင်သွားခဲ့ကြောင်း သိရသည်။




**လူထိခိုက်ဒဏ်ရာမရရှိ**

အခင်းဖြစ်ပွားသည့်နေရာသို့ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ သိမ်ဆိပ် နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ဘဏ်အတွင်းရှိ ဘဏ်ဝန်ထမ်းများ၊ ဘဏ်သို့ ငွေသွင်း၊ ငွေထုတ်ရန် လာရောက်သူ မျက်မြင်သက်သေများအား စစ်ဆေးမေးမြန်းနေကြောင်း၊ လုယက်သူများထံ ပါသွားသော ဘဏ်ငွေများကို အတိအကျ သိရှိရအောင် စစ်ဆေးနေဆဲဖြစ်ကြောင်းနှင့် လူထိခိုက်ဒဏ်ရာမရရှိကြောင်း သိမ်ဆိပ်နယ်မြေရဲစခန်းမှ သိရသည်။

**ရှာဖွေစစ်ဆေး**

ဘဏ် အနုကြမ်းစီးသူများသည် ကားတစ်စီးဖြင့် ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသဖြင့် အမြန်ဆုံးဖမ်းဆီးရမိနိုင်ရန် သက်ဆိုင်ရာက ရှာဖွေစစ်ဆေးနေကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# စားသုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှဖြည့်ဆည်းမည့် တောင်ကြီးမြို့နယ် သမဝါယမအသင်းစုပိုင်ဆီစက်

**မျိုးမင်းဦး(သမဦးစီး)**

စားသုံးဆီသည် အစားအသောက်များ ကြော်လှော်ချက်ပြုတ်ရာတွင် မရှိမဖြစ် အရေးပါသောကဏ္ဍ၌ ပါဝင်လျက်ရှိသည်။ စားသုံးဆီဟုဆိုရာတွင် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ဟင်းသီးဟင်းရွက်ဆီ၊ စားအုန်းဆီ စသည်ဖြင့် စားသုံးဆီ အမျိုးအစားပေါင်း များစွာရှိပါသည်။ ထိုအမျိုးအစားများထဲမှ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့ကို ပြည်တွင်း၌ အများဆုံးထုတ်လုပ်ပြီး ဟင်းသီးဟင်းရွက်ဆီနှင့် စားအုန်းဆီတို့ကို ပြည်ပမှ အများအပြား မှာယူတင်သွင်းနေရပေသည်။

မိမိပြည်တွင်းရှိ စားသုံးဆီလိုအပ်ချက်များကို မိမိပြည်တွင်း၌ ပြည့်မီစွာ ထုတ်လုပ်နိုင်ခြင်းမရှိသောကြောင့် ပြည်ပမှတင်သွင်းနေရခြင်းဖြစ်သည်။ ပြည်တွင်း၌ စားသုံးဆီများကို လုံလောက်စွာ ထုတ်လုပ်နိုင်ပါက ပြည်ပမှ တင်သွင်းစရာမလိုဘဲ နိုင်ငံတော်၏ နိုင်ငံခြားငွေသုံးစွဲရမှုကို တစ်ဖက်တစ်လမ်းမှ လျှော့နည်းစေမည်ဖြစ်သည်။

ထိုသို့ နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသော စားသုံးဆီများကို တောင်ကြီးမြို့နယ် သမဝါယမအသင်းစုပိုင်ဆီစက်က တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးလျက်ရှိပါသည်။

**လုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

တောင်ကြီးမြို့နယ် သမဝါယမအသင်းစုပိုင် တောင်ကြီးဆီစက်ကို ၆-၁၁-၂၀၀၁ ရက်က စတင်တည်ထောင်ခဲ့ပြီး စက်ရုံတည်နေရာမှာ ဗိုလ်ချုပ်လမ်း (၂၂)လမ်းထိပ်၊ စက်မှုဇုန်၊ အေးသာယာမြို့နယ် တောင်ကြီးမြို့ ဖြစ်သည်။

ဆီစက်မှ မြေပဲဆီကိုသာ အဓိကထုတ်လုပ်ကြောင်း၊ ထုတ်လုပ်နိုင်မှုစွမ်းအားမှာ တစ်နှစ်လျှင် မြေပဲဆီ ပိဿာ ၁၂၀၀၀ (တန်ဖိုးအားဖြင့် ကျပ်သိန်း ၃၀၀) နှင့် မြေပဲဖတ် ပိဿာ ၆၈၄၀(တန်ဖိုးအားဖြင့် ကျပ် ၆၈ ဒသမ ၄ သိန်း)၊ စုစုပေါင်း ကျပ် ၃၆၈ ဒသမ ၄ သိန်းဖိုး ထုတ်လုပ်နိုင်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် ထပ်မံတိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တစ်နှစ်လျှင် မြေပဲဆီ ၂၄၈၃၂ ပိဿာ (တန်ဖိုးအားဖြင့် ကျပ်သိန်း ၁၆၀၀) နှင့် မြေပဲဖတ် ၃၅၃၈၅ ပိဿာ (တန်ဖိုးအားဖြင့် ကျပ် ၃၅၃ သိန်း) စုစုပေါင်း ကျပ် ၁၉၅၃ သိန်းဖိုး တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဈေးကွက်ထိုးဖောက်နိုင်ရေးဆောင်ရွက်**

တောင်ကြီးမြို့နယ် သမဝါယမအသင်းစုမှ ထုတ်လုပ်သော မြေပဲဆီကို အခြေခံ သမဝါယမအသင်းများနှင့် သမဝါယမမိသားစုဝင်များသို့ နှစ်လဆိုင်းအကြွေးစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ ပြင်ပစားသုံးသူများသို့ ငါးပိဿာနှင့်အထက်ကို လက်ကားဈေး တစ်ပိဿာလျှင် ကျပ် ၇၅၀၀ နှုန်းဖြင့်လည်းကောင်း၊ ငါးပိဿာအောက်ကို လက်လီဈေး တစ်ပိဿာလျှင် ကျပ် ၈၀၀၀ နှုန်းဖြင့်လည်းကောင်း ရောင်းချလျက်ရှိကြောင်း သိရသည်။

ဈေးကွက်ဖော်ဆောင်မှုအနေဖြင့် ဒေသတွင်းသာမက ဒေသပြင်ပ ဈေးကွက်များသို့လည်း တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း၊ ဈေးကွက်အတွင်း တွင်ကျယ်စွာ ရောင်းချနိုင်ရေးအတွက် ပြည်နယ်အတွင်းရှိ ကုန်စည်ဒိုင်နှင့်လည်းကောင်း၊ အခြား မြို့နယ် သမဝါယမအသင်းများနှင့်လည်းကောင်း ချိတ်ဆက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဈေးကွက်ဖော်ဆောင်မှုအနေဖြင့် ဒေသတွင်းသာမက ဒေသပြင်ပဈေးကွက်များသို့လည်း တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း၊ ဈေးကွက်အတွင်း တွင်ကျယ်စွာ ရောင်းချနိုင်ရေးအတွက် ပြည်နယ်အတွင်းရှိ ကုန်စည်ဒိုင်နှင့်လည်းကောင်း၊ အခြား မြို့နယ်သမဝါယမအသင်းများနှင့်လည်းကောင်း ချိတ်ဆက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်**

**အကျိုးကျေးဇူးများရရှိ**

အချုပ်အားဖြင့်ဆိုသော် တောင်ကြီးမြို့နယ် သမဝါယမအသင်းစုပိုင် တောင်ကြီးဆီစက်သည် ဈေးနှုန်းသက်သာပြီး အရည်အသွေးပြည့်ဝသော မြေပဲဆီစစ်စစ်များကို ထုတ်လုပ်လျက်ရှိရာ အမြတ်အစွန်းကို အဓိကမထားဘဲ စေတနာကိုသာ အဓိကထားပြီး အသင်းဝင်၊ အသင်းသားတို့၏အကျိုးကို ရှေးရှုလျက် နိုင်ငံတော်အတွင်း စားသုံးဆီလိုအပ်ချက်များကို သမဝါယမ၏ စွမ်းဆောင်နိုင်မှုစွမ်းအားဖြင့် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးလျက်ရှိကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

# သုဝဏ္ဏဝတီမြို့၌ ရော်ဘာစေးထွက်ရှိမှုနည်းလာ၍ ဈေးနှုန်းတိုးမြင့်လာနိုင်

**သုဝဏ္ဏဝတီ ဇန်နဝါရီ ၆**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ အနီးပတ်ဝန်းကျင် ကျေးရွာများရှိ ရော်ဘာစိုက်ခင်းများမှ ရော်ဘာစေးထွက်ရှိမှု နည်းလာသည်နှင့်အတူ ရော်ဘာဈေးနှုန်းများ မြင့်တက်လာနိုင်ကြောင်း သိရသည်။

ရော်ဘာရာသီစတင်ချိန်က အစေးထွက်ရှိမှု ကောင်းခဲ့သော်လည်း ယခုအချိန်မှာ ရော်ဘာပင်များ အရွက်ကြွေချိန်၊ ရွက်နုလဲချိန်ဖြစ်သဖြင့် မြေအစိုဓာတ်နည်းလာပြီး ရော်ဘာစေး အထွက်နည်းလာကြောင်း၊ ယခင်နှစ်ကုန်ပိုင်းအချိန်က တစ်ပေါင်လျှင် ၉၂၅ ကျပ်နှုန်းခန့် ဈေးရရှိသော်လည်း ယခုအခါ မှိုင်းကျ တစ်ပေါင်လျှင် ကျပ်တစ်ထောင်ခန့် ဈေးနှုန်းတက်လာကြောင်း ထုံးဘိုကြီးကျေးရွာမှ ရော်ဘာစိုက်ပျိုးသူ ဦးသိန်းထွန်းက ပြောသည်။

သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်ရှိ ရွှေလက်ဆောင် ရော်ဘာရောင်းဝယ်ရေးမှ ဦးထင်လင်းစိုးကလည်း “ပြီးခဲ့တဲ့နှစ် ၉ လပိုင်းမှာ စတင်ဝယ်ယူခဲ့တုန်းက ကျပ်တစ်ထောင်ခန့် ဈေးရှိပြီး နောက်ပိုင်းမှာ ကျပ် ၈၅၀ ခန့် ဈေးကျခဲ့ပါတယ်။ အခုတော့ ကျပ်တစ်ထောင်နဲ့ ဝယ်ယူနေပါတယ်။ တစ်နေ့ကို ပေါင်တစ်သောင်းခွဲလောက် ဝယ်ယူရရှိပါတယ်။ ရော်ဘာဈေးနှုန်းထပ်တက်ဖို့ အလားအလာရှိပါတယ်”ဟု ပြောသည်။

ယခုအခါ တစ်နိုင်တစ်ပိုင် ရော်ဘာခြံလုပ်ငန်းလုပ်ကိုင်သူ တောင်သူများအနေဖြင့် ရော်ဘာစေးခြစ်ယူရာတွင် ထက်ဝက်စားစနစ်ဖြင့် လုပ်ကိုင်သူ များပြားလာမှု၊ ရော်ဘာစေးအထွက်နှုန်း လျော့နည်းလာမှု၊ အလုပ်သမားများ ပျက်ရက်များလာမှု စသည့် အခက်အခဲအချို့ ရှိနေသော်လည်း ရော်ဘာဈေးနှုန်းမှာ ပုံမှန်ဈေးနှုန်း ရရှိလာသောကြောင့် မိသားစုစားဝတ်နေရေးအတွက် ဆက်လက်၍ လုပ်ငန်းများလုပ်ကိုင်ရောင်းဝယ်နေကြရကြောင်း သိရသည်။ **ခွန်(ဝင်းပ)**



# ညောင်ဦးမြို့နယ်၌ လူဦးရေ တစ်သိန်းခွဲနီးပါး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးပြီးဖြစ်

**ညောင်ဦး ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးပေးလျက်ရှိရာ ဇန်နဝါရီ ၅ ရက်အထိ ၁၄၄၅၁၉ ဦးအား ထိုးနှံပေးပြီးဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ သိရသည်။

ညောင်ဦးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးပေးခြင်းကို သတ်မှတ်စုရပ်နေရာ ၁၂ နေရာ၌ ဆောင်ရွက်လျက်ရှိသည်။ ဆေးထိုးနှံပေးပြီးမှုမှာ ပထမအကြိမ် ဆီနိုဖမ်းကာကွယ်ဆေး ထိုးနှံပေးနိုင်မှု လူဦးရေ ၈၈၅၃၀၊ ဒုတိယအကြိမ် ဆီနိုဖမ်းကာကွယ်ဆေး ထိုးနှံပေးနိုင်မှု ၄၉၀၀၅ ဦး၊ ပထမအကြိမ် ဆီနိုဗက်ကာကွယ်ဆေး ထိုးနှံပေးနိုင်မှု လူဦးရေ ၃၇၃၀ နှင့် ဒုတိယအကြိမ် ဆီနိုဗက်ကာကွယ်ဆေး ထိုးနှံပေးနိုင်မှု ၃၂၅၄ ဦး စုစုပေါင်း ၁၄၄၅၁၉ ဦးဖြစ်ကြောင်း သိရသည်။

ဆေးခွဲတမ်းရရှိမှုအပေါ် မူတည်၍ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိသလို ဝေးလံသည့် ကျေးရွာများသို့လည်း နယ်လှည့်ဆေးထိုးအဖွဲ့များဖြင့် လိုက်လံထိုးနှံပေးလျက်ရှိကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ သိရသည်။ **မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# လားရှိုးမြို့၌ Welcome to LASHIO အလှဆင်ဆိုင်းဘုတ် တပ်ဆင်ပြီးစီး

**လားရှိုး ဇန်နဝါရီ ၆**

လားရှိုးမြို့ ရပ်ကွက်(၁၂) အောတီတံတားအနီး၌ Welcome to LASHIO အလှဆင်ဆိုင်းဘုတ်ကို လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနက ဇန်နဝါရီ ၃ ရက်တွင် တပ်ဆင်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။




အဆိုပါဆိုင်းဘုတ်ကို ရှမ်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ် ၄၇၈၆၀၀၀ ဖြင့် ၂၀၂၁ ဒီဇင်ဘာ ၂၄ ရက်က စတင်တပ်ဆင်ခဲ့ခြင်းဖြစ်ကာ ဇန်နဝါရီ ၃ ရက်တွင် တပ်ဆင်ပြီးစီးခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် အဆိုပါဆိုင်းဘုတ်နေရာ၌ ရှုခင်းလာရောက်ကြည့်ရှုသူများ၊ ဓာတ်ပုံရိုက်သူများ လာရောက်လျက်ရှိသည်။

လားရှိုးမြို့၌ ပထမဆုံး We Love LASHIO ဆိုင်းဘုတ်ကို ရန်တိုင်းအောင်ဘုရားအနီးရှိ လားရှိုး-သိန္နီ မြို့တွင်းလမ်းမကြီးဘေး၌ ပထမဆုံး တည်ဆောက်ခဲ့ခြင်းဖြစ်ကာ ယခုတည်ဆောက်ပြီးသည့် အလျား ၃၄ ပေ၊ အမြင့် ၁၄ ပေရှိ Welcome to LASHIO ဆိုင်းဘုတ်မှာ ဒုတိယတစ်ခုအဖြစ် ထပ်မံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း စည်ပင်သာယာရေးဌာနမှ သိရသည်။ **ဟန်ဌေး**

# (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့အကြို စာစီစာကုံးပြိုင်ပွဲကျင်းပ

**ဝိုင်းမော် ဇန်နဝါရီ ၆**

ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်မည့် (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ အကြိုအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဝိုင်းမော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ဇန်နဝါရီ ၅ ရက်က ကျင်းပသည်။ မြို့နယ်ပညာရေးမှူးရုံးမှဦးဆောင်မှုဖြင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို “ဂုဏ်ပြုလျက်သာ ကချင်ပြည်နယ်နေ့မှာ”ခေါင်းစဉ်၊ အလယ်တန်းအဆင့်ပြိုင်ပွဲကို “စည်းလုံးညီညာ ကချင်ပြည်နယ်နေ့မှာ” ခေါင်းစဉ်နှင့် မူလတန်းအဆင့်ပြိုင်ပွဲကို “ကချင်ပြည်နယ်နေ့ ဒို့မမေ့”ခေါင်းစဉ်များဖြင့် ကျင်းပခဲ့ရာ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများသည် ပြည်နယ်အဆင့်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၆-၁-၂၀၂၂) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antiviral** | | | | |
| 1 | Injection-Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 2 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 3 | Injection Enoxa-prim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| **Symptomatic** | | | | |
| 4 | P.O Paraacetamol 500 mg | 10x10's tablets/Box | 1500 | AA Medical |
| 5 | P.O Dextrometh-ophan | 10x10's | 1450 | AA Medical |
| 6 | P.O Bromhexine | 10x10's tablets/Box | 1000 | Medical Myanmar |
| 7 | P.O Cetrizine | 10x10's/ Box | 2200 | AA Medical |
| **Supportive** | | | | |
| 8 | P.O Multivitamin with/without zinc | 3X10's/ Box | 5600 | OLIVE |
| 9 | P.O Vitamin C | 10X10's/ Box | 700 | Pai Brother |
| 10 | P.O Pantocid | 10X10's/ Box | 7000 | PL |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mcc-pmd.org)နှင့် Facebook Page https://www.facebook.com/ 32330 252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်

## ဂွမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

ဂွ ဇန်နဝါရီ ၆- ရခိုင်ပြည်နယ် ဂွမြို့နယ်၌ အသက်(၁၂)နှစ်အထက် ကျောင်းသား ကျောင်းသူများအား တတိယအသုတ် (ဒုတိယအကြိမ်) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီခွဲက စုရပ်သုံးခုဖြစ်သည့် သာသနာ့ဗိမာန် အ.ထ.က (ဆပ်သွား)နှင့် ကျိန္တလီထွေ/အုပ် အစည်းအဝေးခန်းမ၌ ထိုးနှံပေးသည်။ ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်တွင်းရှိ ကျောင်းသား ကျောင်းသူ ၉၉၀ အား ကိုဗစ်-၁၉ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက စနစ်တကျထိုးနှံပေးကြောင်း သိရသည်။

ရွှေရည်ဝင်းကျော်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ - ၁ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၂၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၁၇၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၂၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၁၄၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၃၅၀/၁၃၉၀ ကျပ် | ၁၃၉၅/၁၄၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၃၆၀/၁၄၁၀ ကျပ် | ၁၄၀၅/၁၄၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၃၈၅/၁၄၀၅ ကျပ် | ၁၄၃၅/၁၄၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၃၅/၁၄၇၀ ကျပ် | ၁၅၄၀/၁၅၆၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၀ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၇ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၁၄၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၃၄ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၂ . ၈၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၈ . ၉၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၉၀၁ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၃၀၀ | ၈၁၀၀ | ၅၈၀ | ၄၇၅၂၈၀၀ |
| MTSH | ၃၀၅၀ | ၃၀၅၀ | ၁၂၃၉ | ၃၇၇၆၄၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၀၀ | ၂၂၀၀ | ၄၅၀ | ၁၀၁၀၀၀၀ |
| EFR | ၂၉၅၀ | ၂၉၀၀ | ၁၁ | ၃၂၄၀၀ |
| AHP | ၆၀၀၀ | ၅၈၀၀ | ၄၀ | ၂၃၈၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm


## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၁-၂၀၂၂ သောကြာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** MRTV Travelogue
**၀၈:၃၅** ပန်းစုံရနံ့ထုံမွှန်းကြိုင်သည့်အလှမြို့တော်
**၀၉:၁၅** မျက်မှောက်ရေးရာအဖြာဖြာ
**၀၉:၃၅** Soccer View
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၅** လူမှုစီးပွားမြင်ကွင်းများ
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါးအချစ်ချိုချို' (အပိုင်း-၁၂)
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ဇီဝဗေဒဘာသာရပ်'
**၁၅:၂၀** ရုပ်မြင်သံကြားဇာတ်လမ်း 'ပဥ္စလက်ခြင်းလုံး'
**၁၆:၃၅** လူငယ်မျိုးဆက်သစ်အစီအစဉ်
**၁၇:၁၅** ကူညီစွမ်းအားဓာတုနည်းပညာများ
**၁၇:၃၀** Weekly Sports Info
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါးအချစ်ချိုချို' (အပိုင်း-၁၉)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** တူယှဉ်နွဲပျော်ဂီတပွဲတော်သီချင်းဆိုပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပွဲစဉ်-၇) (ပြဋ္ဌာန်းတေးသီချင်း)

သောကြာနေ့ ညတိုင်းတွင် တေးဂီတပျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mitv**

**07:01** Zambudipar (Shwe Yee Win)
**07:08** Ecstasy of Life
**07:14** TUK TUK In Myanmar (Mandalay)
**07:28** Great Shwedagon - Charitable Associations
**08:01** Myanmar Puppeteers (U Shwe Yoe & Daw Moe Dance)
**08:11** Discovering Tribes: "Ta'ang (Palaung): their life and customs"
**09:01** News
**09:26** Global Partnership for Brighter Future: Saint Kitts and Nevis Pavilion at Expo 2020 Dubai
**09:36** Myanmar Bamboo Xylophone (or) Pattala
**09:41** Ecotourism: The world Famous Novelist George Orwell's House
**10:01** Thatta Htar Na (Sein Lei Lei)
**10:10** A Lucky Boy
**10:27** Tahbuhla Dam & Oakkan Chaungtha

**MRTV NRC**

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)** ရိုးရာအဆင်များဖြင့်ပေါ်လွင်လှပနေသော ဖိနပ်လေးများ
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** မိတ္ထီလာကန်သို့အလည်တစ်ခေါက်
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)** ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာ
**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)** ရှားစောင်းလက်ပက်ရဲ့အစွမ်း
**ချင်း (ချို) (၁၀:၀၀ မှ ၁၁:၀၀)** နှိုင်းယှဉ်ဆုံးမစကား(စကားပုံများ)
**မွန် (၁၁:၀၀ မှ ၁၃:၀၀)** ငါးဖယ်ခြစ်မရမ်းပြားချက်
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)** ညီငယ်မင်းသားလေးနှင့်ကျွန်တော်
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)** သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့
**ဝ (၁၇:၀၀ မှ ၁၉:၀၀)** " ဝ " ဘာသာစကားပြောကြရအောင် (အပိုင်း-၁)
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)** ကချင်ရိုးရာတစေးနှင့်ခေါင်ရည်ပြုလုပ်ပုံ
**ကယား (၂၁:၀၀ မှ ၂၃:၀၀)** တောင်တန်းမြေမှဖွင့်သောပန်း

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အကျိုးဖျက်ဆီးမှုအကြောင်းသိမှတ်စရာ ဥပဒေမှာ'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၅)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း (ထိုင်းနိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၅)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' တို့ နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel တို့ စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# မူဝါဒစက်ဝန်း

*သိုက်စိုးထွန်း(နတ်ရွာ)*

**မူတစ်ခုဖန်တီးပြီး ချမှတ်ကျင့်သုံးတဲ့အဆင့်ရောက်ဖို့ သွားရတဲ့ခရီးလမ်းတစ်လျှောက်မှာ ကြမ်းတမ်းခက်ထန်မှုတွေကတော့ ကြုံရမှာပါပဲ။ အလွယ်တကူနဲ့တော့ ဖြစ်နိုင်မှာမဟုတ်ပါဘူး။ ကိုယ်အဆိုပြုတဲ့မူနဲ့ ပတ်သက်လို့ ငြင်းချက်တွေ အများကြီးပေါ်လာနိုင်တယ်။ မှားပါတယ်ဆိုပြီး သက်သေသက္ကာယတွေနဲ့ ထုတ်ပြထုချေလာနိုင်တယ်။ အမျိုးမျိုးသော ထိုးနှက်ချက်တွေက ထင်မှတ်မထားတဲ့နေရာတွေကနေ ဘွားခနဲပေါ်လာနိုင်တယ်။ ဒီထက်အခြေအနေဆိုးတာမျိုးတွေလည်း ရှိလာနိုင်ပါသေးတယ်။ ကိုယ်တင်ပြမယ့်မူရဲ့ ထိရှ လွယ်မှုအနေအထားအပေါ် မူတည်ပြီးတော့ အမျိုးမျိုးသော ဘေးအန္တရာယ်တွေက လည်း မူဝါဒပညာရှင်အပေါ်မှာ ကျရောက်လာနိုင်ပါသေးတယ်**

မူဝါဒဖန်တီးသူနဲ့ ဆုံးဖြတ်ချက်ချမှတ်သူ။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနယ်ပယ်မှာ ဒီပုဂ္ဂိုလ်နှစ်မျိုးက အရေးပါတဲ့အခန်းကဏ္ဍမှာ ရှိနေပါတယ်။ မူဝါဒဖန်တီးတဲ့သူက ပညာရှင်၊ အဆုံးအဖြတ်ပြုနိုင်သူကတော့ အခွင့်အာဏာရှိသူလို့ ဆိုကြပါစို့။

ဘယ်လိုဒေသမျိုးမှာဖြစ်ဖြစ် ကောင်းမွန်တဲ့မူဝါဒတွေကို ထုတ်ဖော်ဖန်တီးနိုင်တဲ့သူတွေ အများကြီး ရှိကြမှာပါပဲ။ သိတယ်၊ ဖော်ထုတ်တယ်ဆိုတာနဲ့ သိပေမယ့် မဖော်ထုတ်ဖြစ်ဘူးဆိုတာလောက်ပဲ ကွာလိမ့်မယ် ထင်ပါတယ်။ ကြိုတင်တင်ပြထားလိုတာကတော့ ဒီနေရာမှာရေးမယ့်စကားလုံးတွေမှာ နှစ်သက်သဘောကျစရာများတွေ့ခဲ့ရင် International University of Japan က Professor Hun Myaung Park ကိုသာ ကျေးဇူးတင်ဖို့နဲ့ သဘောမကျစရာတွေတွေ့လာရင်တော့ ဒီစာရေးတဲ့သူရဲ့ သဘောပေါက် နားလည်မှုလွဲမှားချက်တွေလို့သာ ရှုမြင်ကြဖို့ပါ။

### အခက်အခဲပြဿနာကို ရှာဖွေ

မူကောင်းတစ်ခုပေါ်ထွက်လာဖို့အတွက် ပထမဆုံးအဆင့်အနေနဲ့ အများပြည်သူနဲ့ဆိုင်တဲ့ အခက်အခဲပြဿနာတစ်ခုကို ရှာဖွေဖော်ထုတ်ရမှာပါ။ အများပြည်သူနဲ့ ဆိုင်တာတွေထဲကပဲ ဖြစ်ရမှာပါ။ တစ်ဦးတစ်ယောက်တည်း၊ တစ်စုတစ်ဖွဲ့တည်းနဲ့ ဆိုင်တဲ့ပြဿနာတွေကို အများပြည်သူဆိုင်ရာပြဿနာအဖြစ်ရောမမြင်လိုက်မိဖို့ လိုပါတယ်။ ဒီနေရာမှာ ရောသွားတာနဲ့ နောက်ဆက်တွဲအကျိုးဆက်က အတော်လေး တလွဲတချော်ဖြစ်သွားနိုင်ပါတယ်။ အများပြည်သူဆိုင်ရာပြဿနာဆိုတာ ဘာလဲဆိုတော့ ဟောဒါကတော့ ပြည်သူ့ပြဿနာပဲဆိုပြီး အများကအလွယ်တကူ သိမြင်လက်ခံထားတဲ့ ပြဿနာမျိုးပါတဲ့။

စစဉ်းစားပြီ။ အများပြည်သူဆိုင်ရာပြဿနာတွေက ဘာတွေဖြစ်မလဲ။ ဒီကနေ့မျက်မှောက် ပြည်သူတွေခံစားနေရတဲ့ ဒုက္ခသုက္ခတွေက ဘာတွေလဲ။ ဒါကတော့ သိပ်ထွေထွေထူးထူးရှာဖွေဖော်ထုတ်နေဖို့တောင် မလိုပါဘူး။ ကဏ္ဍမျိုးစုံ၊ နယ်ပယ်မျိုးစုံမှာ အခက်အခဲတွေကို အလွယ်တကူတွေ့နိုင်မြင်နိုင်မှာပါ။ ကာလဒေသချင်းတော့ ကွာတာပေါ့လေ။ တချို့နေရာတွေမှာ အခက်အခဲတွေများမယ်။ တချို့နေရာတွေကျတော့ အခက်အခဲပြဿနာဆိုတာ သုတေသနဆန်းစစ်မှုတွေနဲ့ အသေအချာဖော်ထုတ်ကြည့်မှသာ မြင်နိုင်မယ့်အနေအထားမျိုးပေါ့။ အဲဒီလောက်အထိ အဆင်ပြေနေတဲ့နေရာတွေလည်း ကမ္ဘာ့နယ်ပယ်အသီးသီးမှာ ရှိကြဦးမှာပေါ့။ ဒီနေရာမှာ အရေးကြီးတာက မူဝါဒဖန်တီးမယ့်ပညာရှင်တစ်ယောက်အနေနဲ့တော့ အခက်အခဲပြဿနာကို ပြလိုက်ရုံနဲ့ ဒီတာဝန်ကမပြီးပါဘူးတဲ့။ အခက်အခဲကတော့ လူတိုင်းတွေ့နိုင်မြင်နိုင်ပါသတဲ့။ လူတိုင်းအလွယ်တကူ မမြင်နိုင်တာက ဒီအခက်အခဲကို ဘယ်လိုကျော်လွှားမလဲဆိုတဲ့ နည်းနာနိဿယ။ ဒါ့ကြောင့် ပညာရှင်တစ်ယောက်အနေနဲ့ဆိုရင်တော့ “ဟောဒါက ပြဿနာ၊ ဟောဒါက ဖြေရှင်းနည်း” ဆိုပြီး အခက်အခဲနဲ့ ထွက်ပေါက်ကို တစ်ပြိုင်တည်းထုတ်ပြနိုင်မှ တာဝန်ကျေပါသတဲ့။

ဖြေရှင်းနည်းမရှိသေးတဲ့ ပြဿနာတွေ ရှိတော့ ရှိဦးမှာပါ။ များလည်းများနေဦးမှာပါ။ အဲဒါတွေ ခဏထားဦး။ ဖြေရှင်းနည်းမရှိသေးတဲ့ ပြဿနာတွေကို အရင်ဖြေရှင်းတာထက် ဖြေရှင်းနည်းရှိပြီးသားပြဿနာတွေထဲက မထိရ မတို့ရသေးတာတွေကို အရင်စပြီးရှင်းကြလင်းကြရမှာပါတဲ့။

ပြဿနာရဲ့အဖြေဆိုတဲ့နေရာမှာ ဘယ်လိုနည်းလမ်းတွေကိုသုံးပြီး ဖြေရှင်းမလဲ၊ လူအင်အားက ဘယ်လောက်ကုန်မလဲ၊ ဘယ်လိုလူတွေလိုမှာလဲ၊ ကျွမ်းကျင်လုပ်သားအဆင့်လား၊ အခြေခံလုပ်သားလား၊ ပညာရှင်အဆင့်လိုတာလား၊ ငွေကြေးအင်အား၊ ပစ္စည်းပစ္စယအင်အားကော ဘယ်လောက်သုံးရမလဲ၊ အဲဒီ လိုအပ်ချက်တွေကို ဘယ်နေရာကနေရယူဖြည့်ဆည်းနိုင်မလဲ၊ လိုတဲ့အရင်းအမြစ်တွေကို တကယ်ရနိုင်ရဲ့လား၊ တကယ်တမ်းအကောင်အထည်ဖော်ပြီဆိုရင် ဘယ်လိုအခက်အခဲ အတားအဆီးမျိုးတွေ ကြုံလာနိုင်ခြေရှိသလဲ စသည်စသည်အားဖြင့် ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ကြိုးစားဖော်ထုတ်နိုင်ဖို့ လိုပါသတဲ့။ ဖြေရှင်းနည်းကို ဘက်စုံထောင့်စုံက ချဉ်းကပ်တင်ပြမှု မပြုနိုင်သေးသမျှ ပြဿနာရှာဖွေဖော်ထုတ်ရေးလုပ်ငန်းစဉ်ကြီး မပြီးဆုံးသေးပါဘူးတဲ့။

ပြဿနာကဘာလဲ၊ ပြဿနာကို ဘယ်လိုဖြေရှင်းမလဲ။ တစ်နည်းပြောရရင်တော့ လက်ရှိအခြေအနေက ဘာလဲ၊ ကိုယ်ဖြစ်စေချင်တဲ့အနေအထားက ဘယ်လိုမျိုးလဲ၊ အဲဒီအနေအထားရောက်အောင် ဘယ်လိုသွားကြမလဲ၊ ဒီအချက်လေးတွေပါပဲတဲ့။ ဒီအချက်လေးတွေပဲဆိုပေမယ့် အလွယ်တကူလုပ်နိုင်တာမျိုးတော့ မဟုတ်ပါဘူး။ သက်ဆိုင်ရာနယ်ပယ်အလိုက် အတွေ့အကြုံတွေလိုမယ်။ ဉာဏ်ပညာလိုမယ်၊ လေ့လာသုံးသပ်မှုတွေလိုမယ်။

ပဟေဠိလည်းသိပြီ၊ အဖြေကလည်းရှိပြီ။ ဒါဆိုဘာဆက်လုပ်မလဲ။ ဒီအတိုင်းထားလို့ မရသေးဘူးတဲ့။ ဒီဖြေရှင်းနည်းအတိုင်း ဘယ်သူ ရှင်းပေးနိုင်မလဲ၊ ရှင်းနိုင်မယ့်သူဆီသွားပြီး သိအောင် ပြောရဦးမတဲ့။ အိမ်ရှေ့သွား၊ တံခါးခေါက်၊ “ဗျို့ဆရာကြီး၊ ပြဿနာကဒါ၊ ဖြေရှင်းနည်းကဒါပဲဗျို့”ဆိုပြီး ဒီအတိုင်းပြောပြီး ပြန်လာလို့လည်း မရသေးပါဘူးတဲ့။ အဆုံးအဖြတ်ပြုနိုင်မယ့်သူ သဘောပေါက်နားလည် လက်ခံလာအောင် ရှင်းလင်းဖို့ တာဝန်ကျန်ပါသေးတဲ့။

### မူဝါဒဖန်တီးမှုဆိုတာ

မူဝါဒဖန်တီးမှုဆိုတာ အနုပညာတစ်ရပ်လို့ ပြောရင်ဟုတ်သလို၊ အတတ်ပညာတစ်ခုပါလို့ ဆိုရင်လည်း မှန်ပါသတဲ့။ ပြဿနာရဲ့အဖြေကို ရှာဖွေဖော်ထုတ်ရတဲ့ပညာက ခက်သလို ကိုယ်သိမြင်နားလည်လာတဲ့အတိုင်း သက်ဆိုင်သူတွေ သဘောပေါက်နားလည် လက်ခံလာအောင်၊ နားလည်လက်ခံတဲ့အတိုင်း အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ဖြစ်လာအောင် ဆွဲဆောင်စည်းရုံးရတဲ့ပညာကလည်း လွယ်မှာတော့ မဟုတ်ပါဘူး။

ပညာရှင်ရယ်လို့ ဖြစ်လာပြီဆိုရင် ပညာမာန ရှိတတ်ကြပါတယ်။ မူဝါဒပိုင်းဆိုင်ရာပညာရှင်တစ်ယောက်ဖြစ်လာပြီဆိုရင်တော့ ပညာမာနဆိုတာ ထားဖို့သိပ်မဖြစ်နိုင်ပါဘူး။ မင်းတို့ဒါလေးမှ နားမလည်ဘူးလား၊ ဒီလောက်ရှင်းနေတဲ့အကွက်ကိုတောင် မမြင်ဘူးလား၊ ဒီလောက်ရိုးနေတဲ့ပုစ္ဆာကိုတောင် အဖြေမထုတ်နိုင်ဘူးလားဆိုတာမျိုး သွားလုပ်လို့မရပါဘူး။ ဒါမှမဟုတ် “ကိုယ်ကတော့ ကိုယ်မြင်တဲ့အတိုင်း ပြောပြီးပြီ၊ အကောင်အထည်ဖော်တာမဖော်တာ သူတို့တာဝန်ပဲ”ဆိုပြီး အလွတ်ရုန်းသွားဖို့လည်း မသင့်ပြန်ဘူးတဲ့။ အဲသလို အလွတ်ရုန်းသွားမယ်ဆိုရင် ရှေ့ပိုင်းမှာကြိုးစားခဲ့သမျှတွေက သဲထဲရေသွန်ဖြစ်သွားမှာ။ ကိုယ့်အတွက်အကျိုးမရှိတာက အကြောင်းမဟုတ်ဘူး။ အများပြည်သူဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်တဲ့အတွက် ဒီပြဿနာကိုမဖြေရှင်းဖြစ်ရင် ကြာလေနစ်လေဖြစ်မှာက အများပြည်သူပါ။ ဒါ့ကြောင့် မူဝါဒဖန်တီးသူအနေနဲ့ အတ္တမာနကို ခဝါချပြီး ပြည်သူ့အကျိုးစီးပွားအတွက် အကောင်းဆုံးနည်းလမ်းတွေနဲ့ ရှေ့ကိုဆက်နိုင်အောင်ကြိုးပမ်းရမှာပါတဲ့။

မူဝါဒဖန်တီးမှုအနုပညာရဲ့ သဘောကိုက တစ်ဖက်လူကိုဗဟိုပြုရမှာတဲ့။ ဘယ်တစ်ဖက်လူလဲ၊ ကိုယ်မြင်ထားတဲ့ အများပြည်သူဆိုင်ရာပြဿနာရဲ့အဖြေကို အကောင်အထည်ဖော်ဖို့ ဆုံးဖြတ်ချက် ချနိုင်စွမ်းရှိမယ့်သူ။ တစ်ခုတော့ရှိမှာပေါ့လေ၊ အဲဒီတစ်ဖက်လူက ဘယ်သူလဲဆိုတာကို ခွဲခြားနိုင်ဖို့တော့ လိုတာပေါ့။ စချိန်လိုက်ကတည်းက ပစ်မှတ်လွဲနေရင် ထိချက်ကလည်း သေချာပေါက်ချော်သွားမှာပါ။

### အနုပညာမှန်သမျှ ခံစားနားလည်ပုံ ကွဲ

အနုပညာသဘောနဲ့ပြောရရင် အနုပညာဖန်တီးသူနဲ့ အနုပညာခံစားသူပေါ့။ အနုပညာကိုဖန်တီးတဲ့သူကလည်း အနှောင်အဖွဲ့ကင်းကင်းနဲ့ လွတ်လွတ်လပ်လပ် ဖန်တီးလေ့ရှိကြတယ်။ ခံစားတဲ့သူကလည်း အနှောင်အဖွဲ့ ကင်းကင်းနဲ့ လွတ်လွတ်လပ်လပ် ခံစားလေ့ရှိကြတယ်။ ပန်းချီကားတစ်ချပ်ဆိုပါစို့၊ ပန်းချီဆရာကလည်း သူ့ပန်းချီကားကိုသူ ဒါဘာအဓိပ္ပာယ်နဲ့ ဒီလိုဒီလိုရေးဆွဲပါတယ်လို့ ပြောချင်ပြောမယ်၊ ပြောချင်မှလည်း ပြောမယ်။ ပန်းချီမြတ်နိုးသူတွေကြားမှာတော့ ဖွင့်ဆိုပုံတွေ၊ ခံစားနားလည်ပုံ၊ ရှုမြင်ပုံတွေက တစ်ယောက်နဲ့တစ်ယောက် မတူကြတော့ဘူး။ မြတ်နိုးမှုအတိုင်းအတာချင်းလည်း မတူကြတော့ဘူးပေါ့။ ပန်းချီအနုပညာမှ မဟုတ်ပါဘူး။ စာပေ၊ ဂီတ၊ သုခုမနယ်ပယ်က အနုပညာမှန်သမျှ ခံစားနားလည်ပုံ ကွဲကြတာပါပဲ။

မူဝါဒဖန်တီးမှုအနုပညာမှာတော့ အဲသလို ခံစားနားလည်ပုံကွဲပြားနေလို့မရပါဘူးတဲ့။ ဖန်တီးသူနဲ့ ခံစားသူကြားမှာ နားလည်လက်ခံပုံလွဲသွားရင် အန္တရာယ်များသွားတတ်ပါသတဲ့။ ကိုယ်နားလည်ထားတဲ့အတိုင်း တစ်ဖက်ကနားလည်လာအောင်၊ ကိုယ်သဘောပေါက်တဲ့အတိုင်း တစ်ဖက်က သဘောပေါက်လာအောင် ချဉ်းကပ်ဖွင့်ဆိုရှင်းပြရမယ့်တာဝန်က အဓိကတာဝန်တစ်ခုဖြစ်ပါသတဲ့။

အနုပညာတစ်ရပ်အနေနဲ့ ပြောရရင်တော့ ပရိသတ်ဆိုပါစို့။ ကိုယ့်အနုပညာကို ကိုယ့်ပရိသတ်က နားလည်လက်ခံမှဖြစ်မှာ။ နားလည်တာကလည်း သူနားလည်ချင်သလို နားလည်လို့မရဘူး၊ ကိုယ်နားလည် စေချင်တဲ့အတိုင်း နားလည်လက်ခံမှုဖြစ်မှာ။ ဒီတော့ ပရိသတ်အခြေပြုအနုပညာတစ်ရပ် ဖန်တီးရမှာပေါ့။ ဒီနေရာမှာ ပိုသွားတာက အနုပညာကို ဖန်တီးရုံနဲ့မလုံလောက်ဘဲ ခံစားမယ့်ပရိသတ်ဆီအရောက်ပို့ပြီး ဒီဟာက ဒီလို၊ ဟိုဟာကဟိုလိုဆိုပြီး အသေအချာရှင်းလင်းပြောပြပေးရမယ့်တာဝန်ပါ ရှိသေးသတဲ့။ ရှင်းလင်းတယ်ဆိုတဲ့နေရာမှာ နှုတ်နဲ့ရှင်းလင်းတာရှိသလို စာနဲ့ပေနဲ့ရှင်းလင်းတာ၊ တခြားနည်းလမ်း တစ်ခုခုနဲ့ရှင်းလင်းတာတွေလည်း ရှိမှာပေါ့လေ။

ကိုယ့်ပရိသတ်၊ ဒါမှမဟုတ် ကိုယ်ဦးတည်ထားတဲ့သူဆိုပါစို့။ ကိုယ့်မူဝါဒကို သူနားလည်အောင် မကြိုးစားခင် သူဘာလဲဆိုတာ ကိုယ်နားလည်အောင် အရင်ကြိုးစားရမှာပါတဲ့။ သူဘယ်သူလဲ၊ ဘယ်ကလာသလဲ၊ နောက်ခံအခြေအနေက ဘယ်လိုလဲ၊ ဘယ်ဝန်းကျင်တွေကို ဖြတ်သန်းလာသလဲ၊ ဘယ်လိုပညာရပ်တွေ လေ့လာခဲ့သလဲ၊ အခုဘာတွေလုပ်နေသလဲ၊ ဘာတွေလုပ်ခဲ့သလဲ၊ ဘယ်ကိုဦးတည်နေသလဲ။ သူ့ကိုနားလည်မှ ကိုယ်ဖန်တီးတဲ့မူဝါဒကို သူနားလည်လက်ခံလာအောင် ဘယ်လိုချဉ်းကပ်နိုင်မလဲဆိုတဲ့ နည်းနာနိဿယကို တွေ့နိုင်မှာလေ။

“စကားကျယ် နားငယ်မဆံ့၊ စကားငယ် နားကျယ်မနံ့”တဲ့။ ပညာအခြေခံမြင့်ပြီးသားသူကို တောစကားတောင်စကားလေးတွေနဲ့ သွားပြောနေရင် အဆင်ပြေမှာမဟုတ်ပါဘူး။ ဒီလိုပဲ သူလိုကိုယ်လို သာမန်လူတစ်ယောက်ကို ပညာရပ်ဆိုင်ရာစကားလုံးတွေ အများကြီးသွားပြောလိုက်ရင် သူနားလည်မှာ မဟုတ်ပါဘူး။ “ငါကပညာရှင်၊ ငါ့စကားကိုနားလည်ချင်ရင် ဒီပညာတွေ အရင်လေ့လာဦး” ဆိုတာမျိုး သွားလုပ်လို့မရပါဘူး။ ဒီနေရာမှာ ပညာရှင်ကအဓိကမဟုတ်၊ ပရိသတ်ကသာ အဓိကကျပါတယ်။ ကိုယ့်ပရိသတ်က ဘယ်သူလဲ၊ ဘယ်အခြေအနေလဲ၊ သူနားလည်အောင် ဘယ်လိုပြောမလဲ။ သူနားလည်အောင်ပြောဖို့ကိုက ကိုယ့်တာဝန်ပါတဲ့။

မူတစ်ခုဖန်တီးပြီး ချမှတ်ကျင့်သုံးတဲ့အဆင့်ရောက်ဖို့ သွားရတဲ့ခရီးလမ်းတစ်လျှောက်မှာ ကြမ်းတမ်းခက်ထန်မှုတွေကတော့ ကြုံရမှာပါပဲ။ အလွယ်တကူနဲ့တော့ ဖြစ်နိုင်မှာမဟုတ်ပါဘူး။ ကိုယ်အဆိုပြုတဲ့မူနဲ့ ပတ်သက်လို့ ငြင်းချက်တွေ အများကြီးပေါ်လာနိုင်တယ်။ မှားပါတယ်ဆိုပြီး သက်သေသက္ကာယတွေနဲ့ ထုတ်ပြထုချေလာနိုင်တယ်။ အမျိုးမျိုးသော ထိုးနှက်ချက်တွေက ထင်မှတ်မထားတဲ့နေရာတွေကနေ ဘွားခနဲပေါ်လာနိုင်တယ်။ ဒီထက်အခြေအနေဆိုးတာမျိုးတွေလည်း ရှိလာနိုင်ပါသေးတယ်။ ကိုယ်တင်ပြမယ့်မူရဲ့ ထိရှလွယ်မှုအနေအထားအပေါ် မူတည်ပြီးတော့ အမျိုးမျိုးသော ဘေးအန္တရာယ်တွေကလည်း မူဝါဒပညာရှင်အပေါ်မှာ ကျရောက်လာနိုင်ပါသေးတယ်။ ဒါတွေအတွက် ကြိုပြီးစဉ်းစားထားရမှာပါ။ လိုအပ်ရင် ငြင်းပွဲခုံပွဲကိုလည်း ဆင်နွှဲနိုင်ဖို့ အသင့်ပြင်ထားရမှာပါ။ မူတစ်ခုဟာ ဘယ်လိုစမ်းစမ်း အစမ်းခံနိုင်နေရမယ်။ ဒီပေတံနဲ့ တိုင်းလိုက်လို့ ပေမီထောက်မီဖြစ်နေပေမယ့် ဟိုပေတံနဲ့တိုင်းလိုက်တော့မှ စံချိန်မမီစံညွှန်းမမီ ဖြစ်သွားမယ်ဆိုရင် ဒါက ဒီမူမှာ လိုအပ်ချက်တွေရှိနေသေးလို့ဆိုတာကို သဘောပေါက်ရမှာပါ။

လိုအပ်ချက်တွေများနေသေးတဲ့မူတစ်ခုဆိုရင် အများပြည်သူအတွက် ချမှတ်ကျင့်သုံး အကောင်အထည်ဖော်ဖို့ မဖြစ်နိုင်သေးပါဘူး။ အပြစ်အနာအဆာလုံးဝမရှိတဲ့မူ၊ *စာမျက်နှာ ၂၁ သို့*

# ဒီပဲယင်းမြို့နယ်၌ နွေစပါးစိုက်မည့် တောင်သူများအား ယူရီးယားဓာတ်မြေဩဇာများ ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

**ဒီပဲယင်း ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်အတွင်းရှိ နွေစပါးစိုက်တောင်သူများ ဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာဖြင့် သုံးစွဲနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် ယူရီးယားဓာတ်မြေဩဇာများကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းထွန်းထံမှ သိရသည်။



စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သောဓာတ်မြေဩဇာကို ပြည်ပမှ ဈေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူတင်သွင်းရန် ခက်ခဲနေသည့်အချိန်တွင် ပြည်တွင်းဓာတ်မြေဩဇာစက်ရုံများမှ ထုတ်လုပ်သော ယူရီးယားဓာတ်မြေဩဇာများကို လက်ငင်းငွေချေစနစ်ဖြင့် ရောင်းချပေးလျက်ရှိပြီး ပထမအကြိမ် ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် အကျိုးဆောင်တောင်သူများကို ယူရီးယားဓာတ်မြေဩဇာ ၃၂၅ အိတ် ဖြန့်ဖြူးပေးခဲ့ပြီး ဒုတိယအကြိမ်အဖြစ် ၁၀၅၅ အိတ်ကို ဇန်နဝါရီ ၄ ရက်တွင် ဖြန့်ဖြူးပေးခဲ့ကြောင်း၊ ဆက်လက်ပြီး ယူရီးယားဓာတ်မြေဩဇာများကို ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

ထို့အပြင် ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အချိုးကျသုံးစွဲနိုင်ရေး၊ သစ်စိမ်းမြေဩဇာစိုက်ပျိုးသုံးစွဲရေး၊ သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲရေးနှင့် လယ်ယာလုပ်ငန်းတွင် အကျိုးပြုအဏုဇီဝပိုးများ၏ အခန်းကဏ္ဍအရေးကြီးမှုကို တောင်သူများ သိရှိစေရန် ပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းထွန်း(ဒီပဲယင်း)**

# ဝန်းသိုမြို့နယ် ဂွေးကုန်းကျေးရွာတွင် နှစ်စဉ်ပြုပြင်ထိန်းသိမ်းနေရသည့် သစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်

**ဝန်းသို ဇန်နဝါရီ ၆**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက်ကျဉ်းမြောင်းစေရန်နှင့် ကျေးလက်ဒေသ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့်



ဂွေးကုန်းကျေးရွာတွင် အရှည်ပေ ၂၀ ရှိ သစ်သားတံတားကို ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိကြောင်း သိရသည်။ **(အောက်ဝဲပုံ)**

အဆိုပါကျောက်ရိုးစီကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၁၀ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး တံတားအရှည်မှာ ပေ ၂၀၊ အကျယ် ၁၆ ပေ၊ အမြင့် ၁၀ ပေ ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ရွာလေးက ကုန်းတွင်းပိတ်ကျေးရွာ ဖြစ်ပါတယ်။ ကျေးရွာပြည်သူတွေအနေနဲ့ အခုသစ်သားတံတားကို နေ့စဉ်အသုံးပြုဖြတ်သန်းသွားလာနေရတဲ့အတွက် အသုံးပြုတာများတော့ နှစ်စဉ်အမြဲတမ်းလိုလို ပြုပြင်နေရတယ်။ အဲဒါကြောင့် ကျေးရွာရဲ့ပကတိလိုအပ်ချက်ဖြစ်တဲ့ သစ်သားတံတားကို VDP စီမံကိန်းရန်ပုံငွေနဲ့ ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဖို့ ရွေးချယ်အတည်ပြုဆောင်ရွက်ခြင်းဖြစ်ပါတယ်"ဟု ကျေးရွာတာဝန်ခံ ဦးစံထွန်းက ပြောသည်။

အဆိုပါကျေးရွာ ကွန်ကရစ်တံတား အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးပါက အိမ်ခြေ ၄၂ အိမ်၊ လူဦးရေ ၂၀၉ ဦးအတွက် ရာသီမရွေး အခက်အခဲမရှိ ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ပြီး ကျန်းမာရေး၊ ပညာရေးစသည့် ကဏ္ဍအသီးသီးတွင်လည်း အကျိုးပြုနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စာပေဗိမာန် စာအုပ်အသင်း စာအုပ်ဖြန့်ချီ

**နေပြည်တော် ဇန်နဝါရီ ၆**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ လူငယ်စာပေ ပထမဆုရ "ရန်ကုန်ဌေးဇော်" ရေးသားသည့် "အသက်ရှည်ပါရေ" စာအုပ်ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိစာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ရုံးများမှ တစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန် စာအုပ်အသင်း အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြသည်။

**သတင်းစဉ်**

# လွိုင်လင်မြို့နယ်၌ ဝါးအချောထည်ပြုလုပ်နည်းသင်တန်းဖွင့်လှစ်

**လွိုင်လင် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုစေရန်နှင့် တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဝါးအချောထည်ပြုလုပ်နည်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ခေါင်းနွဲ့ကျေးရွာအုပ်စု ခေါင်းနွဲ့ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ လွိုင်လင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဇော်မင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်မင်းထိုက်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ သင်တန်းတက်ရောက်ကြမည့် သင်တန်းသားသင်တန်းသူများအနေဖြင့် ယခုသင်တန်းမှ စာတွေ့လက်တွေ့များဖြင့် သင်ကြားပို့ချပေးမည့် ဝါးအချောထည်ပြုလုပ်နည်း သင်ခန်းစာများအား ဂရုတစိုက်သင်ယူမှတ်သားကြစေလိုကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းသူ သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ သင်တန်းတွင် ရှမ်းပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြများက ဝါးအချောထည်ပြုလုပ်နည်းများကို စာတွေ့လက်တွေ့ ၁၅ ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ**



---

*စာမျက်နှာ ၂၀ မှ*

အချိန်ကာလတိုင်းအတွက် လုံးဝဥဿုံပြီးပြည့်စုံနေတဲ့ မူဆိုတာမျိုးကတော့ မရှိနိုင်ဘူးပေါ့လေ။ အချိန်အခါနေရာဒေသတွေကို အတိုင်းအတာတစ်ခုအထိ ဖြတ်သန်းလွန်မြောက်ပြီးချိန်မှာတော့ လစ်ဟာကွက်တွေ၊ အားနည်းချက်တွေ မြင်လာတွေ့လာရမှာပါပဲ။ အဲဒီအချိန်ကျရင်သာ အားနည်းချက်ကိုဖာထေးဖို့၊ အားသာချက်ဖြစ်အောင် ပြုပြင်သင့်တာပြုပြင်ဖို့ လက်တွန့်မနေဖို့လိုတာပါ။ အရေးကြီးတာကတော့ လတ်တလော ကိုယ်အဆိုပြုမယ့် မူမှာတတ်နိုင်သမျှ အားနည်းချက်အနည်းဆုံးဖြစ်အောင် သုတ်သင်ရှင်းလင်းပြီးတော့ ဒီမူကို အခွင့်အာဏာရှိသူက လက်ခံကျင့်သုံးလာအောင် ချဉ်းကပ်နိုင်ဖို့ပါပဲ။ အပေါ်မှာ တင်ပြခဲ့ပြီးဖြစ်သလိုပါပဲ၊ ဘယ်သူက အခွင့်အာဏာရှိသူဆိုတာကို စိစစ်ရမှာကလည်း မူဝါဒဆိုင်ရာပညာရှင်ရဲ့အလုပ်ပါပဲ။

အဆုံးအဖြတ်ပြုနိုင်သူက လက်ခံလိုက်ပြီဆိုဦးတော့၊ လုပ်ငန်းက မပြီးသေးပါဘူး။ အဆုံးအဖြတ်ကို အကောင်အထည်ဖော်မယ့်သူက ဆုံးဖြတ်ချက်ချသူ တစ်ယောက်တည်းမဟုတ်ပါဘူး။ သက်ဆိုင်သူတွေ အများကြီးရှိနေမှာပါ။ အကောင်အထည်ဖော်ရာလမ်းခရီးတစ်လျှောက်မှာ အတိမ်းအစောင်း အချွတ်အချော်တွေဆိုတာ ဖြစ်လာနိုင်ခြေတွေရှိနေပါသေးတယ်။ ဒီလိုဒီလိုအခြေအနေတွေအတွက်လည်း အချိန်အခါ အားလျော်စွာ လိုအပ်တာတွေ ပံ့ပိုးဖြည့်ဆည်းပေးနိုင်ဖို့အတွက် မူဝါဒပညာရှင်က အသင့်ရှိနေရဦးမှာပါ။

**အများပြည်သူအကျိုးစီးပွား**

အဆုံးအဖြတ်ပြုသူက လက်မခံလိုက်ဘူးလား။ "ကိုယ့်တာဝန်တော့ကျေပြီ၊ သူ့ထိုက်နဲ့သူ့ကံနေရစ်ကြပေတော့"ဆိုပြီး ကိုယ်လွတ်ရုန်းလို့မဖြစ်သေးပြန်ဘူးတဲ့။ ဒီနေရာမှာ သတိချပ်ရမှာက ကိုယ်ဦးတည်ထားတဲ့အကျိုးစီးပွားက မူဝါဒဖန်တီးသူကိုယ်ကိုယ်တိုင်ရဲ့အကျိုးစီးပွားလည်းမဟုတ်ဘူး။ အဆုံးအဖြတ်ပြုနိုင်သူရဲ့ အကျိုးစီးပွားလည်း မဟုတ်ဘူးဆိုတာကိုပါပဲ။ အဓိကဦးတည်ထားတာက အများပြည်သူအကျိုးစီးပွားဖြစ်တဲ့အတွက် အများပြည်သူအကျိုးမရှိမချင်း အကျိုးရှိရာရှိကြောင်း ဘက်ပေါင်းစုံကချဉ်းကပ်သုံးသပ်ပြီး အကောင်အထည်ဖော်ဖြစ်လာအောင် စွမ်းနိုင်သမျှကြိုးပမ်းကြည့်ရမှာပါ။

မူဝါဒစက်ဝန်းလို့ ဆိုခဲ့ပါတယ်။ အများပြည်သူဆိုင်ရာပြဿနာတစ်ရပ်ကို သတိပြုမိချိန်ကစပြီး ဒီပြဿနာကို အကျေအလည်ဖြေရှင်းပြီးချိန်အထိ စက်ဝန်းတစ်ခုဆိုပါတော့။ အစအဆုံးတစ်ပတ်ပြည့်အောင်လည်မှ အဆင်ပြေမှာပါ။ ကြားအဆင့်တွေမှာ နောက်ပြန်လှည့်သွားကြသူတွေရှိပါလိမ့်မယ်။ ရှိရုံမက များကို များနေပါလိမ့်မယ်။ လည်တော့လည်တယ်၊ တစ်ပတ်မပြည့်ဘူးဆိုတာ ဒီအနေအထားမျိုးကို ညွှန်းရမှာပါ။ တစ်ပတ်ပြည့်အောင် လည်နိုင်ဖို့ တကယ်ကိုလိုအပ်ပါတယ်။

ပြဿနာကိုလည်းမြင်နိုင်စွမ်းရှိတဲ့သူ၊ ပြဿနာရဲ့အဖြေကိုလည်း မြင်နိုင်စွမ်းရှိတဲ့သူ၊ ဒီအဖြေကို အကောင်အထည်ဖော်ဖို့ ဘာတွေလိုသလဲဆိုတာကို သိတဲ့သူ၊ လိုနေတာတွေကို ဖြည့်ဆည်းပေးနိုင်မယ့် အရင်းအမြစ်တွေကိုလည်း သိမြင်တဲ့သူ၊ ဒီဖြစ်စဉ်ကြီးကို ရည်ရွယ်ရာအတိုင်း ပေါက်မြောက်အောင်မြင်အောင် ဘယ်လိုပုဂ္ဂိုလ်မျိုးက စွမ်းဆောင်နိုင်မလဲဆိုတာ သိတဲ့သူ၊ စွမ်းနိုင်သူရှိရာဆီကိုလည်း ရဲရဲဝံ့ဝံ့ ချဉ်းကပ်ဝံ့တဲ့သူ၊ နားလည်သဘောပေါက်လက်ခံလာအောင်လည်း ဖွင့်ဆိုရှင်းပြနိုင်တဲ့သူ၊ အဆိုပြုလိုက်တဲ့မူကြောင့် အဆိုပြုသူအပေါ်မှာ ကျရောက်လာနိုင်မယ့် ဘေးအန္တရာယ်တွေကိုလည်း ရင်ဆိုင်နိုင်စွမ်းရှိတဲ့သူ၊ အဆိုပြုလိုက်မယ့်မူဝါဒကို အကောင်အထည်ဖော်ရာ လမ်းခရီးကိုလည်း ဖြောင့်တန်းချောမွေ့အောင် ပံ့ပိုးပေးနိုင်မယ့်သူ။ မူဝါဒစက်ဝန်းမှာ ဒီလိုဒီလိုပညာရှင်တွေ အမြောက်အမြားပေါ်ထွန်းလာပါစေကြောင်း ဆုမွန်တွေ တောင်းနေမိပါရဲ့။ ။

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဇန်နဝါရီ ၆**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရှိသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက် ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## နမ္မတူတွင် အသက် ၁၈ နှစ်နှင့်အထက် တိုင်းရင်းသားပြည်သူများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများ စတင်ထိုးနှံပေး

**နမ္မတူ ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီအနေဖြင့် ဦးတည်အုပ်စုများအလိုက် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီမှ စတင်ကာ ပန်ဟိုက်ရပ်ကွက်ရှိ မြို့တော်ခန်းမ၌ အသက် ၁၈ နှစ်နှင့်အထက် တိုင်းရင်းသားပြည်သူများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ စတင်ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ထိုးနှံပေးရာတွင် နိုဝင်ဘာ ၁၃ ရက်၊ ၁၇ရက်၊ ၁၉ရက်နှင့် ၂၀ရက်တို့တွင် ပထမအကြိမ် ကိုဗစ်ကာကွယ်ဆေးထိုးနှံထားသည့် တိုင်းရင်းသားပြည်သူများအား ယခုဒုတိယအကြိမ်အဖြစ် ကာကွယ်ဆေးထိုးနေရာ နှစ်နေရာခွဲ၍ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံရာနေရာသို့ မြို့နယ် ကိုဗစ်-၁၉ရောဂါကာကွယ်ထိန်းချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းထွန်းက ကြီးကြပ်လျက် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များမှ စေတနာ့ဝန်ထမ်းများက ဆေးထိုးရန်လာရောက်သည့် တိုင်းရင်းသားပြည်သူများအား ကိုယ်ပူချိန်တိုင်းတာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ စာရင်းအချက်အလက်များ ကောက်ယူပေးခြင်းနှင့် လိုအပ်သည်များကို ပူးပေါင်းကူညီဆောင်ရွက်ပေးသည်။

နမ္မတူမြို့နယ်တွင် ဦးတည်အုပ်စုများအလိုက် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယမန်နေ့ညနေပိုင်းအထိ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသည့် ဒေသခံပြည်သူ ၅၅၃၉၉ဦး၊ ကျောင်းသား ကျောင်းသူ ၉၀၂ ဦး၊ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသည့် ဒေသခံ ပြည်သူ ၇၅၁၆ဦးနှင့် ကျောင်းသား ကျောင်း သူ ၂၀၀ စုစုပေါင်းကာကွယ်ဆေး ထိုးနှံပြီးသည့် တိုင်းရင်းသား ပြည်သူများနှင့် ကျောင်းသား ကျောင်းသူ ၁၄၁၅၇ဦး ရှိကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ကော်မတီ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**လူမော်**
**(ပြန်/ဆက်)**

## ဝမ်းတွင်းမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေး

**ဝမ်းတွင်း ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဇန်နဝါရီ ၄ ရက်က ကိုင်းကျေးရွာအုပ်စု၊ ရွှေဖလားကန်ကျေးရွာအုပ်စုနှင့် ရွှေတောင်ကျေးရွာအုပ်စုတို့မှ ပြည်သူများအတွက် ပြုလုပ်ပေးသည်။

မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက အဆိုပါ ကျေးရွာအုပ်စု သုံးခုသို့ အဖွဲ့သုံးဖွဲ့ဖြင့် ကွင်းဆင်း၍ နိုင်ငံသား စိစစ်ရေးကတ်များ ပြုလုပ်ပေးခဲ့ရာတွင် ကျေးလက်နေပြည်သူ ၉၆ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးနိုင်ခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် ပန်းခင်းစီမံချက်ဖြင့် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်များ ကိုင်ဆောင်နိုင်ရေးအတွက် စီမံချက်များ ရေးဆွဲကာ အဖွဲ့များခွဲ၍ ကျေးလက်ဒေသအရောက် ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးအရာရှိ ဦးတင်ထွန်းထံမှ သိရသည်။

**ဌေးလှိုင်(ဝမ်းတွင်း)**

## ရွှေဘိုနယ်ထွက် ပေါ်ဆန်းစပါးများ နှစ်စဉ် ဈေးကွက်ကောင်းမွန်ခိုင်မာ

**ရွှေဘို ဇန်နဝါရီ ၆**

စပါးဈေးကွက် မတည်ငြိမ်မှုများ အနည်းနှင့်အများဆိုသလို ရှိနေသော်လည်း ရွှေဘိုနယ်မှ ထွက်ရှိသည့် ပေါ်ဆန်းစပါး ဈေးကွက်မှာမူ နှစ်စဉ် ကောင်းမွန်ခိုင်မာလျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

"ကျွန်တော်က ပေါ်ဆန်းဘေးကြားကို ၃၈ ဧကဝန်းကျင် စိုက်ပျိုးထားပါတယ်။ ပေါ်ဆန်းက ဈေးကွက်ကောင်းတဲ့အပြင် ကျွန်တော်တို့ဒေသမှာစိုက်ပျိုးတဲ့အခါ အရည်အသွေးကောင်းထွက်တာကြောင့် စိုက်ပျိုးဖြစ်ခဲ့တာပါ။ ရွှေဘိုနယ်ကထွက်တဲ့ ပေါ်ဆန်းဆိုရင် အရည်အသွေးကောင်းမွန်တဲ့အတွက် ဝယ်လက်တွေက သိပ်ပြီးဈေးမများဘူး။ တစ်နိုင်ငံလုံးက စပါးစိုက်တောင်သူတွေထဲမှာ ရွှေဘိုနယ်က တောင်သူတွေက ကံအကောင်းဆုံးလို့ ပြောလို့ရပါတယ်။ ဈေးကွက်ပျက်တာမျိုး မရှိပါဘူး။ ဈေးကွက်ခိုင်မာနေပါတယ်"ဟု ရွှေဘိုမြို့နယ် လိပ်ချင်းကျေးရွာမှ ပေါ်ဆန်းဘေးကြားစပါး စိုက်ပျိုးသူ ကိုမျိုးမင်းသန်းက ပြောသည်။

ပေါ်ဆန်းဘေးကြားစပါး စိုက်ပျိုးရာတွင် ဒေသတစ်ခုနှင့်တစ်ခု စိုက်ပျိုးနည်းစနစ်နှင့် စိုက်ပျိုးကုန်ကျစရိတ်များ မတူညီဘဲ အကြမ်းအားဖြင့် တစ်ဧကစိုက်ပျိုးစရိတ်မှာ ကျပ်လေးသိန်းမှ ကျပ်ငါးသိန်းအတွင်း ကုန်ကျနိုင်ကြောင်း သိရသည်။

"အထွက်နှုန်းကတော့ တစ်ဧကကို တင်း ၇၀ ကနေ တင်း ၁၀၀ ကြား ထွက်ရှိပါတယ်။ အထွက်နှုန်းက သွင်းအားစုကျွေးမွေးပုံနဲ့ ပြုစုစောင့်ရှောက်ပုံအပေါ်လည်း မူတည်ပါတယ်။ တစ်ဧက စိုက်ပျိုးစရိတ်ကလည်း တစ်ယောက်နဲ့တစ်ယောက် မတူညီနိုင်ပါဘူး။ တချို့ကျတော့ မိသားစုဝင်များတော့ ကိုယ့်လယ်ကို ကိုယ်တိုင်စိုက်ပျိုးကြတယ်။ လုပ်သားစရိတ်မကုန်ကျတာမျိုးလည်း ရှိနိုင်ပါတယ်။ ရွှေဘိုပေါ်ဆန်း စိုက်တယ်ဆိုရင် အဓိကကတော့ မျိုးကောင်းမျိုးသန့် ရရှိဖို့ပါပဲ။ နောက်တစ်ခု သတိထားရတာကတော့ပိုးမွှားရောဂါကျရောက်မှုပါပဲ။ တခြားသီးနှံတွေထက်စာရင် ပိုးမွှားကြိုက်တတ်တဲ့ သီးနှံမို့လို့ပါ။ ကြွက်တို့၊ ဆစ်ပိုးတို့ ကိုက်တတ်တယ်။ စိုက်ပျိုးတဲ့အခါမှာ အဲဒီအချက်လေးတွေကို သတိထားရပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

ရွှေဘိုနယ်မှစိုက်ပျိုးထွက်ရှိသော ပေါ်ဆန်းဘေးကြားများကို ကုန်သည်/စက်ပိုင်များမှ တစ်ဆင့် ရန်ကုန်မြို့နှင့် အခြားဒေသများသို့ တင်ပို့ရောင်းချနေပြီး စပါးဈေးနှုန်းအနေဖြင့် စပါးတင်း ၁၀၀ လျှင် ကျပ် ၁၀ သိန်းနှင့်အထက် ရရှိနေကြောင်း ရွှေဘိုဒေသခံ စပါးစိုက်ပျိုးသူများထံမှ သိရသည်။

**နန်းထက်ထက်ချစ်**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**❐ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြု သင်တန်း (၃/၂၀၂၂) ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇန်နဝါရီ ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆) ပတ်ကြာ သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ သင်တန်းအပတ်စဉ် (၃/ ၂၀၂၂) အား (၁၀-၁-၂၀၂၂)ရက်နေ့မှ (၁၈-၂-၂၀၂၂) ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များ အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း၀၁-၅၃၆၂၈၀
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊
  ဖုန်း၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊
  ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှောင်မြို့၊
  ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့၊
  ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# ကသာမြို့ ရောဝတီမြစ်ကမ်းတစ်လျှောက် သာယာလှပရေးအတွက် အလှဆင်မီးလုံးများတပ်ဆင်

**ကသာ ဇန်နဝါရီ ၆**

ကသာမြို့ ရောဝတီမြစ်ကမ်းတစ်လျှောက်၌ တည်ဆောက်ထားသော လက်ရန်းတန်းများပေါ်တွင် အလှဆင်မီးလုံးများကို စေတနာရှင် အလှူရှင်များ ပူးပေါင်း၍ တပ်ဆင်ပေးနေပြီး ဆိပ်ကမ်းသန့်ရှင်းသာယာလှပရေးလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိသည်။

မြစ်ကမ်းတစ်လျှောက်မှ လက်ရန်းတန်းများပေါ်တွင် ၂၄ ဝပ် လျှပ်စစ်မီးလုံးများကို အလှူရှင်တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ထောက်ပံ့လှူဒါန်း တပ်ဆင်လျက်ရှိပြီး အလှူရှင်အချို့က လက်ရန်းတန်းများလှပအောင် ဆေးသုတ်လှူဒါန်းခြင်းများလည်းရှိကြောင်း၊ လက်ရှိအချိန်တွင် လျှပ်စစ်မီး ၁၁၆ လုံး တပ်ဆင်ပြီးဖြစ်ကာ ဆက်လက်၍ လက်ရန်းတန်း ပေ ၂၀၀ ခန့်တွင် တပ်ဆင်ရန်ကျန်ရှိကြောင်းနှင့် ကျန်ရှိနေသောနေရာများတွင် စည်ပင်သာယာရေးအဖွဲ့က တပ်ဆင်ပေးမည်ဟု သတင်းကြားရကြောင်း မီးလုံးတပ်ဆင်ပေးနေသူတစ်ဦးက ပြောသည်။

**စုပေါင်းလှူဒါန်း**

ကသာမြို့တွင် ရောဝတီမြစ်ကမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးအတွက် လက်ရန်းတန်းများပေါ်တွင် လျှပ်စစ်မီးလုံးများ၊ အားကစားကိရိယာများ တပ်ဆင်ခြင်းထားခြင်း၊ ရောဝတီမြစ်အတွင်းသို့ အဆင်းအတက်လှေကားများနှင့် နားနေရန်ထိုင်ခုံများ ပြုလုပ်ခြင်းတို့ကို တစ်ဦးချင်းနှင့် အများစုပေါင်း၍ လှူဒါန်းပြုလုပ်ပေးထားသည်။ လက်ရှိတွင် လျှပ်စစ်မီးလုံး ၁၁၆ လုံး တပ်ဆင်ထားခြင်းအတွက် လျှပ်စစ်ဓာတ်အားသုံးစွဲခ တစ်လလျှင် ပျမ်းမျှ ကျပ် ၁၃၀၀၀၀ ခန့်ကို စည်ပင်သာယာရေးအဖွဲ့က ပေးသွင်းနေသည်ဟုလည်း သိရသည်။

**ငွေအိုး(ကသာ)**

## တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေး၊ အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၆

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ် အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် သထုံမြို့ သာယာကုန်းကျောင်းတိုက်၊ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ မြို့မပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁၀) ရပ်ကွက်ရှိ ဓမ္မစကြာကျောင်းတိုက်၊ တိုက်ကြီးမြို့နယ် ရွှေမြယာကျေးရွာရှိ ရွှေမြယာကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ မစိုးရိမ်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဓမ္မလင်္ကာရကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မ အလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

### မော်လမြိုင်မြို့ ခုတင် (၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးရှိ [၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လ] အတွက် ဆေးဝါးရန်ပုံငွေမှ ဆေးဝါးများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ [၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆)လ] အတွက် ဆေးဝါးရန်ပုံငွေဖြင့် မော်လမြိုင်မြို့ ခုတင် (၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးရုံတက်ရောက်ကုသနေသော လူနာများအတွက် FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ (Basic Consumable)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

| | | |
|---|---|---|
| လျှောက်လွှာများရောင်းချမည့်ရက် | - | ၆-၁-၂၀၂၂ရက် (ကြာသပတေးနေ့) (ရုံးချိန်အတွင်း) |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - | ၂၇-၁-၂၀၂၂ရက် (ကြာသပတေးနေ့) (ညနေ ၄:၃၀ နာရီ) |

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်း၌ လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**အထွေထွေရောဂါကုဆေးရုံကြီး-မော်လမြိုင်မြို့**
**ဖုန်း-၀၅၇-၂၄၈၃၉၊ ၀၅၇-၂၅၇၁၇**

### ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

### စက်မှုဝန်ကြီးဌာန အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း အမှတ်(၁၆)အကြီးစားစက်ရုံ(ဆင်တဲ)ရှိ အသုံးမလိုတော့သည့် ပစ္စည်းများရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိအမှတ်(၁၆)အကြီးစားစက်ရုံ(ဆင်တဲ)ရှိ အသုံးမလိုတော့သည့် ကုန်ကြမ်းပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ Auxillary ပစ္စည်းများ ဆေးနှင့်စက်ဆီချောဆီများအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်၍ သက်ဆိုင်ရာစက်ရုံသို့ သွားရောက်ကြည့်ရှုပြီး ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၁၁-၁-၂၀၂၂ရက် (ရုံးချိန်အတွင်း) |
| ၃။ | တင်ဒါပိတ်ရက် | - | ၃၁-၁-၂၀၂၂ရက်(တနင်္လာနေ့) ညနေ ၄နာရီ |
| ၄။ | တင်ဒါတင်သွင်းရမည့်နေရာ | - | စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၀)၊ နေပြည်တော် |
| ၅။ | ဆက်သွယ်ရမည့် ဖုန်း | - | ၀၆၇-၃၄၀၅၃၂၃ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅/သာဇီအနောက်၊ ဦးပိုင်အမှတ် (၅၉ဆ)၊ ရေိယာ ၀ဒသမ၀၇၃ဧကရှိ ဦးတင်အေး၊ ဒေါ်ခင်ဝင်းအေး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးကျော်ခိုင် (ဘီလစ်) ၉/ပမန(နိုင်)၀၄၁၉၉၃နှင့် ပျဉ်းမနားမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် (၅၆/၂၀၂၀)တွင် ချမှတ်သောအနိုင်ဒီကရီ၊ နိုင်ငံသားစိစစ်ရေး ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်အေးသန္တာကျော် ၇/ရတရ(နိုင်)၁၁၀၉၇၄နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများ နှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မန္တလေးတပ်နယ်အတွင်းရှိ မွေးကင်းစမှ အသက် တစ်နှစ်ခွဲအောက် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေး

နေပြည်တော် ဇန်နဝါရီ ၆

မန္တလေးတပ်နယ်အတွင်းရှိ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအောက်ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးခြင်းကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မိုးလုံလေလုံအားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကလေးငယ်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။



အဆိုပါမွေးကင်းစမှ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်းများ ဆောင်ရွက်ရာတွင် နယ်မြေခံဆေးတပ်ရင်းမှ ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက ကလေးငယ် ၃၀၇ ဦးတို့ကို ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ် ကာကွယ်ဆေးနှင့် ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေး၊ ပိုလီယိုရောဂါကာကွယ်ဆေး၊ အသည်းရောင် အသားဝါရောဂါကာကွယ်ဆေးနှင့် ငါးမျိုးစပ် ကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မစိုးရိမ်အနောက်၊ ဦးပိုင်အမှတ် (၇၂ခ)၊ ရေိယာ ၀ဒသမ၀၇၆ဧကရှိ ဦးခင်မောင်တင့်(ဇနီး) ဒေါ်ခင်စိန် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်တိုးတိုး ၉/ပမန(နိုင်)၁၂၂၈၇၅မှ အရောင်းအဝယ်စာချုပ်အမှတ် (၁၄/၁၉၈၁) မိတ္တူမှန်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၇၀/၂၀၂၁)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ဒေါ်နန်းခင်သိန်းရီ ၁၃/သပန(နိုင်)၀၅၁၆၉၀ တရားဝင်လက်ရှိထားပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅(သစ်ထည်)၊ မြေကွက်အမှတ်-၃၀ (အလျားပေ ၆၀x အနံပေ ၆၀)၊ ဧရိယာ စတုရန်းပေ ၃၆၀၀၊ နှစ် ၆၀ မြေငှားဂရန်ဟုခေါ်တွင်သော မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ် ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုစာမှတ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မော်မော်ခင်**
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၃၆)
တိုက် (၂၅၅)၊ အခန်း (၅)၊ ရန်အောင်လမ်းသွယ် (၇)၊ (၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဇန်နဝါရီ ၆

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၅၂၆ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၈၇၇ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်၌ ဒေသခံပြည်သူ ၁၁၂၅ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၅၆၃၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၂၄၆၃ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၃၅၇ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံ ပြည်သူ ၈၄၂၀၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နှင့် ထန်းတပင်မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၀၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန္နီမြို့နယ်ရှိ ကျောင်းသား ကျောင်းသူ ၁၆၀၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၀၀၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။



ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

သတင်းစဉ်

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ စွယ်တော်လမ်း၊ မြေကွက်အမှတ်(၁၀၂၁)ဟုခေါ်တွင်သော အလျား ၄၁ x အနံ ၆၀ ပေ စတုရန်း ၂၄၆၀' ရှိ မြို့/မြေစာရင်းတွင် ဒေါ်ခင်ရီ O/RGN-၀၀၀၄၈၀ အမည်ပေါက်လျက်ရှိပြီး ဒေါ်ခင်ရီထံမှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ငွေငွေဝင်း ၁၂/ဥကတ(နိုင်) ၀၁၇၆၇၁ထံမှ ကျွန်ုပ်က ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက မြေကွက်အရောင်းအဝယ်ကို တရားဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နုနုစိန်(ခ)နုနုသင်း ၁/မကတ(နိုင်) ၀၁၅၅၆၇**
**ဖုန်း-၀၉-၄၀၆၇၇၈၇၂၆၊ ၀၉-၄၂၅၇၃၈၇၅၄**

### ပါမစ်မြေ အရောင်းအဝယ် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃၈) ရပ်ကွက်၊ ပါမစ်မြေကွက်အမှတ်(၅၆၉)၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ဒေါ်မြင့်မြင့်(F/RGN 003941) အမည်ပေါက် ပါမစ်မြေကွက်ကို ဆက်စပ်စာချုပ်များဖြင့်တစ်ဆင့်ဝယ်ယူထားသူ ဒေါ်ရင်နု ၁၄/သပန(နိုင်)၀၂၅၉၄၁မှလက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန် မြေအရောင်းတန်ဖိုးငွေ၏ စရန်ငွေတစ်ချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်အခွင့်အရေးရှိသူမှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဦးရဲမြတ်နောင်(LL.B)**
အထက်တန်းရှေ့နေ(စဉ်-၃၆၄၁၈)
အမှတ်(၁၈၅)၊ လမ်း(၅၀)အထက်၊ ၇လွှာ(ဝဲ)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၉၅၆၂၀၁၇၃၊ ၀၉-၉၈၃၁၂၃၂၃၉

### သစ်ပင် နည်းလာ တို့ကမ္ဘာ လွန်စွာ ပူအေး ဥတုဘေး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ယွန်းပညာကောလိပ်(ပုဂံ)၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၊ တိုင်းဒေသကြီး/ ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနများနှင့် ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်း | ပညာအရည်အချင်း | လစ်လပ်နေရာ |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | B.E(EP) ၊ B.E(Mech) B.Com ၊ B.Sc(IC)၊ B.A(English) | ၁၀ |
| (ခ) | နည်းပြ(ယွန်း) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | M.A(Myanmar)၊ M.A(English)၊ M.Sc(Maths)၊ M.A(Geography)၊ M.Com၊ MBA၊ M.Econ(Economic)၊ M.Econ(Statistics)၊ M.C.Sc၊ M.C(Tech)၊ M.Act (သို့မဟုတ်) သမဝါယမနှင့်စီမံခန့်ခွဲမှုပညာ တက္ကသိုလ်များမှ M.AF(Master of Accounting and Finance)၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာ တက္ကသိုလ်များမှ M.SEM (Master of Social Enterprise Management) (သို့မဟုတ်) MPA | ၁၂ |
| (ဂ) | နည်းပြ (ရက်ကန်း) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | B.E(Textile) | ၈ |
| (ဃ) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ဘွဲ့တစ်ခုခုရရှိသူ | ၂၃ |
| (င) | ဒုလ/ထကွန်ပျူတာ လုပ်ဆောင်ရေးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | B.C.Sc (သို့မဟုတ်) ဘွဲ့တစ်ခုခုနှင့် ကွန်ပျူတာဒီပလိုမာရရှိသူ | ၂ |
| (စ) | သုတေသနလ/ထ-၄ (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | B.Sc(IC) ၊ B.Sc(Chemistry) (သို့မဟုတ်) ဓာတုဗေဒဆိုင်ရာ ဘွဲ့တစ်ခုခုနှင့် Dip in Food Technology ရရှိသူ | ၁၇ |
| (ဆ) | စက်မှုကျွမ်းကျင်-၄ (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | အင်ဂျင်နီယာဒီပလိုမာ/ စက်မှုသင်တန်းကျောင်းဆင်းများ/ THS ကျောင်းဆင်းများ | ၂၃ |
| (ဇ) | လ/ထနည်းပြ (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ဘွဲ့တစ်ခုခုနှင့် ရက်ကန်းကျောင်းဆင်း | ၈ |
| (ဈ) | ယာဉ်မောင်း-၅ (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | မူလတန်းအဆင့်ရှိသူ (ယာဉ်မောင်းလိုင်စင်"ခ"ရှိသူ) | ၂ |
| (ည) | လုံခြုံရေး-၅ (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | မူလတန်းအဆင့်ရှိသူ | ၂ |
| (ဋ) | ရုံးအကူ/စာပို့ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | အခြေခံပညာအထက်တန်းအဆင့် | ၁၅ |
| (ဌ) | သန့်ရှင်းရေးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | မူလတန်းအဆင့်ရှိသူ | ၃ |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အမှတ်စဉ်(က) မှ (ဇ) ပါရာထူးနေရာများအတွက် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်သူ၊ လက်ရှိဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဃ) အမှတ်စဉ်(က) မှ (ဂ)ပါ ရာထူးများအတွက် ဌာနတွင် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။
(င) အမှတ်စဉ် (ဃ) မှ (ဌ) ပါရာထူးများအတွက် ဌာနတွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။

၃။ လျှောက်လွှာများကို ကိုယ်တိုင်ရေးလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-
(က) တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်၊ ဘွဲ့နှင့် ဒီပလိုမာလက်မှတ်မိတ္တူ၊ ဘွဲ့မရရှိသူများအတွက် ကျောင်းထွက်လက်မှတ်မိတ္တူ
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဂ) (၃)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ
(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် လျှောက်ထားသည့် ကြိုတင်လျှောက်လွှာ မိတ္တူ(၁)စောင်
(င) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းကို သက်ဆိုင်ရာ မြို့နယ်/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်း၊ သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ထောက်ခံချက်မူရင်း (လွန်ခဲ့သော(၁)လအတွင်း)

၄။ လျှောက်လွှာများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၆)၊ နေပြည်တော်သို့လည်းကောင်း၊ ယွန်းပညာကောလိပ်(ပုဂံ)၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနများသို့လည်းကောင်း (၂၈.၁.၂၀၂၂) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၅။ လျှောက်ထားသူများမှ အပိုဒ် ၁။ အမှတ်စဉ် (က) မှ (ဇ) ရာထူးနေရာများအတွက် အရည်အချင်းပြည့်မီသူများအား ရေးဖြေ(မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်)နှင့် လူတွေ့စစ်ဆေးခြင်းကိုလည်းကောင်း၊ ကျန်ရာထူးနေရာများအတွက် လူတွေ့နှင့် လက်တွေ့စစ်ဆေးခြင်းကိုလည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရုံးချုပ်(နေပြည်တော်)၊ ရုံးအမှတ်(၁၆)၊ ယွန်းပညာကောလိပ် (ပုဂံ)၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနများတွင် ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုမည့်နေ့ရက်အား ကြိုတင်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၆။ ရေးဖြေ/လူတွေ့စစ်ဆေးချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ ဘွဲ့နှင့် ဒီပလိုမာလက်မှတ်၊ အလုပ်သမားမှတ်ပုံတင်စသည့် အထောက်အထားမူရင်းများ တင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ရုံးချုပ်) နေပြည်တော် ဖုန်း -၀၆၇-၃၄၁၀၃၇၀၊ ၀၆၇- ၃၄၁၀၀၅၀၊ ၀၆၇- ၃၄၁၀၃၉၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

## သမဝါယမကောလိပ်(ဖောင်ကြီး)နေ့သင်တန်းအား (၃-၂-၂၀၂၂)ရက်တွင် စတင်ဖွင့်လှစ်မည်
## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## သမဝါယမဦးစီးဌာန
## ကြေညာချက်
## သမဝါယမကောလိပ်(ဖောင်ကြီး)နေ့သင်တန်း ဖွင့်လှစ်ခြင်း

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမ ဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ သမဝါယမကောလိပ်(ဖောင်ကြီး)တွင် ပထမနှစ် သင်တန်းအား ၃-၂-၂၀၂၂ရက်၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**သမဝါယမဦးစီးဌာန**

## သမဝါယမသင်တန်းကျောင်း(တောင်ကြီး)
## လက်မှတ်ရစာရင်းရေး၊ စာရင်းကိုင်နှင့် စာရင်းကိုင်ကွန်ပျူတာသင်တန်း
## (၁၀-၁-၂၀၂၂)ရက်မှ (၂၂-၄-၂၀၂၂)ရက်ထိ

| သင်ကြားမည့်ဘာသာရပ် | သင်တန်းတက်ရောက်နိုင်သည့် ပညာအရည်အချင်း၊ |
|---|---|
| Book-Keeping and Accountancy | အခြေခံပညာအထက်တန်းနှင့် အဆင့်ရှိသူများ၊ |
| Advanced Accountancy | တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ |
| Co-operative Accountancy | တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ |
| Computer Basic Course | ဘွဲ့ကြို/ဘွဲ့ရများ တက်ရောက်နိုင်ပါသည်။ |
| Computerized Accounting (MYOB) | |

ကျောင်းအပ်လက်ခံပြီ

သင်တန်းကြေး-၂၀၀၀၀/- (နှစ်သောင်းကျပ်)

ရှမ်းပြည်နယ်သမဝါယမသင်တန်းကျောင်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမ (ဗွန်စတိုးရှေ့)၊ တောင်ကြီးမြို့
ဖုန်း-၀၈၁-၂၁၂၃၂၀ (ရုံး)၊ ၀၉-၄၂၅၂၈၈၇၃၅ (ကျောင်းအုပ်)

## သမဝါယမသင်တန်းကျောင်း(မကွေး)
## လက်မှတ်ရစာရင်းရေး၊ စာရင်းကိုင်နှင့် စာရင်းကိုင်ကွန်ပျူတာသင်တန်း
## (၁၀-၁-၂၀၂၂)ရက်မှ (၂၂-၄-၂၀၂၂)ရက်ထိ

| သင်ကြားမည့်ဘာသာရပ် | သင်တန်းတက်ရောက်နိုင်သည့် ပညာအရည်အချင်း |
|---|---|
| Book-Keeping and Accountancy | အခြေခံပညာအထက်တန်းနှင့် အဆင့်ရှိသူများ၊ |
| Advanced Accountancy | တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ |
| Co-operative Accountancy | တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ |
| Computer Basic Course | ဘွဲ့ကြို/ဘွဲ့ရများ တက်ရောက်နိုင်ပါသည်။ |
| Computerized Accounting (MYOB) | |

ကျောင်းအပ်လက်ခံပြီ

သင်တန်းကြေး-၂၀၀၀၀/- (နှစ်သောင်းကျပ်)

နယ်ဝေးမှ တက်ရောက်လိုသူများ အဆောင်စီစဉ်ပေးမည်။
(အောင်မေတ္တာ (ဃ)ရပ်ကွက်၊ မြင်ကင်းကျေးရွာအနီး၊ မကွေးမြို့)
ဖုန်း-၀၆၃-၂၀၂၃၁၅

## သမဝါယမသင်တန်းကျောင်း(မော်လမြိုင်)
## လက်မှတ်ရစာရင်းရေး၊ စာရင်းကိုင်နှင့် စာရင်းကိုင်ကွန်ပျူတာသင်တန်း
## (၁၀-၁-၂၀၂၂)ရက်မှ (၂၂-၄-၂၀၂၂)ရက်ထိ

| သင်ကြားမည့်ဘာသာရပ် | သင်တန်းတက်ရောက်နိုင်သည့် ပညာအရည်အချင်း၊ |
|---|---|
| Book-Keeping and Accountancy | အခြေခံပညာအထက်တန်းနှင့် အဆင့်ရှိသူများ၊ |
| Advanced Accountancy | တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ |
| Co-operative Accountancy | တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ |
| Computer Basic Course | ဘွဲ့ကြို/ဘွဲ့ရများ တက်ရောက်နိုင်ပါသည်။ |
| Computerized Accounting (MYOB) | |

ကျောင်းအပ်လက်ခံပြီ

သင်တန်းကြေး-၂၀၀၀၀/- (နှစ်သောင်းကျပ်)

နယ်ဝေးမှ တက်ရောက်လိုသူများ နေထိုင်ရေးအခမဲ့ စီစဉ်ပေးမည်။
(အရာတော်လမ်း၊ ဘိုကုန်းရပ်၊ သံလွင်ဥယျာဉ်အနီး)၊ မော်လမြိုင်မြို့
ဖုန်း-၀၅၇-၂၀၂၇၀၇၈၊ ၀၉-၇၉၆၇၆၂၀၀၁

## သမဝါယမသင်တန်းကျောင်း(ပုသိမ်)
## လက်မှတ်ရစာရင်းရေး၊ စာရင်းကိုင်နှင့် စာရင်းကိုင်ကွန်ပျူတာသင်တန်း
## (၁၀-၁-၂၀၂၂)ရက်မှ (၂၂-၄-၂၀၂၂)ရက်ထိ

| သင်ကြားမည့်ဘာသာရပ် | သင်တန်းတက်ရောက်နိုင်သည့် ပညာအရည်အချင်း |
|---|---|
| Book-Keeping and Accountancy | အခြေခံပညာအထက်တန်းနှင့် အဆင့်ရှိသူများ၊ |
| Advanced Accountancy | တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ |
| Co-operative Accountancy | တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ |
| Computer Basic Course | ဘွဲ့ကြို/ဘွဲ့ရများ တက်ရောက်နိုင်ပါသည်။ |
| Computerized Accounting (MYOB) | |

ကျောင်းအပ်လက်ခံပြီ

သင်တန်းကြေး-၂၀၀၀၀/- (နှစ်သောင်းကျပ်)

ဆက်သွယ်ရန်-သမဝါယမသင်တန်းကျောင်း၊ ပုသိမ်မြို့
(မြက်တိုလမ်းဆုံအနီး၊ ဖုန်း-၀၄၂-၂၉၀၀၃၊ ၀၉-၄၂၀၀၇၁၄၁၃)

## မိဘအမည်မှန်

တနိုင်းမြို့၊ အထက(၁) ကျောင်း၊ Grade-4(A)တန်းမှ မောင်ဇွဲမင်းသန့်၏ မိဘအမည်မှန်မှာ ဦးဇော်မိုင် ၁/တနန(နိုင်)၀၁၆၃၁၅ နှင့် ဒေါ်ဌေးဌေးစိန် ၁/မကတ(နိုင်) ၀၆၀၂၅၅ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ချောက်မြို့၊ ချောင်းတက်အုပ်စု၊ ထောက်ရှည်ကန်ကျေးရွာ အမက (၁၅၇) စတုတ္ထတန်းမှ မဖူးဖူးဝေနှင့် အထက(စလေ) ဒသမတန်းမှ မသီရိဝေတို့၏ မိခင် အမည်မှန်မှာ ဒေါ်မေသူခင် ၈/ပဖန(နိုင်) ၁၀၃၁၅၆ ဖြစ်ပါကြောင်း။

**ဒေါ်မေသူခင်**

## အထူးလိုက်လှဲဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

၂၀၂၂ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂)ဖြင့် ဦးအောင်မင်းကျော်သူ (ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA၊ ဒုတိယဥက္ကဋ္ဌ)အား **"သဒ္ဓမ္မဇောတိကဓဇ"** ဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလိုက်လှဲဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

**ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် အမှုဆောင်အဖွဲ့**
**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမအထွေထွေလျှောက်ထားမှုအမှတ်-၁

**ကွယ်လွန်သူ ဦးမောင်မောင်ဦး၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ အမရပူရမြို့နယ်၊ မုံတောကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးမောင်မောင်ဦး ကျန်ရစ်သည့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မုံတောကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၇၂-င/မုံတောမြောက်)၊ ဦးပိုင်အမှတ် (၅၉-က/၄)၊ ဧရိယာ ၀ဒသမ၂၆ဧကရှိ ဥယျာဉ်မြေနှင့် ဦးပိုင်အမှတ် (၆၀/၂)၊ ဧရိယာ ၀ဒသမ၉၄ဧကရှိ ဥယျာဉ်မြေများအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်စန်းရီက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၇ ရက်(၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ရက်)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးမောင်မောင်ဦး၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၁၇ရက် (၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန်အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်စန်းရီ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ် လိမ့်မည်။

၂၀၂၂ခုနှစ်၊ ဇန်နဝါရီ ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်ခင်ထွေး)
တွဲဖက်ခရိုင်တရားသူကြီး(၂)
မန္တလေးခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဒက္ခိဏခရိုင်တရားရုံးတော်
## ၂၀၂၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၇

နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် (ယခင်နေပြည်တော်စည်ပင်ဘဏ်လီမိတက်) (ယင်းကိုယ်စား လက်ထောက်မန်နေဂျာ ဒေါ်မေသင်းခိုင်) **နှင့်** ၁။ ဦးဇေယျာကျော် ၂။ ဒေါ်သန္တာထွန်း

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သုဓမ္မာလမ်း၊ မြေကွက်အမှတ်(၁၁၄/ဆ+၁၁၄/C)(၁) တရားပြိုင် ဦးဇေယျာကျော်၊ (၂) တရားပြိုင် ဒေါ်သန္တာထွန်း(ယခုနေရပ်လိပ်စာ မသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပိုင်ဆိုင်မှုစာချုပ်စာတမ်းများအပ်နှံ၍ ပေါင်နှံမှု၌ အပေါင်ပစ္စည်းအားရောင်းချပေးစေလိုမှု လျှောက်ထားစွဲဆို သည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၄ရက်(၁၃၈၃ခုနှစ် တပို့တွဲလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မောင်မောင်သက်လွင်)
ဒုတိယခရိုင်တရားသူကြီး(၂)
ဒက္ခိဏခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပ ရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၃၁၇၇၂)၏ မြေငှားစာချုပ်မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဒေါ်ခင်စိန်ဦး ၁၃/တကန(နိုင်)၀၆၆၆၈၇(ဘ)ဦးမြရှိန်မှ မြေငှားစာချုပ်မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ရပ်ကွက်အုပ် ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ပျောက်ဆုံးကြောင်းရဲစခန်းတိုင်ကြားစာမူရင်း၊ မြေငှားစာချုပ် မိတ္တူ၊ မှတ်ပုံတင်မိတ္တူနှင့် အိမ်ထောင်စုစာရင်းမိတ္တူ၊ မြေငှားဂရန်ခပေးသွင်းပြီး ပြေစာမိတ္တူများ တင်ပြပြီး နှစ်(၃၀)မြေငှားစာချုပ် မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ ရက် ၃၀ အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ပေးထားသည့် ပျောက်ဆုံးသွားသော နှစ်(၃၀)မြေငှားစာချုပ်မူရင်းကို ပယ်ဖျက်၍ နှစ်(၃၀)မြေငှားစာချုပ်မိတ္တူမှန်လျှောက်ထားလာမှုအားဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ဦးအောင်ထက်ထက် ၈/ပဖန (နိုင်) ၀၇၇၄၉၃၏သား စစ်တွေမြို့၊ အထက(၆) သတ္တမတန်း(A) မှ မောင်သက်ပိုင်ဟိန်းအား ကောင်းဆက်လင်းဟု ပြောင်းလဲခေါ်ပါရန်။

**ကောင်းဆက်လင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9J/6393 ယာဉ်လက်ဝယ်ရှိသူ Shwe Htun Co.Ltd. က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## အမြန်ဆက်သွယ်ပါရန်

ရမည်းသင်းမြို့၊ ကြည်တော်ကုန်း ရပ်ကွက်နေ ဦးသာအေး-ဒေါ်အုန်း တို့၏သား၊ ဦးလှမြင့်နှင့် ဦးညီညီသည် ဆွေမျိုးသားချင်းများနှင့် အဆက်အသွယ် ပြတ်နေပါသဖြင့် ဘိုးဘွား မိဘပိုင်အား ဆက်ခံနိုင်ရန် ၁၄ရက်အတွင်း အမြန်ဆက်သွယ်ပါရန်။

**ဒေါ်လှလှ**
**ဖုန်း-၀၉-၉၆၀၈၇၀၁၀၁၊ ၄၂၃၂၇၉၀၅၄**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 1D/5638 Toyota Harrier, S/W ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းအောင်မင်းထွန်း ၁၃/ကတန(နိုင်)၀၈၉၉၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ တစ်လအတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 63W/9672 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းလတ် ၇/တငန(နိုင်)၁၀၄၅၆၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(တောင်ငူ)**

သင့်စီးပွားရေး
လုပ်ငန်းများ
အောင်မြင်ဖို့
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာစို့

# အထူးလှိုက်လှဲဝမ်းမြောက်ကြောင်း ဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၂၊ ၁၃၈၃ ခုနှစ် ပြာသိုလဆန်း ၃ ရက် (ဇန်နဝါရီ ၄ ရက်၊ လွတ်လပ်ရေးနေ့)၄-၁-၂၀၂၂ ရက်တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဖြစ်တော်မူသော **"သဒ္ဓမ္မဇောတိကဓဇ"** ဘွဲ့တံဆိပ်တော်အား ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဖောင်တော်ဦး ပရိယတ္တိစာသင်တိုက်မှ **ဓမ္မနဒီဆရာတော် ဘဒ္ဒန္တဓမ္မသာမိ(ဂျိုးတောင်၊ ဝန်းသိုမြို့)**အား ဆက်ကပ်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း သက်ရှည်ကျန်းမာစိတ်ချမ်းသာစွာဖြင့် သာသနာ့အကျိုး၊ နိုင်ငံ့အကျိုးတို့ကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ ဂုဏ်ပြုအပ်ပါသည်။

**မန္တလေးတိုင်းဒေသကြီးရှိ ဒါယကာ၊ ဒါယိကာမများဖြစ်ကြသော**

**ဒေါ်နန်းခမ်းရွှေ**

**ဦးကျော်ဝေ-ဒေါ်စိန်ယုရင်**

**ဦးလှငွေ-ဒေါ်ရွှေရင်**

**ဦးခိုင်ဇော်ဆွေ-ဒေါ်သက်သက်လှိုင်**

**ဦးဇော်ဇော်လေး-ဒေါ်စမ်းစမ်းဌေး**

**ဦးလန်ဂျော်ဒန်-ဒေါ်စောနန်းထွေး**

## Request for Letter of Interest

**BAT Myanmar Limited**

Plot No. 55-56, Survey Ward No. 14

Shwe Than Lwin Industrial Zone

Hlaing Tharyar Township

Yangon, Myanmar

(the "Company")

Ref: Y21/BATMM/009

The Company request

**the** Letter of interest(LOI)

for the below Equipments

We are looking for **the interested buyers** for the following equipments & parts.

1. Quality Assurance Lab Equipment
2. IT related equipment
3. Factory equipment
4. Old Tobacco Machine & parts
5. Plastic Related Product
6. Printing Ink
7. Paper Related Products
8. Utilities equipment
9. Fire system
10. Water supply system
11. Refer container

If you are interested to participate the tender to purchase the above equipments & parts, please contact us and submit the LOI to the below emaill address by 14th Jan 2022

**BAT Myanmar Limited**

Plot No (55,56), Survey Ward No. (14),

Hlaing Tharyar Township, Yangon, Myanmar

Attn: mya_hnin_ei_pwint@bat.com

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/မာန်ပြေ၊ မြေကွက် အမှတ် ၅၂၈/ခ၊ ဧရိယာ (၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၅၂၈/ခ)၊ မာန်ပြေ(၁၂)လမ်းအရှေ့၊ (၃/မာန်ပြေ)ရပ်ကွက် သာကေတမြို့နယ်၊ ဦးသန်းလွင် (TGN-၀၇၆၉၄၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဖြစ်သူ ဦးသန်းလွင်(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်မြဝင်းကြည် ၁၂/သကတ(နိုင်)၀၃၂၉၂၀ထံမှ GP အမှတ် ၅၃၁၅/၂၀၂၁(၁၂-၇-၂၀၂၁)ရသူ ဒေါ်သင်းသင်းယု ၁၄/ဖပန(နိုင်)၀၀၁၄၃၀မှ ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွင်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ထီးတန်း(၄)လမ်း၊ တိုက်အမှတ်(၁၈)၊ (၅ လွှာ-A)၊ ခေါင်းရင်းဘက်အခြမ်း နေအိမ်တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ရွှေစင်ဝင်း ၈/တတက(နိုင်)၁၀၁၄၁၂ က တရားဝင်လက်ရှိ ထားပိုင်ဆိုင်လျက်ရှိပါကြောင်းနှင့် အရှုပ်အရှင်းတစ်စုံတစ်ရာမရှိဘဲ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်မ ဒေါ်သီတဂူခင်ဇော်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်း များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သီတဂူခင်ဇော် ၁၂/ကမတ(နိုင်)၀၆၅၄၉၈**
**အမှတ် ၂၀/(6/B)၊ ထီးတန်း(၅)လမ်း၊ ထီးတန်းစက်မြေရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းရပ်ကွက်၊ မှန်နီဇလုပ်တောင်၊ ကွင်းအမှတ်(၅၃၂)၊ ဦးပိုင်အမှတ်(C/၇)၊ သစ်ဆိမ့်ကုန်းတွင် တည်ရှိသော အလျား ၈၅ပေxအနံ ၁၁၆ပေမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ခင်ဖြူဖြူ ၁၂/စခန(နိုင်)၀၅၆၀၄၅၊ အမှတ်(၄၅၄)၊ ခရေလမ်း၊ ပုလဲ(၃)၊ မင်္ဂလာဒုံမြို့နယ် တွင်နေထိုင်သူမှ ၎င်းတစ်ဦးတည်းပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချခဲ့ခြင်းအပေါ် ကျွန်ုပ်မိတ်ဆွေများဖြစ်သည့် ဦးကျော်ဆန်း ၆/ရဖန(နိုင်)၀၂၅၂၆၁နှင့် ဒေါ်သန်းသန်းထွေး ၁၂/ကမတ(နိုင်)၀၀၂၃၇တို့မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၇၈၆၇)**
**အမှတ် ၆၄၈၊ ဦးပုည(၁)လမ်း၊ ၁၇ရပ်ကွက်၊**
**ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၅၄၁၂၅၆၇**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၃/ဆင်ခေါင်းလေး)နေ ဒေါ်ဒါရှီကော့ ၁/မညန(နိုင်)၀၇၀၇၈၁၏သား မောင်မျိုးမင်းအောင် ၁/မညန(နိုင်) ၁၈၇၉၂၄သည် မိဘ၏ဆိုဆုံးမမှုအား နာယူမှုမရှိဘဲ မိဘအားစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်သောကြောင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်မောင်မျိုးမင်းအောင်နှင့်ပတ်သက်သော ကိစ္စအဝဝများအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဒါရှီကော့ ၁/မညန(နိုင်)၀၇၀၇၈၁**
**ရပ်ကွက်ကြီး(၁၃/ဆင်ခေါင်းလေး)၊ ပြင်ဦးလွင်မြို့**

## အိမ်ခြံမြေ အရောင်းအဝယ်အား ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စ/၉ မြေတိုင်း(၇)ရပ်ကွက်၊ ဦးအောင်ဇေယျလမ်း၊ မြေကွက်အမှတ်(၆၄/ခ)၊ မြေအကျယ်အဝန်းပေ (၂၀x၆၀)ရှိ ဦးဝင်းနိုင် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုတရားဝင်လက်ရှိပိုင်ဆိုင်ထားသူဖြစ်သော ဦးကျော်မိုးအေး ၁၂/ရပသ(နိုင်)၀၂၇၇၈၇ က တရားဝင် ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူတာဝန်ခံရောင်းချရာ ကျွန်တော် ဦးအောင်နွေဦး ၁၂/တမန(နိုင်)၀၉၇၁၁၇ မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်နွေဦး**
**အခန်းအမှတ်(၁-၅)၊ အင်းလေးဆောင်၊ လှိုင်တက္ကသိုလ်ဝင်း၊ လှိုင်မြို့နယ်**
**ဖုန်း-၀၉-၉၇၀၆၉၃၂၈၁၊ ၀၉-၇၈၂၉၉၆၉၈၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁/ကံဘဲ့၊ မြေကွက်အမှတ် ၃/၁၄/A၊ ဧရိယာ ၀ ဒသမ ၀၉၁ကေ၊ မြေအမျိုးအစားနှစ်(၆၀)မြေငှားဂရန် မြေကွက်တည်နေရာအမှတ် ၃၆/က-၁၊ ကံ့ကော်မြိုင်လမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ် အမည်ပေါက် ဗိုလ်မှူးကြီးစံသာ(ငြိမ်း)၁၂/ရကန(နိုင်)၀၆၅၁၉၉ မြေကွက်အား ဗိုလ်မှူးကြီးစံသာ(ငြိမ်း) (ဖခင်)သည် ၉-၆-၂၀၂၁ရက်တွင် လည်းကောင်း၊ ဒေါ်ခင်ရီ(မိခင်)သည် ၁-၈-၁၉၈၉ ရက်တွင်လည်းကောင်း ကွယ်လွန်ခဲ့ကြပြီး သားသမီးများအနက် ဦးဝင်းသာထူး(အမည်ပေါက်၏ သားတစ်ဦးဖြစ်သူ) ၁၉-၁-၂၀၀၈ရက်တွင် လည်းကောင်း ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်နွယ်နွယ်စိုးမှ အမည်ပေါက်၏ သားသမီးများဖြစ်ကြသော ဒေါ်မေဦးခင်၊ ဒေါ်ခင်မိုးကြူတို့နှင့်အတူ နှစ်(၆၀)ဂရန်၊ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ၊ သေဆုံးမှုလက်မှတ်တို့ တင်ပြ၍ ဒေါ်မေဦးခင် ၁၂/ရကန(နိုင်)၀၃၀၂၄၉၊ ဒေါ်နွယ်နွယ်စိုး ၁၂/ပဘတ(နိုင်)၀၁၀၁၉၃၊ ဒေါ်ခင်မိုးကြူ ၁၂/ဒဂန(နိုင်)၀၀၄၆၉၂တို့က ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ၁၄ရပ်ကွက်၊ အမှတ် ၁၉၊ မင်းရဲကျော်စွာလမ်းနေ ဦးအောင်ဆန်းဝင်း ၁၂/တမန(နိုင်)၀၃၃၁၆၆၊ ဒေါ်ချစ်ပိုပို ၁၂/ရကန(နိုင်) ၀၄၆၄၅၁တို့၏သား မောင်ထိန်ဆန်းမောင် ၁၂/ရကန(နိုင်)၀၈၁၅၈၈သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဆန်းဝင်း-ဒေါ်ချစ်ပိုပို**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4K/9157 အမည်ပေါက် ဒေါ်ရှုလွမ်း ၇/ရကန(နိုင်)၀၃၅၂၀၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၁/ကံဘဲ့၊ မြေကွက်အမှတ် ၃/၁၄/E၊ ဧရိယာ ၀ ဒသမ ၁၀၆ ကေ၊ မြေအမျိုးအစား နှစ်(၆၀)မြေငှားဂရန်၊ မြေကွက်တည်နေရာ အမှတ် ၃၆/က-၅၊ ကံ့ကော်မြိုင်လမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ အမည်ပေါက် ဗိုလ်မှူးကြီးစံသာ(ငြိမ်း) ၁၂/ရကန(နိုင်) ၀၆၅၁၉၉ မြေကွက်အား ဗိုလ်မှူးကြီး စံသာ(ငြိမ်း)ဖခင်သည် ၉-၆-၂၀၂၁ ရက်တွင် လည်းကောင်း၊ ဒေါ်ခင်ရီ(မိခင်)သည် ၁-၈-၁၉၈၉ ရက်တွင်လည်းကောင်း ကွယ်လွန်ခဲ့ကြပြီး သားသမီးများအနက် ဦးဝင်းသာထူး (အမည်ပေါက်၏သားတစ်ဦးဖြစ်သူ) ၁၉-၁-၂၀၀၈ ရက်တွင်လည်းကောင်း ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်နွယ်နွယ်စိုးမှ အမည်ပေါက်၏ သားသမီးများဖြစ်ကြသော ဒေါ်မေဦးခင်၊ ဒေါ်ခင်မိုးကြူတို့နှင့်အတူ နှစ်(၆၀)ဂရန်၊ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ၊ သေဆုံးမှုလက်မှတ်တို့ တင်ပြ၍ ဒေါ်မေဦးခင် ၁၂/ရကန(နိုင်) ၀၃၀၂၄၉၊ ဒေါ်နွယ်နွယ်စိုး ၁၂/ပဘတ(နိုင်) ၀၁၀၁၉၃၊ ဒေါ်ခင်မိုးကြူ ၁၂/ဒဂန(နိုင်) ၀၀၄၆၉၂ တို့က ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# လေယာဉ်မောင်းသင်တန်း အမှတ်စဉ် (၈၃) ကျောင်းဆင်း တောင်ပံအပ်နှင်းပွဲအခမ်းအနား ကျင်းပ

## အမျိုးသမီးတိုက်လေသူရဲများအဖြစ် လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ခြင်းသည် တပ်မတော်(လေ)အတွက်သာမက တပ်မတော်တစ်ရပ်လုံးအတွက်ပါ မှတ်တမ်းတင်ဂုဏ်ယူရမည်ဖြစ်

**နေပြည်တော် ဇန်နဝါရီ ၆**

တပ်မတော်(လေ)၏ လေယာဉ်မောင်းသင်တန်းအမှတ်စဉ် (၈၃) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး မောင်မောင်ကျော် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး တေဇကျော်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ ဗိုလ်ချုပ် မြင့်ကျော်ထွန်း၊ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မိတ္ထီလာတပ်နယ်မှ အရာရှိကြီး များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက စစ်ရေးပြကွင်းအတွင်း ချီတက်နေရာယူကြပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❖



ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော် တပ်မတော်(လေ)၏ လေယာဉ်မောင်းသင်တန်းအမှတ်စဉ် (၈၃) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲအခမ်းအနားတွင် ဗိုလ် ဒေါ်ဝါဝါမော်အား လေသူရဲတောင်ပံ အပ်နှင်းစဉ်။

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် နေ့သင်တန်းများ ယနေ့ စတင်ဖွင့်လှစ်

နေပြည်တော် ဇန်နဝါရီ ၆

**မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုထိန်းချုပ်လာနိုင်သည်နှင့်အမျှ ကျောင်းသား ကျောင်းသူများ သင်ယူမှု အဆက်မပြတ်စေရန်အတွက် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် နေ့သင်တန်းများကို ယနေ့ စတင်ဖွင့်လှစ်ခဲ့သည်။**



မြစ်ကြီးနားတက္ကသိုလ်၌ ပညာသင်ကြားနေစဉ်။

ထိုသို့ဖွင့်လှစ်ရာ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်များအတွက် ဥပဒေပညာစတုတ္ထနှစ် (ဒုတိယနှစ်ဝက်)၊ ပညာရေးစတုတ္ထနှစ် (ဒုတိယနှစ်ဝက်)၊ ဂုဏ်ထူးတန်း တတိယနှစ် (ပထမနှစ်ဝက်)၊ မဟာအရည် အချင်းစစ်သင်တန်း (ပထမနှစ်ဝက်)၊ မဟာဘွဲ့သင်တန်း ပထမနှစ်(ပထမနှစ်ဝက်)နှင့် မဟာဘွဲ့သင်တန်း ဒုတိယနှစ်(ပထမနှစ်ဝက်)ဘွဲ့ သင်တန်းများကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ကျောင်းသား ကျောင်းသူများ သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ယနေ့ သ တင်း အ ညွှန်း

**ဇန်နဝါရီ ၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉၂ ဦး တွေ့ရှိ**
ပြည်တွင်းသတင်း စာ - ၁၅

**ကျိုင်းတုံမြို့နယ် လွိုင်မွေကျေးရွာ၌ ချယ်ရီပန်းပွဲတော် ၂၀၂၂ ဖွင့်ပွဲကျင်းပ**
ပြည်တွင်းသတင်း စာ - ၁၆

**တရားမဝင် ကုန်ပစ္စည်းများ ဖမ်းဆီးရမိ**
ပြည်တွင်းသတင်း စာ - ၁၇